# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | လပွတ္တာမြို့၊ ကုန်သွယ်လမ်း၊ (၅)ရပ်ကွက် ဦးပိုင်အမှတ်(၁၃၀) မြေနေရာအား စာရေးဆရာကြီး မောင်ထင်၏ စာကြည့်တိုက် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများကို ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဆေးတက္ကသိုလ်များအပါအဝင် အခြားအမှတ်မီသော တက္ကသိုလ်များတွင် ဝင်ခွင့်ရစာရင်း အတိုင်း ကျောင်းမအပ်ဘဲ လစ်လပ်သွားသော အရေအတွက်နေရာတွင် လက်ခံခြင်း ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၆ |
| ၇ | ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီ တက္ကသိုလ် ဝင်တန်းစာစစ်ဌာန ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | မင်းဘူး(စကု)မြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းနှင့် စကုမြို့ရှိ မြို့မအားကစားကွင်းတို့အား ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ပြုလုပ်ပေးပါရန်နှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | နန်းယွန်းမြို့နယ်တွင် မြို့နယ်အားကစားကွင်းအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၁၀ | သိုင်းချောင်း-ဆင်ပုတ်အုပ်စုချင်းဆက်လမ်း၌ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည်မည်မျှအတွက် ငွေမည်မျှသုံးစွဲ၍ ကျောက်ချောလမ်း ခင်းရန်ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းတွင် လုပ်ငန်းအပ်နှံ သည့်အခါ | ၁၇ |

ကုမ္ပဏီများကို မည်ကဲ့သို့စာချုပ်စည်းကမ်းများဖြင့် လုပ်ငန်း အပ်နှံခဲ့သည်ကိုသိလိုခြင်း၊ ၎င်းလမ်းများသည် ပျက်စီးနေသည်ဖြစ်၍ ကုမ္ပဏီများကိုအရေးယူရန်ရှိ/မရှိနှင့် ၎င်းလမ်းအား ကောင်းမွန်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း

၁၁ ချောင်းမ-ကနီကားလမ်းအား လမ်းဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ရန် တိုးချဲ့ဖောက်လုပ်ခဲ့မှုနှင့် လမ်းမြေဧရိယာများ ထပ်မံတိုးချဲ့ သတ်မှတ်ခဲ့မှုများတွင် လျော်ကြေး၊ နစ်နာကြေးများ ပေးလျော်နိုင်ရန် ဆောင်ရွက်ပေးခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၁

၁၂ ပွင့်ဖြူမြို့နယ်၊ မင်းဘူး-စလင်းကားလမ်းမပေါ်ရှိ အန္တရာယ်ကွေ့များအား အန္တရာယ်ကင်းရှင်းအောင် ဖြောင့်တန်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၃

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၂၆

၁၄ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း ၄၅

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ၄၆

၁၆ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၆၄

၁၇ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က ဆွေးနွေးခြင်း ၆၄

၁၈ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၆၇

၁၉ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို ဦးမြင့်ကြည်၊ ကသာမဲဆန္ဒနယ်က ဆွေးနွေးခြင်း ၆၈

| | | |
|---|---|---|
| ၂၀ | ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၇၁ |
| ၂၁ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော် အတွင်း တည်ဆောက်ရေး လုပ်ငန်းများအား ခေတ်နှင့် လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၇၂ |
| ၂၂ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူ ခြင်း | ၈၃ |
| ၂၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၈၈ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၁-၁၂-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးအေးကြူ လပွတ္တာ မဲဆန္ဒနယ်၏ **လပွတ္တာမြို့၊ ကုန်သွယ်လမ်း၊ (၅)ရပ်ကွက် ဦးပိုင်အမှတ်(၁၃၀)မြေနေရာအား စာရေးဆရာကြီး မောင်ထင်၏ စာကြည့်တိုက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးတင်အောင်၊ ကျောက်ဆည် မဲဆန္ဒနယ်၏ **၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများကို ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များအပါအဝင် အခြားအမှတ် မီသောတက္ကသိုလ်များတွင် ဝင်ခွင့်ရစာရင်းအတိုင်း ကျောင်းမအပ်ဘဲ လစ်လပ်သွားသော အရေအတွက်နေရာတွင် လက်ခံနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်အမီ တက္ကသိုလ်ဝင်တန်းစာစစ်ဌာန ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းနှင့် စကုမြို့ရှိ မြို့မအားကစားကွင်းတို့အား ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ပြုလုပ်ပေးပါရန်နှင့် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးသွားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်တွင် မြို့နယ်အားကစားကွင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **သိုင်းချောင်း–ဆင်ပုတ်အုပ်စုချင်းဆက် လမ်း၌ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည် မည်မျှအတွက် ငွေမည်မျှသုံးစွဲ၍ ကျောက်ချောလမ်းခင်းရန် ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းတွင် လုပ်ငန်းအပ်နှံသည့်အခါ ကုမ္ပဏီများကို မည်ကဲ့သို့ စာချုပ်စည်းကမ်းများဖြင့် လုပ်ငန်း အပ်နှံခဲ့သည်ကို သိလိုခြင်း၊ ၎င်းလမ်းများသည် ပျက်စီးနေသည် ဖြစ်၍ ကုမ္ပဏီများကို အရေးယူရန် ရှိ၊ မရှိ နှင့် ၎င်းလမ်းအား ကောင်းမွန်အောင် မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ချောင်းမ– ကနီ ကားလမ်းအား လမ်းဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ရန် တိုးချဲ့ဖောက်လုပ်ခဲ့မှုနှင့်**

**လမ်းမြေဧရိယာများ ထပ်မံတိုးချဲ့သတ်မှတ်ခဲ့မှုများတွင် လျော်ကြေး၊ နစ်နာကြေးများ ပေးလျော်နိုင်ရန် ဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဓ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ပွင့်ဖြူမြို့နယ်၊ မင်းဘူး–စလင်း ကားလမ်းမပေါ်ရှိ အန္တရာယ်ကွေ့များအား အန္တရာယ်ကင်းရှင်းအောင် ဖြောင့်တန်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၃။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်အတွင်း တည်ဆောက်ရေး လုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

(ခ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ဃ) ဗိုလ်မှူးစိန်ထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(စ) ဦးသာအောင်၊ မြို့သစ် မဲဆန္ဒနယ်၊

၁၄။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**
**(၁၂)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊
(၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၅ ရက်၊
(၄) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၄ ရက်၊
(၅) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၁ ရက်၊
(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၄ ရက်၊
(၇) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊
(၈) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၂ ရက်၊
(၉) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊
(၁၀) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၄ ရက်၊
(၁၁) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊
(၁၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၃ ရက်၊
(၁၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၄ ရက်၊
(၁၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၁၆) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်၊
(၁၇) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၅ ရက်၊

(၁၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၉) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၂ ရက်၊

(၂၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၁) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၄ ရက်၊

(၂၂) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၄ ရက်၊

(၂၃) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၂၄) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၄ ရက်၊

(၂၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၂၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၂ ရက်၊

(၂၇) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၄ ရက်နှင့်

(၂၈) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**လပွတ္တာမြို့ ကုန်သွယ်လမ်း၊ (၅)ရပ်ကွက် ဦးပိုင်အမှတ်(၁၃၀) မြေနေရာအား စာရေးဆရာကြီး မောင်ထင်၏ စာကြည့်တိုက်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအေးကြူ(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့်ကိစ္စကတော့ လပွတ္တာမြို့သား ကွယ်လွန်သွားသူ နိုင်ငံကျော်စာရေးဆရာကြီး မောင်ထင်ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့သူမြို့သားများနှင့် စာပေဝါသနာရှင်များစုပေါင်း၍ မောင်ထင်စာကြည့်တိုက်ကို ၅-၁၁-၂၀၁၁ နေ့တွင် မြို့နယ်ကြက်ခြေနီရုံး အသင်းပိုင် အဆောက်အဦကို အကူအညီတောင်း၍ ယာယီဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါ ကြက်ခြေနီရုံး မှာလည်း သူ့လုပ်ငန်းများအတွက် ပစ္စည်းများထားရှိရန် လိုအပ်နေပါ၍ နေရာကို ပြန်လည်တောင်းယူနေပါတယ်။ စာကြည့်တိုက်ရေရှည်တည်တံ့စေရေးအတွက် စာကြည့်တိုက်မြေနေရာနှင့် အဆောက်အဦ ရရှိရန် လိုအပ်သည်ဖြစ်ရာ လပွတ္တာမြို့ ကုန်သည်လမ်းရှိ အစိုးရပိုင်မြေ ၁၁-၁-၂၀၁၄ ရက်နေ့က မီးလောင်မှုတွင် မီးလောင်မြေနေရာချထားရေးကော်မတီမှ လိုင်စင်သက်တမ်းကုန်နေသည့် နိုင်ငံခြားသားပိုင်မြေဖြစ်၍ ပြန်လည်နေရာချထားခြင်းမရှိသောမြေကို စာကြည့်တိုက်မြေနေရာအဖြစ် ခွင့်ပြုပေးပါရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က လျှောက်ထားပါတယ်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်၍ တိုင်းဒေသကြီးအစိုးရသို့ တင်ပြပြီး တိုင်းဒေသကြီးအစိုးရစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၂၁/၂၀၁၃)ဆုံးဖြတ်ချက် ၄၁ အရ မြေနေရာချထားခွင့်ပြုကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၄-၂-၂၀၁၄ ရက်နေ့တွင် စာအမှတ်၊ ၃/၅-၅၀ ဦး(၁)ဖြင့် အကြောင်းပြန်ကြားခဲ့ပါတယ်။ သို့သော် ယခု မီးမလောင်ခင်က နေထိုင်သူက ကန့်ကွက်၍ တိုင်းဒေသကြီးအစိုးရမှ ခရိုင်အုပ်ချုပ်ရေးမှူးသို့ ပြန်လည်စိစစ်ရန် ပြန်ချပေးခဲ့ပါတယ်။ ယခု စာကြည့်တိုက်ဆောက်လုပ်သည့် မြေပိုင်ရှင်သည် နိုင်ငံခြားသား ချစ်တီးများဖြစ်၍ ၎င်းတို့ လက်လွှဲသူများမှာလည်း ဥပဒေအရ တိကျသော စာရွက်စာတမ်းသက်သေများမရှိခြင်းကြောင့် မြို့သူမြို့သား စာပေဝါသနာရှင်များနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီက ကျွန်တော့်အား ဤကိစ္စကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာသို့တင်ပြပေးရန် တောင်းဆိုပါတယ်။ ပြီးခဲ့တဲ့ လေးလကပင် ပြည်ထဲရေးဝန်ကြီးဌာနသို့ စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ကျွန်တော် တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံကျော် စာရေးဆရာကြီး မောင်ထင်ကို ဂုဏ်ပြုသည့် စာကြည့်တိုက်အား မည်သို့ဆောင်ရွက်နေသည်ကို လပွတ္တာမြို့သူမြို့သားများက သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အကြံပြုချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနက စာကြည့်တိုက်လုပ်ငန်းနဲ့ပတ်သက်လို့ ဆောင်ရွက်နေပုံကို အနည်းငယ်တင်ပြလိုပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်အနှံ့မှာ ရုံးစုစုပေါင်း ၄၃၄ ရုံးဖွင့်လှစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းရုံးများမှာ ဌာနပိုင်စာကြည့်တိုက်များ ဖွင့်လှစ်ပေးသည့်အပြင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖွင့်လှစ်နိုင်ရေးကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိရေးအတွက် ရပ်ကွက်/ကျေးရွာနေပြည်သူများ စာဖတ်သည့်အလေ့အထရရှိစေရေး၊ အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် ရည်ရွယ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဒေသခံပြည်သူများရဲ့ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ဆောက်လိုမှုကို အားပေးထောက်ပံ့သည့်အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာစာကြည့်တိုက် စုစုပေါင်း ၁၅၃၅ တိုက်အတွက် ငွေကျပ် ၁၇၃၅ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သို့သော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကျေးရွာစာကြည့်တိုက်များ တည်ဆောက်နိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရန်ပုံငွေလျာထားတောင်းခံခြင်းမရှိခဲ့တော့ပါခင်ဗျား။ အခြားတစ်ဖက်မှာလည်း မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကျေးရွာစာကြည့်တိုက်စုစုပေါင်း ၅၆၈ တိုက် ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် ငွေကျပ် ၃၄၇.၁၉၂ သန်း ကူညီထောက်ပံ့ပေးနိုင်ခဲ့ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးမော်ဘီ ဆရာသိန်းကဲ့သို့သော ထူးချွန်ထင်ရှားတဲ့ပုဂ္ဂိုလ်များရဲ့ ဇာတိကျေးရွာတွေမှာ စာကြည့်တိုက်များ တည်ဆောက်ပေးခဲ့ခြင်းများရှိခဲ့ပါတယ်။

ဒါ့အပြင် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များမှာလည်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဆောက်လုပ်ရေးအတွက် ဒေသဖွံ့ဖြိုးရေး လွှတ်တော်ရန်ပုံငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ဆောက်လုပ်ခြင်းများ ရှိခဲ့ပါ

တယ်။ သို့ပါ၍ စာရေးဆရာကြီးမောင်ထင် စာကြည့်တိုက်ကို ဆောက်လုပ်မည်ဆိုပါက ဒေသဖွံ့ဖြိုးရေး လွှတ်တော်ရန်ပုံငွေဖြင့်လည်းကောင်း၊ စေတနာရှင်ပြည်သူများရဲ့ ထည့်ဝင်ငွေများဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကဲ့သို့ NGO အဖွဲ့အစည်းများရဲ့ အကူအညီကို ရယူ၍လည်းကောင်း ဆောင်ရွက်သင့်ပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဟု ပြန်ကြားလာပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအေးကြူ(လပွတ္တာမဲဆန္ဒနယ်)**။ ။ အခု ကျွန်တော် မေးချင်တဲ့မေးခွန်းက ဒီကော်မတီက ဘယ်သူ့မှအကူအညီမတောင်းဘူး။ သူတို့ကော်မတီဖွဲ့ပြီးတော့ တော်တော်လေးလည်း စာပေမှာ အောင်မြင်နေတယ်။ ဒါ မြို့နယ်မှာ ကိုယ်စားပြုပြီးတော့ သူက အောင်မြင်နေတယ်။ နောက် သူတို့ပါ သူတို့ စုငွေတွေနဲ့ သူတို့ပါသူတို့ဆောက်မှာ သူတို့ကော်မတီအဖွဲ့နဲ့ သူတို့ပါသူတို့ အလှူခံပြီးတော့ သူတို့ပါသူတို့ ဆောက်မှာ ဒါကြောင့်မို့လို့ ကျွန်တော် မြန်မြန်ဖြစ်မြောက်စေချင်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားဖို့ရှိပါသလား။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဆက်သွယ်ပြီးတော့ ပြန်လည်ဖြေကြားပါ့မယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများကို ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဆေးတက္ကသိုလ်များအပါအဝင် အခြားအမှတ်မီသော တက္ကသိုလ်များတွင် ဝင်ခွင့်ရစာရင်း အတိုင်းကျောင်းမအပ်ဘဲ လစ်လပ်သွားသော အရေအတွက်နေရာတွင် လက်ခံခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်အောင်(ကျောက်ဆည်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်ဆည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆေးတက္ကသိုလ်များအပါအဝင် အခြားသော တက္ကသိုလ်များတွင် ဝင်ခွင့်ရစာရင်းအတိုင်း ကျောင်းမအပ်ဘဲ လစ်လပ်သွားသောအရေအတွက်ကို အခြားအမှတ်မီသော ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများကို လက်ခံနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ တာဝန်ယူထားတဲ့အတွက် ကော်မတီရဲ့ကျောင်းသားမိဘများ၊ လွှတ်တော်ကိုယ်စားလှယ်များက

ဒီကိစ္စနဲ့ပတ်သက်လို့ ပို့လာတဲ့တိုင်ကြားစာများဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခြင်း၊ ဖုန်းနဲ့ ဆက်သွယ်မေးမြန်းခြင်း၊ လူကိုယ်တိုင်လာရောက်တွေ့ဆုံခြင်းများ ရှိနေပါတယ်။ ဒီစာတွေထဲမှာ နိုင်ငံတော်အကြီးအကဲအဆင့်ဆင့်ကို လိပ်မူပြီး ကျွန်တော်တို့ကော်မတီကို မိတ္တူပေးတဲ့စာတွေလည်း ပါဝင်ပါတယ်။ ဒီဇင်ဘာလမကုန်ခင် တက္ကသိုလ်များဟာ ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ကာယကံရှင်ကျောင်းသားမိဘများ အဖြူ အမဲကွဲပြီး အချိန်မီပြင်ဆင်နိုင်အောင် စတဲ့အချက်တွေကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်ငါးခု၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခုတို့က အမှတ်အနည်းအများအလိုက် မိမိတို့တက္ကသိုလ်များကသာ ရွေးချယ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ၁၁ ခုကလည်း မိမိတို့အစီအစဉ်ဖြင့် လျှောက်လွှာခေါ်ယူ၍ ရွေးချယ်ခဲ့ပြီးဖြစ်ပါတယ်။ တချို့သော ကျောင်းသားများသည် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းများနဲ့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းများကို လျှောက်ထားခဲ့ရာမှာ တစ်ဦးတည်းနဲ့ နှစ်ကျောင်း၊ သုံးကျောင်းဝင်ခွင့်ရနေတာကို တွေ့ရပါတယ်။ တချို့သောသူများသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များသို့ ကျောင်းအပ်နှံပြီးကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာတက္ကသိုလ်များတွင် သတ်မှတ်အရည်အသွေးအောက် ၂၀၀ ပတ်ဝန်းကျင်လောက် လျော့နည်းနေတာကို တွေ့ရှိရပါတယ်။ အဲဒီနေရာတွေမှာ ကျန်ရှိအမှတ်မီသော ကျောင်းသားကျောင်းသူများကို လက်ခံပေးဖို့ အကြံပြုအပ်ပါတယ်။ ဒီနေရာမှာ ကျန်ရှိတဲ့ကျောင်းသားအမျိုးအစားနှစ်မျိုးရှိပါတယ်ခင်ဗျ။ အလျှောက်မှား၍ မည်သည့်တက္ကသိုလ်မှဝင်ခွင့်မရရှိသော ကျောင်းသားကျောင်းသူများနှင့် ဝါသနာပါပြီး အမှတ်တစ်မှတ်၊ နှစ်မှတ်သာနည်းသွားလို့ ဝင်ခွင့်မရသည့်ကျောင်းသားဟူ၍ နှစ်မျိုးရှိပါတယ်။ ပထမအမျိုးအစားကိုကြည့်ရင် မိဘများက ယခင်နှစ်အဆက်ဆက် ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်များသည် ၅၁၀ ထက်မကျော်တာကိုကြည့်ပြီး ဆေးတက္ကသိုလ်တစ်ခုတည်းကိုသာ လျှောက်ထားတဲ့အတွက်ကြောင့် ဖြစ်ရခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်သုံးသပ်တဲ့အခါမှာ ၁၀ တန်းအောင်အမှတ်များ ပိုမိုမြင့်မားလာတာကို တွေ့ရသလို ၂၀၁၅ ခုနှစ်နောက်ပိုင်း ဆေးတက္ကသိုလ်မှာ လက်ခံတဲ့အရေအတွက် လျော့နည်းလာခြင်းကြောင့်ဆိုတာလည်း တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်နဲ့ နှိုင်းယှဉ်လျှင် ဒီနှစ်လက်ခံတဲ့အရေအတွက်က ၅၀၀ ဦးလောက် ကွာဟနေတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မြို့နယ်ဖြစ်တဲ့ ကျောက်ဆည်မြို့နယ်မှ ကျောင်းသားကျောင်းသူတစ်ဦးရဲ့မိဘက သူ့သမီးဟာ ၆ ဘာသာဂုဏ်ထူးဖြင့် ရမှတ်ပေါင်း ၅၁၂ မှတ်ထားလို့ ယခင်နှစ်များကိုကြည့်ပြီး ဆေးတက္ကသိုလ်တစ်ခုတည်းကိုပဲ လျှောက်ခဲ့မိပါတယ်။ မည်သည့်တက္ကသိုလ်မှ ဝင်ခွင့်မပါလို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်တို့နဲ့ဆိုင်တဲ့ ကျန်းမာရေးလုပ်သားဦးစီးဌာနကို သွားရောက်မေးမြန်းတဲ့အခါမှာ ယင်းဌာနမှ တာဝန်ရှိသူ

များက ကျောင်းမအပ်တဲ့နေရာများကို အစားထိုးရွေးချယ်ပေးရန်မရှိကြောင်း ကျောင်းအပ်သူကိုသာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း အဝေးသင်တက္ကသိုလ်ကိုသာ တက်ရန်ပြောကြားသဖြင့် ဝမ်းနည်းပက်လက်နဲ့ ပြန်ခဲ့ရတဲ့အတွက် ကျွန်တော့်ထံရောက်ရှိလာခြင်းဖြစ်ပါတယ်။ ယခုလက်ရှိ အခြေအနေမှာတော့ ပညာရေးဝန်ကြီးဌာနက လက်ခံပေးလို့ မန္တလေးရှိ နည်းပညာတက္ကသိုလ်တစ်ခု မှာ မိဘကအတင်းလိုက်အပ်ပေးထားသော်လည်းပဲ ကလေးဝါသနာမပါသဖြင့် ငိုယိုပြန်လာခဲ့ကြောင်း ဖုန်းဆက်အကြောင်းကြားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအနေနဲ့လည်း မည်သည့်တက္ကသိုလ်မှ ဝင်ခွင့်မရသည့်ကျောင်းသားကျောင်းသူများကို အမှတ်နည်းများအလိုက် ပြန်လည်လက်ခံပေးနေကြောင်း သိရပါတယ်။ သို့ပါ၍ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအနေနဲ့လည်း လက်ခံပေးနိုင်ခြင်းရှိ/မရှိနှင့် အရည်အချင်းရှိ လူငယ်များ ဝါသနာအလျောက် ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့တက်ရောက်ပါသော ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေ ကြောင်း ရှေးဦးမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောက်ဆည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ တင်အောင်၏ မေးခွန်းဖြစ်သော ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူ များကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်များအပါအဝင် အခြားအမှတ်မီသော တက္ကသိုလ်များတွင် ဝင်ခွင့်ရစာရင်းအတိုင်း ကျောင်းမအပ်ဘဲ လစ်လပ်သွားသော အရေအတွက်နေရာ များတွင် လက်ခံနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဖြေကြားချက်များအား ပေါင်းစပ်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ရှေးဦးစွာ ကျောင်းသားများကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်များ ဖြန့်ဝေပြီးဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်မှာ တက္ကသိုလ်လျှောက်ထားမည့်ပုံစံ၊ တက္ကသိုလ်ရွေးချယ်မှုစနစ် ပြည့်စုံစွာ ဖော်ပြထားပြီးဖြစ်ပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ အချို့သော ကျောင်းသားများသည် တစ်နေရာတည်းမလျှောက်ဘဲ သုံးနေရာလျှောက်ထားခြင်းရှိပါတယ်။ ဒီဟာ တွေကို ကျွန်တော်တို့အစတည်းက ကွန်ပျူတာနဲ့စိစစ်ပြီး တက္ကသိုလ်လျှောက်ထားမှုနေရာထပ်နေရင် သူတို့ကိုဆက်သွယ်ပြီး မည်သည့်တက္ကသိုလ်ကိုသာ ဦးစားပေးလိုကြောင်း ညှိနှိုင်းဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း ဦးစွာတင်ပြပါတယ်။ ဒုတိယအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့

ဆေးတက္ကသိုလ်တစ်ခုပဲ ရွေးချယ်ခဲ့ပါတယ်။ အခြားတက္ကသိုလ်ဖော်ပြထားခြင်းမရှိဘဲနဲ့ ဆေးတက္ကသိုလ်မှ ရွေးချယ်ခြင်းမခံရတဲ့ ကျောင်းသူကျောင်းသားတွေလည်း ရှိပါတယ်။ ဒီကျောင်းသူကျောင်းသားတွေကို ပါမောက္ခချုပ်များကော်မတီကနေ ခေါ်ယူတွေ့ဆုံပြီး မိမိတို့ဝါသနာပါရာကို ဆန္ဒပြုစေခဲ့ရာမှာ ရန်ကုန်နည်းပညာတက္ကသိုလ် ၁၉ ဦး၊ မန္တလေးနည်းပညာတက္ကသိုလ် ၃၀ ဦး၊ နည်းပညာတက္ကသိုလ်(မန္တလေး)ခြောက်ဦး၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ၂၁ ဦး၊ မန္တလေးကွန်ပျူတာတက္ကသိုလ်သုံးဦး၊ ပညာရေးတက္ကသိုလ်ငါးဦး၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ် ၁၇ ဦး၊ မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ်ရှစ်ဦး အားလုံး ၁၁၇ ဦး ဝင်ခွင့်ပြုတဲ့အတွက် တက္ကသိုလ်တစ်ခုတည်း လျှောက်ထားစေကာမူ တက္ကသိုလ်ဝင်ခွင့်မရသည့် နစ်နာမှုမျိုးမရှိ စေရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆေးတက္ကသိုလ်များနဲ့စပ်လျဉ်းလို့ကတော့ ဆေးတက္ကသိုလ်များရဲ့ ဝင်ခွင့်စိစစ်ရွေးချယ်ခြင်းကို ၂၇-၈-၂၀၁၈ ရက်ကစပြီး ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ တက်ရောက်ခွင့်ရသူများစာရင်းကို ၂၉-၁၀-၂၀၁၈ ရက်နေ့တွင် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်များ ကျောင်းအပ်လက်ခံခြင်းကို ၁၉-၁၁-၂၀၁၈ ရက်နေ့ကစပြီး လက်ခံဆောင်ရွက်ပေးခဲ့ပါတယ်။ ဆေးတက္ကသိုလ်များနဲ့ ဆေးပညာနှီးနွှယ်တက္ကသိုလ်များအားလုံးရဲ့ စာပေသင်ကြားခြင်း သင်တန်းအဆောက်အဦကိုတော့ ၃-၁၂-၂၀၁၈ မှသာစပြီး သင်ကြားလျက်ရှိပါတယ်။ ဒီလိုသင်ကြားလျက်ရှိရာမှာ ကျောင်းအပ်လက်ခံတဲ့ နောက်ဆုံးရက်မှာ ၁၄-၁၂-၂၀၁၈ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ၁၄-၁၂-၂၀၁၈ နောက်ပိုင်းမှာ ကျောင်းအပ်နှံခွင့်ရသူစာရင်းနှင့် ကျောင်းအမှန်တက်ရောက်သူစာရင်းများ ပြန်လည်စိစစ်ပြီး လစ်လပ်နေရာ ကျောင်းသားနေရာများအတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်များနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာတင်အောင်(ကျောက်ဆည်မဲဆန္ဒနယ်)**။ ။ ပညာရေးဒုတိယဝန်ကြီး အစအဆုံး အသေးစိတ်ဖြေကြားသွားတာကိုလည်း ကျွန်တော်တို့ သတင်းရရှိပြီးဖြစ်ပါတယ်။ ကျောင်းသားမိဘများရဲ့ ကျွန်တော့်ဆီကို လက်ရှိပို့နေတဲ့ အခြေအနေလေးတစ်ခုကို ကျွန်တော်ဒီနေရာမှာ ဆက်ပြီး တင်ပြပါရစေ။ ကျောင်းသား ၂၁၁ ဦး မည်သည့်တက္ကသိုလ်မှ ဝင်ခွင့်မရတဲ့ကျောင်းသားများကို အဆင့်မြင့်ပညာဦးစီးဌာနက စီစဉ်ပေးလို့ အချို့သောတက္ကသိုလ်များကို ဝါသနာမပါဘဲ အပ်ခဲ့ရတဲ့သူ ရှိသလို မအပ်ဘဲကျန်နေတဲ့သူလည်း ရှိပါတယ်။ မိန်းကလေးတွေအနေနဲ့ကြည့်ရင် ၅၁၄ မှတ်ရတာ ၁၃ ဦးရှိပါတယ်။ ၅၁၃ မှတ်ရတာ ၁၂ ဦးနဲ့ ၅၁၂ မှတ်ရတာ ၁၀ ဦး၊ ၅၁၁ မှတ်ရတာ ၁၁ ဦး စုစုပေါင်း ၄၆ ရှိပါတယ်။ ယောကျာ်းလေးအနေနဲ့ဆိုရင် ၅၀၃ မှတ်အထိပေါ့။ ၅၀၄ မှတ်၊ ၅၀၃ မှတ်နှစ်မျိုးပေါင်းရင် ၁၃ ဦးရှိပါတယ်။ စုစုပေါင်း ကြည့်လိုက်လို့ရှိရင် လုံး၀ တစ်ချိန်က မည်သည့်ကျောင်းမှ တက်ခွင့်မရတဲ့ ကလေးတွေရဲ့အရေအတွက်က ၆၀ နီးပါးရှိပါတယ်။ ဒီမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်း တက်ရောက်နေတဲ့အတွက်ကြောင့် ဒီကလေးတွေက ဝါသနာအရောက် ဆေးတက္ကသိုလ်လည်း တက်ချင်ကြတယ်။ လက်ရှိအနေအထားအရ သူတို့မှာ စိတ်လည်းစိတ်ထိ

ခိုက်မှုလည်းရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတွေကို လက်ခံပေးနိုင်ခြေရှိ/မရှိနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုလည်း ကျောင်းသားမိဘများရဲ့ ကိုယ်စား မေတ္တာရပ်ခံခြင်းလည်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းက ဆက်စပ်မေးခွန်းမဟုတ်ပါဘူး။ ဒါမေတ္တာရပ်ခံတာပဲ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးမှလည်း နောက်တစ်ခုကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒီနေ့ဖြေဆို ဖို့လည်း အစီအစဉ်ထဲမှာ မပါပါဘူးခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်ပြီးမှ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက ဖြေကြားဖို့ရှိပါသလားခင်ဗျား။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ကျောင်းသားတွေကို မနာစေချင်ပါဘူး။ ကျွန်တော်တို့မှာ ပထမ ၁၂၀၀ ခေါ်ထားပါတယ်။ ၁၂၀၀ + ခြောက်ရာခိုင်နှုန်းဟာ အခက်အခဲဒေသ ၇၂ ယောက်ဖြစ်ပါတယ်။ ၇၂ ယောက်ကတော့ သက်သက် သူ့ကိုယ်ထာနဲ့သူ ရှိပါတယ်။ ၁၂၀၀ ထဲမှာ ခုန ၁၄ ရက်နေ့မှာ ကျန်သွားတဲ့လူတွေ ဆေးကျောင်းကိုလာပြီးတော့ လျှောက်တဲ့လူ ၂၀ ရှိချင်ရှိမယ်၊ ၃၀ ရှိချင်ရှိမယ်။ အဲဒါကို လက်ခံမှာပါ။ သို့သော်လည်း လက်ခံမယ် ဆိုရင် ပညာရေးဝန်ကြီးဌာန ကျွန်တော်တို့ကို ထောက်ခံချက်တစ်ခုတော့ ပေးဖို့လိုပါတယ်။ ဒီကျောင်းသားများသည် မူလက ဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာတက္ကသိုလ် သို့မဟုတ် နှီးနွှယ်တက္ကသိုလ်မှာ မလျှောက်သော်ငြားလည်း ဒီကျောင်းသားများကို စဉ်းစားပေးပါဆိုပြီး ကျွန်တော်တို့က သူ့အမှတ်စာရင်းအရ အားလုံးကို ကျွန်တော်ယူသွားပါမယ်။ ၅၀ ကျန်ရင် ၅၀ ယူပါ မယ်။ ၆၀ မလာရင် ၆၀ အကုန်လုံး ယူပါမယ်ခင်ဗျား။ အဲဒီတစ်ချက်ပဲရှိပါတယ်။ ပညာရေးဝန်ကြီးဌာန က ကျွန်တော်တို့ကို သတ်မှတ်ချက် ပေးရင်လက်ခံပါတယ်။ ကျွန်တော်တို့ပြောမှာက ဆေးတက္ကသိုလ် ကို မူလကမလျှောက်ဘဲနဲ့ အခုမှ လျှောက်ပြီးလက်ခံရသလားဆိုတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ ၁၂၀၀ ပြည့်အောင် လုံးဝယူပါမယ်။ ကျောင်းသားတွေကိုလည်း လုံးဝမနစ်နာစေချင်ပါဘူး။ အဲဒါလေးကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ထပ်မံရှင်းလင်းဖို့ရှိပါသလားခင်ဗျား။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပူးပေါင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပေါင်းတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနဖွင့်လှစ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်းတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းအောင်(ပေါင်းတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပေါင်းတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပေါင်းတော မြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အမီ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနဖွင့်လှစ်ပေးနိုင် ရန်အစီအစဉ်ရှိ/မရှိနှင့် သိလိုတဲ့ မေးခွန်းပဲဖြစ်ပါ တယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဟာ ပေါင်းတောစာစစ်ဌာနကို နှစ်စဉ်ရေလမ်းခရီးနှင့် သွားရောက်ပြီးတော့ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း ဖြေဆိုနေကြရပါတယ်။ ခရီးလမ်းပန်းအန္တရာယ်ကလည်း အလွန်ပဲ များပြားပါတယ်။ ရေလမ်းအားဖြင့် ၁၂ မိုင်ခန့်ကွာဝေးပြီး တည်းခိုနေထိုင်စားသောက်ရေး၊ ကျန်းမာ ရေး၊ အနီးကပ်သင်ကြားပို့ချရေးတို့မှအစ များစွာခက်ခဲလှပါတယ်။ ကျောင်းသားကျောင်းသူ ၂၀၀ ခန့် နဲ့လိုက်ပါလာတဲ့ မိဘအုပ်ထိန်းသူများ၊ ဆရာဆရာမများ အားလုံးပေါင်းလိုက်ရင်၂၅၀ လောက်ဟာ တစ်ပြိုင်နက်တည်းရေချိုးသန့်စင်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်း၊ စားသောက်ခြင်းတို့အတွက် စီစဉ် ရတာ ကြီးစွာသောအခက်အခဲဖြစ်စေပါတယ်။ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနရဲ့သတ်မှတ်ချက်တွေ၊ စည်းမျဉ်းစည်းကမ်းချက်တွေနဲ့လည်း ကိုက်ညီမှုရှိကြောင်း ကျွန်တော်တို့ကွင်းဆင်းလေ့လာမှုများအရ တွေ့ရှိရပါတယ်။ မေးခွန်းလွှာလုံခြုံရေးအတွက် မေးခွန်းတိုက်တွေ၊ လုံခြုံရေးတာဝန်ကိုအပြည့်အဝ ယူနိုင်တဲ့ရဲစခန်းတွေလည်းရှိပါတယ်။ စာဖြေခန်း၊ ပရိဘောဂ၊ စာရေးခုံတွေလည်း ပြည့်စုံလုံလောက်မှု ရှိကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ ပေါင်းတောမြို့နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ အဝါရောင်လေးချယ်ပြထားတာ ကတော့ အ.ထ.က(တောင်ကလေး)ကျေးရွာ တည်ရှိတဲ့ဒေသပါ။ ဒါကတော့ ကျောင်းဝင်းခြံတံခါးဝ ဖြစ်ပါတယ်။ ကျောင်းလုံခြုံရေးရှိတယ်ဆိုတဲ့ သဘောကိုပြောထားပါတယ်။ ဒါကတော့ စာဖြေမယ့် စာသင်ဆောင်တွေ ဖြစ်ပါတယ်။ ဒါကလည်း ပိတောက်ဆောင်ပုံဖြစ်ပါတယ်။ ဒါက စာဖြေခန်းတွေမှာ ရှိတဲ့ ထိုင်ခုံတွေနဲ့ စာသင်ခန်းအနေအထားတွေ ဖြစ်ပါတယ်။ ဒါကတော့ အင်မတန်အရေးကြီးတဲ့ တောင်ကလေးကျေးရွာ ရဲကင်းအတွင်းမှာ တည်ဆောက်ထားတဲ့ မေးခွန်းတိုက်အရှေ့ကနေပြီးတော့ မြင်ရတဲ့မျက်နှာစာပုံဖြစ် ပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်ရဲ့ ပထဝီဝင်မြေမျက်နှာပြင်အနေအထားအရ ဝေးလံပြီးတော့ ခက်ခဲ တဲ့ဒေသတွေမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေအတွက် ပိုမိုအဆင်ပြေပြီး စာမေးပွဲမှာ ဝင်ရောက်ဖြေဆိုနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးသောအားဖြင့် တောင်ကလေးကျေးရွာ

အခြေခံပညာ အထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်စာစစ်ဌာနဖွင့်လှစ်ပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းကပဲ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၏မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမှီ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနဖွင့်လှစ်နိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စာဖြေသူကျောင်းသားကျောင်းသူ ၉၀ ဦးသည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ငပုတော အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုခဲ့တာတွေ့ရပါတယ်။ လာမယ့် ၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲသို့ အဆိုပါကျောင်းမှပဲ စာဖြေသူကျောင်းသားကျောင်းသူ ၁၄၅ ဦးခန့်ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ထိုကျောင်းမှာ စာစစ်ဌာနအသစ် ဖွင့်လှစ်မည်ဆိုပါက မေးခွန်းနှင့်အဖြေလွှာများထားရှိရေး၊ တောင်ကလေးရဲစခန်းအတွင်း ထားရှိမယ့်အစီအစဉ်များကို ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတာတွေ့ရှိရပါတယ်။ ဒီငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ထားသည့် တက္ကသိုလ်ဝင်စာစစ်ဌာနအသစ်ဖွင့်လှစ်ရန် သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိ/မရှိကို အခြေခံပညာဦးစီးဌာနမှ စိစစ်ထောက်ခံပြီးဖြစ်ပါတယ်။ သည့်အတွက်ကြောင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ အမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ စိစစ်ပြီးလုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မင်းဘူး(စကု)မြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းနှင့် စကုမြို့ရှိ မြို့မအားကစားကွင်းတို့အား ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ပြုလုပ်ပေးပါရန်နှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်က

တော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာ အမှန်တကယ်လိုအပ်နေတဲ့ အားကစားကွင်းများပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်မှာ မင်းဘူးမြို့ဟာ ခရိုင်မြို့ကြီးဖြစ်ပြီးတော့ မင်းဘူးမြို့မှာ ခရိုင်အားကစားကွင်းရှိသလို စကုမြို့မှာလည်း စကုမြို့မအားကစားကွင်းရှိပါတယ်။ ဒီအားကစားကွင်းတွေကို ရပ်ကွက်/ကျေးရွာအားကစားတွေလုပ်သလို အားကစားသမားတွေလည်း လေ့ကျင့်ခန်းတွေလုပ်တယ်။ ပြီးတော့ အုပ်စုပြိုင်ပွဲတွေလုပ်သလို မြို့နယ်အလိုက် အားကစားပြိုင်ပွဲတွေကိုလည်း ကျင်းပသလို ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲတွေကိုလည်း နှစ်စဉ်ကျင်းပနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ မင်းဘူးခရိုင် အားကစားကွင်းမှာ ပြိုင်ပွဲတွေကျင်းပနေတဲ့ပုံပဲဖြစ်ပါတယ်။ မင်းဘူးခရိုင်အားကစားကွင်းမှာဆိုလို့ရှိရင် ပွဲကြည့်စင်တွေ ပြုပြင်ဆောင်ရွက်ပေးဖို့၊ ရေမြောင်းတွေ ဆောင်ရွက်ပေးဖို့နဲ့ မြေပြင်အခြေအနေတွေပြုပြင်ပေးဖို့ အခြေအနေတွေလည်း ရှိနေတာဖြစ်ပါတယ်။ ဒါကတော့ စကုမြို့ မြို့မအားကစားကွင်းမှာ ဖြစ်သလိုပဲ ပွဲကြည့်စင်မရှိတဲ့အတွက် ယာယီအဆောက်အအုံတွေတည်ဆောက်ပြီးတော့ အခုလို ဗိုလ်ချုပ်အောင်ဆန်းဖလားပြိုင်ပွဲတွေ ကျင်းပဆောင်ရွက်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ စကုမြို့အားကစားကွင်းမှာဆိုလို့ရှိရင်လည်း ခြံစည်းရိုးလည်း ပတ်လည်ခြံစည်းရိုး ခတ်ထားတာမရှိသလို ပွဲကြည့်စင်တွေလည်း မရှိသေးပါဘူး။ နောက်ပြီးတော့ မြေပြင်အခြေအနေတွေကိုလည်း ပြုပြင်ဆောင်ရွက်ပေးဖို့အခြေအနေတွေလည်း လိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာ အမှန်တကယ်လိုအပ်နေတဲ့ ခရိုင်အားကစားကွင်းနဲ့ စကုမြို့မှာရှိတဲ့ မြို့မအားကစားကွင်းတွေကို အဆင့်မြှင့်တင်ပေးဖို့နဲ့ ကျွန်တော်တို့ ပြုပြင်ဆောင်ရွက်ပေးဖို့ကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ စကုမြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းနှင့် စကုမြို့မှာရှိတဲ့ မြို့မအားကစားကွင်းတို့ ပြုပြင်ခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနဲ့ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။ မင်းဘူးခရိုင် အားကစားကွင်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများဖြစ်တဲ့ မြေဖို့မယ်၊ မြက်စိုက်မယ်။ နောက်ပြီးတော့ အထူးတန်းပွဲကြည့်စင် အလျား ပေ ၈၀၊ အနံ ၂၄ ပေ၊ အမြင့် ၂၂ ပေ ၄ လက်မ တည်ဆောက်ခြင်းလုပ်ငန်းအတွက်

ကုန်ကျငွေကျပ်သန်း ၁၀၀ နဲ့ မိုးလုံလေလုံအားကစားရုံ အလျား ၁၂၀ ပေ၊ အနံ ၉၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းကိုတော့၊ ကျပ်သန်း ၂၇၀ ကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ရန်ပုံငွေခွင့်ပြုဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့သော်လည်း ကွင်းအဆင့်မြှင့်တင်ရန်အတွက် ရေစိမ့်မြောင်းတို့၊ ရေနုတ်မြောင်းတို့၊ ရေထွက်မြောင်းတို့ တည်ဆောက်ခြင်းလုပ်ငန်း မြေဖို့ခြင်း၊ မြက်စိုက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ သန်း ၇၀ နဲ့ ရိုးရိုးတန်းပွဲကြည့်စင် အလျား ၁၀၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၇ ပေ ၆ လက်မ နှစ်စင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ကုန်ကျငွေ ကျပ်သန်း ၁၅၀ ကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေစာရင်း သို့မဟုတ် မရရင် ပြည်ထောင်စုခွင့်ပြုငွေစာရင်းမှာ ထည့်ပြီးတောင်းပါမယ်။ တောင်းလို့ရတယ်ဆိုရင် ချက်ချင်းပေးပါမယ်။ ရဖို့အရေးကြီးပါတယ်ခင်ဗျား။ နံပါတ်(၂)အချက်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ မြို့မအားကစားကွင်း ပြုပြင်ခြင်း၊ အဆင့်မြှင့်ခြင်း ဆောင်ရွက်နိုင်ရန်အတွက်ကတော့ ဒီမြေနေရာဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမြေနေရာပိုင်ဖြစ်အောင် ပထမလုပ်ရပါမယ်။ အဲဒါမဖြစ်သေးပါဘူး။ အဲဒါဖြစ်ပြီးလို့ရှိရင် တည်ဆောက်ဖို့လုပ်ငန်းကိုတော့ ပြည်ထောင်စုဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးမှာ ထည့်ပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကတော့ ဦးစားပေးပါတယ်။ ဘာကြောင့်ဦးစားပေးလဲဆိုတော့ ဒီအားကစားရှိမှသာလျှင် အားကစားဖွံ့ဖြိုးမယ်။ ပြည်သူတွေကျန်းမာမယ်။ ကျွန်တော်တို့ရဲ့ ပေါ်လစီတစ်ခုဖြစ်တဲ့ Exercise is Medicine က ပိုပြီးပီပြင်မှာ ဖြစ်ပါတယ်။ ဆောက်ပြီးလို့ရှိရင်လည်း ကျွန်တော်တို့က ဘောလုံးပေးခြင်း၊ ဂိုးဒိုင်တို့၊ နပ်တို့ပေးခြင်းကိုလည်း ကျွန်တော်တို့ အကုန်လုပ်ပေးပါမယ်။ ပြီးရင် သင်တန်းတွေ၊ အားကစားမှုုတွေရှိပါတယ်။ ကျွန်တော်တို့ သေချာလုပ်ပေးချင်ပါတယ်။ ဒီအားကစားနဲ့ပတ်သက်ပြီး တောင်းဆိုချက်တွေကတော့ ကျွန်တော်တို့ကတော့ အမြန်ဆုံးဖြည့်ဆည်းပေးလိုပါတယ်။ သို့မှသာလျှင် မြန်မာပြည်သူလူထုတစ်ရပ်လုံးဟာ ကျန်းမာသန်စွမ်းသောသူများဖြစ်အောင် ကျွန်တော်လုပ်ပေးပါမယ်ခင်ဗျား။ လေးစားစွာဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ စောစောက ဝန်ကြီးဖြေသွားတဲ့ထဲမှာ စကုမြို့ မြို့မအားကစားကွင်းဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ကို ရောက်ဖို့လိုအပ်တယ်လို့ ပြောပါတယ်။ တကယ်တော့ ဒီအားကစားကွင်းဟာ ကျွန်တော် စကုကို စပြီးတော့ ကျောင်းတက်တဲ့ ငါးတန်း၊ ခြောက်တန်းလောက်ကတည်းကအတိုင်း ဒီအားကစားကွင်းကို အားကစားတွေလေ့ကျင့်တာတွေ၊ ပြိုင်ပွဲလုပ်ခဲ့တာတွေကိုလည်း ကျွန်တော်တို့ သိခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီအခြေအနေထိအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့လက်အောက်ကို မရောက်သေးဘူးဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စကုမြို့အားကစားကွင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့လက်အောက်ကို ရောက်ဖို့အတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အမြန်ဆုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ကို ရောက်ရှိနိုင်ဖို့အတွက် မည်ကဲ့သို့

စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ဒီကိစ္စကို ကျွန်တော်တို့ အမြန်ဆုံးလုပ်ပါမယ်။ အားကစားမှူးကနေခရိုင်အဆင့်၊ တိုင်းအဆင့် အဆင့်ဆင့်တင်မယ်ဖြစ်ပါတယ်။ အဲဒါကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရ ဝန်ကြီးချုပ် ဆရာ ဦးအောင်မိုးညိုနဲ့လည်း ကျွန်တော်တို့တိုင်ပင်ပြီးတော့ အမြန်ဆုံးဖြစ်အောင်လုပ်ပေးပါမယ်။ ဒါမှသာ လျှင် ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ငွေထည့်လို့ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒါကို သေချာလုပ်ပေးမယ်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီလို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအောက်မှာ မြေဂရန်ရရှိဖို့အတွက် မိမိတို့ဌာနဆိုင်ရာတွေနဲ့ရော၊ ဒေသမှာရှိတဲ့အာဏာပိုင်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပေးဖို့ လိုအပ်ပါမယ်။

**နန်းယွန်းမြို့နယ်တွင် မြို့နယ်အားကစားကွင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်မှာ မြို့နယ်အားကစားကွင်း ဖောက်လုပ်ပေးမည့်အစီအစဉ်ကို သိရှိလိုတဲ့မေးခွန်း မေးမြန်းသွားမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နန်းယွန်းမြို့ပေါ်မှာ ဆိုရင်ဖြင့် မြို့ပေါ်သုံးရပ်ကွက်ရှိပြီးတော့ လူဦးရေအားဖြင့် ၉၀၀၀ ကျော်ဝန်းကျင်သာ မှီတင်းနေထိုင် ကြပေမဲ့ မြို့နယ်တစ်ခုလုံးမှာတော့ ကျောင်းသားကျောင်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မနေနိုင်တော့တဲ့ လူငယ်၊ လူရွယ်တွေအများအပြားရှိနေတာကို တွေ့ရှိရပါတယ်။ အဲဒီ ပြင်ပမှာရှိနေတဲ့ လူငယ်တွေဟာ အလုပ်အကိုင်အခွင့်အလမ်းမရှိတော့တဲ့အခါကျတော့ အရက်ခေါင် ရည်သောက်စား၊ မူးယစ်ဆေးဝါးတွေသုံးစွဲပြီး ပျက်စီးနေတာကို မြင်တွေ့ရတာတကယ်ပဲစိတ်မကောင်း ဖြစ်မိပါတယ်။ ရံဖန်ရံခါမှာပြုလုပ်တဲ့ အားကစားအစီအစဉ်မျိုးမှာတော့လည်း လမ်းဘေးမှာရောက်နေ တဲ့လူငယ်တွေဟာ စိတ်အားထက်သန်စွာနဲ့ပဲ ဒီအားကစားအခန်းကဏ္ဍမှာ ထဲထဲဝင်ဝင်လာရောက် ပါဝင်နေတာကိုလည်းပဲ မြင်တွေ့နေကြရပါတယ်။

ဒါကြောင့် အားကစားအခန်းကဏ္ဍဟာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များ၊ လူကြီးများအတွက်ပါ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိတ်ဓာတ်ရေးရာဖွံ့ဖြိုးတိုးတက်လာ

နိုင်စေရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ အန္တရာယ်ကနေ ကင်းဝေးစေဖို့အတွက် အကောင်းဆုံးစွဲဆောင်မှုတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြို့နယ်အတွက် ဒီမြို့နယ် အားကစားကွင်းကို အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့ရန်အတွက် လိုအပ်လျက်ရှိနေပါတယ်။ ပြီးတော့ ကျွန်တော်တို့မြို့နယ်မှာ မြို့နယ်အားကစားတာဝန်ခံကိုလည်းပဲ ခန့်ထားပေးပြီးဖြစ်သလို မြို့နယ်အားကစားကွင်းဖောက်လုပ်ဖို့ သတ်မှတ်မြေနေရာ၊ မြေအသုံးပြုခွင့်တွေကိုလည်းပဲ ရရှိပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မေးမြန်းလိုတာကတော့ နန်းယွန်းမြို့နယ် အားကစားကွင်းကို မည်သည့် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှရဲ့ မေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် တွင် မြို့နယ်အားကစားကွင်းကို ဘယ်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးကိစ္စနှင့် ဖြေကြားမှာဖြစ်ပါ တယ်။ ပထမဆုံး ကျွန်တော့်အနေနဲ့ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ အားကစားမှူးနေအိမ်နှင့် ရုံးခန်းကိုအရင်ဆောက်ရပါတယ်။ အဲဒီလုပ်ငန်းအတွက်ကိုလည်း ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေပါပါတယ်။ ကျပ်သန်းပေါင်း ၃၉.၉၈၄ သန်းပါတဲ့ ဒီလုပ်ငန်းကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအားကစားကွင်းအနေနဲ့ ကျွန်တော်တို့ ကြည့်တဲ့အခါမှာတော့ အားကစားကွင်းရဲ့ Location ကို ဘယ်နေရာမှာရှိတယ်ဆိုတာ အရေးကြီးပါ တယ်။ လောလောဆယ် လျာထားတာကတော့ ငါးဧကရှိပြီး ဒီဥစ္စာက သစ်တောကြိုးဝိုင်းထဲမှာ ပါနေပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့လည်း အကယ်၍သာ ဒီနေရာပဲရှိတယ်၊ ဒီနေရာပဲဆောက်ရမယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ သစ်တောဝန်ကြီးနဲ့ ဝန်ကြီးချင်းတိုက်ရိုက်ဆက်သွယ်ပြီးတော့ ဒါကို အမြန်ဆုံး လုပ်အောင်လုပ်ပါမယ်။ သို့သော်လည်း ဒီဟာကမြို့နဲ့တော်တော်ဝေးတဲ့နေရာမှာဆိုရင်တော့ ဘယ်သူ မှသွားမကစားပါဘူး။ အားကစားလုပ်မလား၊ မလုပ်ဘူးလားဆိုတာ Location ဘယ်နေရာမှာ ထက် မြို့ထဲမှာရနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ် ကြီးကိုယ်တိုင်နဲ့ ဒီအစိုးရနဲ့ပံ့ပိုးပြီးတော့ နေရာကောင်းကောင်းရှာပေးရင် ကျွန်တော်တို့ အဲဒီမှာ ရဖို့ အတွက်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလုပ်မှာပါ။ ဒီကိစ္စမှာတော့ သစ်တောကြိုးဝိုင်းကိုတော့ စလုပ်နေပါပြီ။ ၁၀၅၊ ၁၀၆ ရဖို့အတွက်ကို သို့သော်လည်း ကျွန်တော့်အနေနဲ့က ဘယ်လောက်ဝေး လဲတော့မသိဘူး။ သိပ်ဝေးရင်တော့ ဘယ်သူမှသွားမကစားပါဘူး။ အားကစားကွင်းကြီးပဲရှိမယ်။ ဘယ်သူမှသွားမှာမဟုတ်ပါဘူး။ သွားဖို့လည်း ကားနဲ့ဘာနဲ့သွားဖို့ဟာ မလွယ်ပါဘူး။ အကယ်၍

ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်ဒီမှာ အထူးသဖြင့် နာဂ၊ နန်းယွန်း၊ လဟယ်ဒေသကို ကျွန်တော် ဦးစားပေးလုပ်ပါတယ်။ လုံးဝပစ်မထားပါဘူး။

ဒါအရမ်းအရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဆေးခြောက်ရှု၊ ဘာညာ၊ ဆေးသုံး၊ HIV Insect နဲ့ပတ်သက်တဲ့ကိစ္စတွေ မဖြစ်ဖို့ရာ ဒီအားကစားလုပ်မှမဖြစ်တဲ့အတွက် ကျွန်တော်ဦးစားပေးမှာပါ။ အကယ်၍ ဒီမြေပိုင်ကို ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က နှစ်ခု စဉ်းစားထားပါတယ်။ တစ်ခုကတော့ ငွေရှိမယ်ဆိုလို့ရှိရင် မီတာ ၄၀၀ မှာပြေးလမ်းမပါတဲ့ဘောလုံး ကွင်း ကိုက် ၁၂၀၊ ၈၀ ပေနှင့် ဆောက်မယ်ဆိုလို့ရှိရင်တော့ ခန့်မှန်းငွေအနည်းဆုံး သိန်းတစ်ထောင် လောက်ကုန်မှာဖြစ်ပါတယ်။ အဲဒီတော့ မီတာ ၄၀၀ ပြေးလမ်းပါတာဆိုလို့ရှိရင်တော့ အနည်းဆုံး သိန်းတစ်ထောင့်ငါးရာ ပတ်ဝန်းကျင်ကုန်မှာဖြစ်ပါတယ်။ ဒီဟာကလည်း ကျွန်တော်တို့ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ပေးနိုင်ပါတယ်။ ဘာကြောင့်ပေးနိုင်လဲဆိုတော့ ကျွန်တော်တို့ ကျန်းမာရေး ကနေဖွဲ့ပြီးတော့ အားကစားကို ပိုက်ဆံနဲ့ပေးတာရှိနေပါတယ်။ နောင်နှစ်မှာလည်း ကျွန်တော်တို့ ဒီလိုလုပ်ဖို့အစီအစဉ်ရှိတဲ့အတွက် မြေရဖို့ကအဓိကဖြစ်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ မြေရဖို့အတွက်ကို ကိုယ်ဖိရင်ဖိလုပ်ပေးပါလို့ ကျွန်တော် ဒီကနေ မေတ္တာရပ်ခံပါတယ်။ ရမယ်ဆိုရင် ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ဘဏ္ဍာငွေဖြစ်ဖြစ်၊ ပြည်ထောင်စုမှာဖြစ်ဖြစ် ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကျွန်တော်တို့ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**သိုင်းချောင်း-ဆင်ပုတ်အုပ်စုချင်းဆက်လမ်း၌ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည်မည်မျှအတွက် ငွေမည်မျှသုံးစွဲ၍ ကျောက်ချောလမ်းခင်းရန်ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းတွင် လုပ်ငန်းအပ်နှံ သည့်အခါ ကုမ္ပဏီများကို မည်ကဲ့သို့စာချုပ်စည်းကမ်းများဖြင့် လုပ်ငန်းအပ်နှံခဲ့သည်ကိုသိလိုခြင်း၊ ၎င်းလမ်းများသည် ပျက်စီးနေသည်ဖြစ်၍ ကုမ္ပဏီများကိုအရေးယူရန်ရှိ/မရှိနှင့် ၎င်းလမ်းအား ကောင်းမွန်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင် ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စာလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ် တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ လွှတ်တော်မှာကျွန်တော်က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနဲ့ဆိုင်တဲ့မေးခွန်းတစ်ခုကို မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လမ်းတံတားတွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ကျွန်တော်တို့မဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်ဖြူမြို့နယ်မှာလည်း ကျေးလက်လမ်းတွေ ဖောက်လုပ်ပေးလျက်ရှိပါတယ်။ ဒီလမ်းတွေဖောက်လုပ်ဖို့အတွက် ပြည်နယ်အစိုးရက တင်ဒါတွေ ခေါ်ပြီးတော့ ကုမ္ပဏီတွေကိုအလုပ်အပ်ပါတယ်။ ဒေသခံကုမ္ပဏီတွေဆိုတဲ့အခါ Profile မှာတော့

စာရွက်ပေါ်မှာအားလုံးပြည့်ပြည့်စုံစုံပဲရှိပါတယ်။ ဒါပေမဲ့ မြေပြင်မှာအလုပ်လုပ်တဲ့အခါတော့ ယန္တရား မရှိတဲ့ကုမ္ပဏီတွေ ဖြစ်နေကြတာတွေ့ရပါတယ်။ တင်ဒါရတဲ့ကုမ္ပဏီတွေက စေတနာထားမယ်၊ ယန္တရား တွေလည်းပြည့်စုံမယ်၊ သတ်မှတ်ခွင့်ပြုငွေများကိုလည်း သတ်မှတ်ချက်များနှင့်အညီ အသုံးပြုမယ် ဆိုရင် အသုံးပြုပြီးတော့ဖောက်လုပ်မယ်ဆိုရင်တော့ လမ်းဟာကောင်းမှာ သေချာပါတယ်။ အဲဒီလို မဟုတ်ရင်တော့ အရည်အသွေးကောင်းတဲ့လမ်းတွေ ဘယ်လိုမှရနိုင်စရာမရှိပါဘူး။ ကျွန်တော်တို့ ဆီမှာတော့ ဘက်စုံညံ့ဖျင်းနေတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ကျောက်ဖြူမြို့နယ် သိုင်းချောင်းကျေးရွာအုပ်စု နဲ့ဆင်ပုတ်ကျေးရွာအုပ်စုကိုဆက်သွယ်တဲ့လမ်းပေါ်မှာ ၃ မိုင်လောက်ရှည်မယ့်လမ်းကို ခိုင်ဝတီကုမ္ပဏီ နဲ့ရိုးမရတီကုမ္ပဏီတို့က ကျောက်ချောလမ်းပြုလုပ်ပေးခဲ့ကြပါတယ်။ ဧပြီလ၊ မေလမှာလမ်းလုပ်ပါ တယ်။ ဇွန်လ၊ ဇူလိုင်လမှာမိုးရွာတော့ ဇူလိုင်လမကုန်ခင်မှာပဲ လမ်းတွေစပျက်စီးပါတယ်။ ဘာကြောင့်ပျက်စီး ရတယ်ဆိုတာတွေထက် ဘယ်နေရာမှာလမ်းတွေဘယ်လိုပျက်နေတယ်။ ဒီလိုပျက်စီးနေတဲ့အတွက် ကြောင့် လမ်းအသုံးပြုသူတွေ အခက်အခဲတွေ့နေရပါတယ်ဆိုပြီးတော့ ဓာတ်ပုံတွေနဲ့တကွ ကျွန်တော့်ဆီကို လှမ်းပြီးတော့ အချက်အလက်တွေပေးကြပါတယ်။ တိုင်တဲ့သဘောပေါ့ခင်ဗျား။ ဒေသခံတွေပေးပို့တဲ့ မှတ်တမ်းဓာတ်ပုံတွေကိုတော့ လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာကိုတင်ပြတဲ့အခါ ကျွန်တော် ပြည့်ပြည့်စုံစုံ ဘယ်နေရာမှာဘယ်လောက်၊ ဘယ်အိမ်နားမှာဘယ်လောက်၊ လမ်းက မြေပြင်ရဲ့အောက် ကိုရောက်နေတယ်စတာတွေပါ အကုန်လုံးပြည့်ပြည့်စုံစုံဖော်ပြပေးခဲ့ပါတယ်။ ဒါကြောင့် Power Point နဲ့တော့မတင်ပြတော့ပါဘူး။ ဒီလမ်းတွေ ပျက်နေတယ်ဆိုတဲ့နေရာကို ဒီဇင်ဘာလ ၁ ရက်နေ့က ကျွန်တော်ရောက်ခဲ့ပါတယ်။ သက်ဆိုင်ရာကုမ္ပဏီက ပြန်လုပ်ပေးမယ်ဆိုပြီး ပြင်ဆင်နေကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နေ့ မနေ့က ၁၀ ရက်နေ့က ဒေသခံတွေရဲ့ ဆက်သွယ်ပြောကြားချက် အရ ပေ ၁၀၀ ၊ ပေ ၂၀၀ လောက် ပျက်စီးနေတဲ့နေရာမှာ ပေ ၂၀ ၊ ပေ ၃၀ လောက်ကို ကျောက်တွေ ကွက်ကြားကွက်ကြား ချပေးထားတယ်။ ရိုလာတွေလည်းမရှိတော့ ဒီလမ်းကို ဒီအတိုင်းကျောက်ခင်းရုံပဲ ခင်းထားတယ်ဆိုတာလည်း ပြောကြပါတယ်။ ဒီလိုတော့ မဖြစ်သင့်ပါဘူး။ ကုမ္ပဏီတွေဟာ တင်ဒါ စည်းကမ်းနှင့်အညီ လိုက်နာကြရမှာဖြစ်သလို ဌာနဆိုင်ရာတွေကလည်း အလေးထားကြီးကြပ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်တော့ နိုင်ငံတော်က ငွေကြေးတွေ အမြောက်အမြားအကုန်အကျ ခံပေမဲ့ ပြည်သူတွေက လမ်းအကောင်းအသုံးပြုခွင့်မရဘဲနဲ့ ဘဏ္ဍာငွေတွေ အလေအလွင့်ဆုံးရှုံးအောင် ပြုလုပ်နေကြတဲ့သဘောပဲ သက်ရောက်သွားမှာဖြစ်ပါတယ်။ ခက်တာက ပြည်နယ်အစိုးရက တင်ဒါတွေပေးပါတယ်။ ကြီးကြပ်တာက ဌာနဆိုင်ရာတွေက ကြီးကြပ်ရတယ်။ အဲဒီတော့ ဌာနဆိုင်ရာ တွေက ကြီးကြပ်တဲ့အခါ အခက်အခဲတွေ အများကြီးတွေ့ရပါတယ်။ ဒါတွေက ကျွန်တော်တို့ဆီမှာ အခက်အခဲပါပဲ။ ဒါကြောင့် လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာက ဖြေကြားပေးစေလိုတဲ့ မေးခွန်းတွေ ကတော့ (က)သိုင်းချောင်း-ဆင်ပုတ်ကျေးရွာအုပ်စုချင်းဆက်လမ်း၌ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည်မည်မျှအတွက် ငွေမည်မျှသုံးစွဲ၍ ကျောက်ချောလမ်းများခင်း ရန်ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းတွင် ခိုင်ဝတီနှင့် ရိုးမရတီကုမ္ပဏီတို့ကို လုပ်ငန်းအပ်နှံသည့်အခါ မည်ကဲ့သို့စာချုပ် စည်းကမ်းများဖြင့် လုပ်ငန်းအပ်နှံခဲ့သည်ကိုသိရှိလိုပါသည်။ (ခ) ၎င်းအပြင် အဲဒီ ကုမ္ပဏီတို့လုပ်ကိုင်ခဲ့

ကြတဲ့ ကျောက်ချောလမ်းဟာ မေးခွန်းမှာမေးစဉ်က ဖော်ပြထားတဲ့ပူးတွဲပါ ဓာတ်ပုံများမှာတွေ့မြင်ရသကဲ့သို့ ပျက်စီးနေသည်ဖြစ်၍ ကုမ္ပဏီများကို အရေးယူရန်ရှိ/မရှိနှင့် ၎င်းလမ်းကို ကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာကို သိရှိလိုတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်မှမေးမြန်းထားတဲ့ သိုင်းချောင်း-ဆင်ပုတ်ကျေးရွာချင်းဆက်လမ်း၌ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည်မည်မျှအတွက် ငွေမည်မျှသုံးစွဲ၍ ကျောက်ချောလမ်းများခင်းရန် ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းတွင် လုပ်ငန်းအပ်နှံသည့်အခါ ကုမ္ပဏီများကို မည်ကဲ့သို့စာချုပ်စည်းကမ်းများဖြင့် လုပ်ငန်းအပ်နှံခဲ့သည်ကိုသိရှိလိုခြင်း၊ ၎င်းလမ်းများသည် ပျက်စီးနေသည်ဖြစ်၍ ကုမ္ပဏီများကိုအရေးယူရန်ရှိ/မရှိနှင့် ၎င်းလမ်းအား ကောင်းမွန်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာသော အချက်အလက်များနှင့်ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်အတွင်းရှိ သစ်ပုတ်တောင်လမ်းခွဲမှ သိုင်းချောင်းကျေးရွာအုပ်စုနှင့် ဆင်ပုတ်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသောလမ်းသည် အရှည် ၇ မိုင် ၆ ဖာလုံရှိပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့်(၁)တွင်ပါဝင်သောလမ်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၂၁.၇၂ သန်းဖြင့် အဆိုပါလမ်း၏ ၂ မိုင် ၂.၅ ဖာလုံအနက် ၁ မိုင် ၁.၂၅ ဖာလုံအား ခိုင်ဝတီကုမ္ပဏီမှလည်းကောင်း၊ ကျန်ရှိသော ၁ မိုင် ၁.၂၅ ဖာလုံအား ရိုးမရတီကုမ္ပဏီမှလည်းကောင်း တင်ဒါအောင်မြင်၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ကျေးလက်လမ်းဖြစ်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ လွှဲပြောင်းပေးခဲ့ပါတယ်။ အဆိုပါလွှဲပြောင်းပေးခဲ့တဲ့အချိန်မှာ ဒီလမ်းနှစ်လမ်းသည် ယခင်တာဝန်ယူတဲ့ဝန်ကြီးဌာနကနေပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ညှိနှိုင်းပြီးတော့ တင်ဒါခေါ်ယူခဲ့ပြီး ဖြစ်ပြီးတော့ အဆိုပါကုမ္ပဏီနှစ်ခုကိုလည်း ရွေးချယ်တာဝန်ပေးပြီး ဆောင်ရွက်လျက်ရှိတဲ့လမ်းပိုင်းဖြစ်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဆက်လက်တာဝန်ယူခဲ့တဲ့လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှစ်ခုနှင့်စာချုပ်ချုပ်ဆိုဆောင်ရွက်တဲ့နေရာမှာ ကျောက်ချောလမ်းကို လွှဲပြောင်းလက်ခံပြီး နှစ်နှစ်အတွင်းမှာ ပျက်စီးဆုံးရှုံးမှုရှိပါက လုပ်ငန်းလက်ခံဆောင်ရွက်သည့်ကုမ္ပဏီမှ မိမိစရိတ်ဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပေး

ရမည်ဟု စာချုပ်မှာ ထည့်သွင်းချုပ်ဆိုထားပါတယ်။ လမ်းပိုင်းပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ခိုင်ဝတီကုမ္ပဏီနှင့်ရိုးမရတီကုမ္ပဏီတို့ကို ၅-၆-၂၀၁၈ ရက်နေ့နှင့် ၉-၈-၂၀၁၈ ရက်နေ့များတွင်လည်းကောင်း၊ ၁၇-၈-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ရုံးစာများဖြင့် အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့ရာ ၄-၁၂-၂၀၁၈ ရက်နေ့တွင် ခိုင်ဝတီကုမ္ပဏီမှ လုပ်ငန်းစတင်ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ တတိယပတ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရိုးမရတီကုမ္ပဏီကိုလည်း လုပ်ငန်းစတင်ဆောင်ရွက်နိုင်စေရေးအတွက် ထပ်မံအကြောင်းကြားထားပြီးဖြစ်ပါတယ်။ စာချုပ်စည်းကမ်းများနှင့်အညီ တင်ဒါအောင်မြင်သည့် ခိုင်ဝတီကုမ္ပဏီနှင့် ရိုးမရတီကုမ္ပဏီတို့က ၎င်းလမ်းကို ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးချင်လို့ပါ။ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အတွက်ကြောင့် ကြားရတဲ့လွှတ်တော်ကိုယ်စားလှယ်တွေအပြင် ဒေသခံမဲဆန္ဒရှင်တွေလည်း ဒီလောက်ဆိုရင်နားထောင်လို့ရတဲ့ သိရှိပြီးဖြစ်တဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဒီမှာ ဆက်စပ်မေးခွန်းမေးလိုတာကတော့ ကျွန်တော့်မေးခွန်းအပိုင်း(ခ)မှာ ပါဝင်တဲ့ ဒီလမ်းကိုကောင်းမွန်အောင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်းဆိုတဲ့အပိုင်းပါ။ ကျွန်တော်တို့အခုပြီးခဲ့တဲ့မနေ့က ကျွန်တော့်ကိုပေးပို့တဲ့သတင်းအချက်အလက်တွေအရဆိုလို့ရှိရင် လမ်းကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဌာနကလုပ်ခိုင်းတယ်။ လုပ်ခိုင်းတဲ့အခါ ကျောက်တွေကို လာချတယ်။ စတိသဘောမျိုး လာလုပ်တယ်ဆိုပြီးတော့ ဒေသခံတွေက မြင်ကြတယ်။ အဲဒီလို မဖြစ်ဘဲနဲ့ တကယ်လမ်းကောင်းလမ်းမွန်ရအောင် ဝန်ကြီးဌာနအနေနဲ့လည်း ဘယ်လိုကြီးကြပ်ပေးမလဲဆိုတာကို ကျွန်တော်တို့က ဒီအကူအညီတွေလိုတယ်။ အဲဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒီလမ်းတွေအရည်အသွေးပိုကောင်းလာအောင် စာချုပ်ပါစည်းကမ်းများနှင့်အညီ ကုမ္ပဏီတွေက လုပ်ကိုင်ကြအောင် ရခိုင်ပြည်နယ်အစိုးရရယ်၊ ဝန်ကြီးဌာနညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ်ဘယ်လိုရှိမလဲဆိုတာလေးလည်း တစ်ချက်သိရှိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကုမ္ပဏီနှစ်ခုဟာ ဒေသခံရခိုင်အမျိုးသားကုမ္ပဏီများ ဖြစ်ပါတယ်။ အဆိုပါကုမ္ပဏီများသည် ဒေသခံကုမ္ပဏီများဖြစ်တာနှင့်အညီ သူတို့ဒေသအတွက် သူတို့တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပထမတာဝန်ယူခဲ့တဲ့ဝန်ကြီးဌာနက ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ပြီးတော့ တင်ဒါရွေးချယ်တာဝန်ပေးခဲ့တယ်လို့ ကျွန်တော့်အနေနဲ့သိရပါတယ်။ ဒါကြောင့်မို့လို့ ယခုတော့ အဆိုပါဒေသခံရခိုင်အမျိုးသားကုမ္ပဏီများကို ကျွန်တော်တို့အနေနဲ့ ပြင်းပြင်းထန်ထန်သတိပေးထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ ပြန်လည်ပြုပြင်ပေးတဲ့နေရာမှာလည်း အရည်အသွေးကောင်းမွန်အောင် မဆောင်ရွက်ဘဲနဲ့ စတိသဘောမျိုးစာချုပ်ပါစည်းကမ်းအရ ပြန်လည်

ပြုပြင်မယ်ဆိုရင် စတိသဘောမျိုး ကျောက်လေးချပြီးပုံစံမျိုးဆိုရင် လက်မခံပါဘူးခင်ဗျား။ Blacklist သွင်းပြီးတော့ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ချောင်းမ-ကနီကားလမ်းအား လမ်းဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ရန် တိုးချဲ့ဖောက်လုပ်ခဲ့မှုနှင့် လမ်းမြေဧရိယာများ ထပ်မံတိုးချဲ့သတ်မှတ်ခဲ့မှုများတွင် လျော်ကြေး၊ နစ်နာကြေးများ ပေးလျော်နိုင်ရန် ဆောင်ရွက်ပေးခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော့်အနေနဲ့ ချောင်းမ-ကနီလမ်း ဖောက်လုပ်ခဲ့မှုနှင့်ပတ်သက်ပြီးတော့ လယ်ယာမြေနဲ့နှစ်ရှည်သီးပင်တွေ ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ချောင်းမ-ကနီလမ်းဟာ ၁၃ မိုင်ခန့်ရှည်လျားပြီးတော့ ယခင်တုန်း ကတော့ သစ်ထုတ်လုပ်ရေးလမ်းပိုင်း ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာပဲ လမ်းဦးစီးကနေပြီး တော့ ၎င်းလမ်းပိုင်းကို လမ်းမြေချဲ့ဖို့၊ လမ်းအဆင့်မြှင့်တင်ဖို့ရာတွေကို တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ လယ်ယာမြေနဲ့နှစ်ရှည်သီးပင်တွေဖြစ်တဲ့ သနပ်ခါးပင်၊ ဆီး၊ ထန်း၊ အဲဒါတွေ ပျက်စီးဆုံးရှုံးခဲ့တာတွေရှိပါတယ်။ ပျက်စီးဆုံးရှုံးခဲ့ပေမဲ့ လျော်ကြေး၊ နစ်နာကြေးတွေ ရရှိခဲ့ခြင်းမရှိပါဘူး။ ၎င်းလမ်းပိုင်းနဲ့ပတ်သက်ပြီးတော့ပဲ ၂၀၁၈ ခုနှစ်၊ ၅ လပိုင်းမှာ လမ်းဦးစီးဌာနက နေပြီးတော့ လမ်းမြေဂရန်သတ်မှတ်ဖို့၊ ဂရန်ရရှိဖို့ရာဆိုပြီးတော့ လမ်းမြေတိုးချဲ့သတ်မှတ်တာတွေ ထပ်ပြီးတော့ဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ မူလတိုးချဲ့ပြီး လမ်းရဲ့ ဘေးဝဲယာမှာ ပေ ၄၀၊ ၅၀ လောက် ထပ်မံတိုးချဲ့ပြီးတော့ လမ်းနယ်နိမိတ်ကျောက်တိုင်တွေ စိုက်ထူခဲ့တာဖြစ်ပါတယ်။ အဲဒီလိုစိုက်ထူခဲ့တဲ့အတွက် ထပ်ပြီးတော့ ကျွန်တော်တို့ ဒေသခံတွေရဲ့ လယ်ယာမြေတွေနဲ့ နှစ်ရှည်သီးပင်တွေ ဆုံးရှုံးရမလိုဖြစ်နေပါတယ်။ အဲဒီအတွက် ကျွန်တော်မေးမြန်းလို တဲ့မေးခွန်းကတော့ ချောင်းမ-ကနီကားလမ်းအား လမ်းဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ရန် တိုးချဲ့ ဖောက်လုပ်ခဲ့မှုနဲ့ လမ်းမြေဧရိယာများ ထပ်မံသတ်မှတ်တိုးချဲ့ခဲ့မှုများတွင် လျော်ကြေး၊ နစ်နာကြေးများ ပေးလျော်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်မှ မေးမြန်းထားတဲ့ ချောင်းမ-ကနီကားလမ်းအား လမ်းဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ရန် တိုးချဲ့ဖောက်လုပ်မှုနှင့် လမ်းမြေဧရိယာများ ထပ်မံတိုးချဲ့သတ်မှတ်ခဲ့မှုများတွင်

လျော်ကြေး၊ နစ်နာကြေးများပေးလျော်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များနှင့်ပေါင်းစပ်၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်အတွင်းရှိသော ချောင်းမ-ကနီလမ်းပိုင်းသည် မိုင်တိုင်အမှတ်(၀/၀)မှ မိုင်တိုင်အမှတ်(၁၃/၇)အထိ စုစုပေါင်းလမ်း အရှည် ၁၃ မိုင် ၇ ဖာလုံရှည်လျားပြီး စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းမှာ ယခင်က တစ်ရွာနဲ့ တစ်ရွာသို့ ကူးသန်းသွားလာသော ဒိစတြိတ်ကောင်စီလမ်း ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်တို့တွင် ယင်းမာပင်မြို့နယ်အတွင်းရှိ ကွင်းစပ်ရွာအနီး၌ အဲဒီမတ်စုရေနံကုမ္ပဏီက ရေနံအစမ်း တွင်းတူးဖော်ရာမှာ ယင်းမာပင်မြို့နယ်မှ ကနီနယ်စပ် ရင်းဘိုးချောင်းအနီးသို့ ယာဉ်များယာယီသွား လာနိုင်ရန်အတွက် မြေထိုးစက်နှင့် လမ်းအူကြောင်းဖောက်လုပ်၍ ဂျင်းကျောက်ဖြင့်ဖာထေးထားသော လမ်းဖြစ်ပါတယ်။ ချောင်းမ-ကနီလမ်းပိုင်းကို ၂-၁၂-၁၉၉၂ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပိုင်လမ်းအဖြစ် သိမ်းသွင်းခဲ့ပြီးတော့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစပြီးတော့ အကျယ် ၁၂ ပေ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းလမ်းကိုဖောက်လုပ်ခဲ့စဉ်အခါက လမ်းနယ်နိမိတ် အကျယ် သတ်မှတ်ချက်မှာ အကျယ် ပေ ၁၀၀ ဖြစ်ပါတယ်။ အဆိုပါလမ်းသည် ကနီမြို့နယ်နှင့် ကျေးရွာများသို့ဆက်သွယ်ထားသောလမ်းဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ ၁၄-၁-၂၀၁၄ ရက် နေ့စွဲပါစာအမှတ် (က၀ဏ)/လမ်းထွေ/၃၇၁ ဖြင့် မူလလမ်းနယ်နိမိတ်အတိုင်း အကျယ် ပေ ၁၀၀ ဖြစ်ကြောင်း သတ်မှတ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းမ-ကနီလမ်းဖောက်လုပ်ခဲ့စဉ်အခါက လမ်းနယ် အတွင်းပါဝင်သွားခဲ့သော လယ်ယာမြေများကို လျော်ကြေး၊ နစ်နာကြေးများ ပေးချေခဲ့ခြင်းမရှိခဲ့တဲ့ အတွက် လမ်းနယ်အတွင်းပါဝင်သွားတဲ့ လယ်ယာမြေများကို မြေယာလျော်ကြေး၊ နစ်နာကြေးများ သက်ဆိုင်ရာပတ်သက်သူပိုင်ရှင်များမှ တင်ပြတောင်းခံလာတဲ့အချိန်မှာ သင့်လျော်တဲ့လျော်ကြေး ပေးချေနိုင်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ညှိနှိုင်းသွားပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးတဲ့ကော်မတီဝင်များဖြင့် စိစစ်ပြီး အတည်ပြုရယူသွားမှာ ဖြစ်ပါတယ်။ အတည်ပြုချက်ရရှိပါက ရန်ပုံငွေများတင်ပြတောင်းခံသွားပြီးတော့ သတ်မှတ်လျော်ကြေး အတိုင်း ပေးချေနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ဝန်ကြီးအနေနဲ့ အခုလိုမျိုး ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး လမ်းကို ပေ ၁၀၀ လို့ သတ်မှတ်ပြီးတော့ပဲ လျော်ကြေးပေးမယ်လို့ အဲဒီလိုပဲကျွန်တော်နားလည်ပါတယ်။ တကယ်တမ်း ဒီလမ်းဟာ ကျွန်တော် ပြောမယ်ဆိုရင် အရင်ကလေးဘဝကတည်းက အဲဒီလမ်းကအမြဲတမ်းသွားလာနေတဲ့လမ်းဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စနှင့်ပတ်သက်ပြီး ဒေသခံတွေက ကျွန်တော်တို့ဆီကိုလည်း လက်မှတ်တွေထိုးပြီးတော့

လျော်ကြေးတွေရဖို့ရန် တောင်းဆိုထားတာတွေရှိပါတယ်။ အဲဒီကိစ္စကို လမ်းဧရိယာကိုထပ်ပြီးတော့ သေချာအောင် မနေ့ကပဲ ဒေသခံတွေကိုတိုင်းခိုင်းပါတယ်။ တကယ်တမ်းက သူတို့အခုလမ်းနယ်နိမိတ် တိုးချဲ့ စိုက်ထားတာတွေက ပေ ၁၀၀ မကပါဘူး။ ကျွန်တော်တို့ ၁၀၀ ပေ ပိုပြီး ၄၀၊ ၅၀ စိုက်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကျွန်တော်ထပ်ပြီး မေးမြန်းလိုတာက ပေ ၁၀၀ ပဲ လုပ်မယ်ဆိုရင် ခုနကကျွန်တော်တို့ ပေ ၄၀၊ ၅၀ လောက် ပိုပြီးတော့ဖောက်ထားတာထက် ချဲ့ထားတဲ့ လမ်းနယ်နိမိတ်တိုင်တွေကို ပေ ၁၀၀ ပဲပြန်စိုက်ပေးနိုင်ဖို့ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ် မေးခွန်းအနေနဲ့ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီးများမှာ မူလလမ်းနယ်နိမိတ်သတ်မှတ်ချက်သည် ပေ ၁၅၀ ဖြစ်ပါတယ်။ လမ်းစင်တာကနေ့ တစ်ဖက်ကို ၇၅ ပေစီ ပေ ၁၅၀ သည် ပြည်ထောင်စုလမ်း များအားလုံးအတွက် သတ်မှတ်ချက်ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုပါလမ်းပိုင်းကို ကျွန်တော်တို့ ဒီချောင်းမ-ကနီလမ်းပိုင်းသွားကြည့်တဲ့အခါမှာ ချောင်းမ-ကနီလမ်းဆိုတာလည်း မူလတုန်းက လမ်းမရှိ ပါဘူးခင်ဗျား။ ဒီရေနံရှာဖွေရေးအဖွဲ့တွေသွားတဲ့ လမ်းပေါ်အခြေခံပြီး ပြည်သူတွေသွားရင်းနဲ့ လမ်းဖြစ်သွားတာဖြစ်တဲ့အတွက် လမ်းတစ်လျှောက်မှာ ရွာတွေချည်းရှိနေတဲ့အခါကျတော့ ဒီအချိန်မှာ ကျွန်တော်တို့ ၁၅၀ သတ်မှတ်လိုက်လို့ရှိရင် ကျွန်တော်တို့ အခက်အခဲတွေအများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ အခုကျွန်တော်တို့ရဲ့ လမ်းမကြီးများဥပဒေအရက ရွာတွင်း၊ မြို့တွင်းဆိုရင် လမ်းလယ် သည် ပေ ၁၀၀ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတစ်လမ်းလုံးသည် စုစုပေါင်းဒီလမ်းရဲ့အရှည်ကလည်းပဲ ကျွန်တော်တို့ ၁၃ မိုင် ၇ ဖာလုံပဲရှည်တာဖြစ်တဲ့အတွက် တစ်လမ်းလုံးမှာလည်း ဒီရွာတွေနဲ့ အိမ်တွေ ရှိနေတဲ့အတွက် တစ်လမ်းလုံးကို ပေ ၁၀၀ လို့သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ Gazette မြေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းနယ်သည် လမ်းစင်တာ တစ်ဖက်လျှင် ပေ ၅၀ စီ စုစုပေါင်း ပေ ၁၀၀ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပွင့်ဖြူမြို့နယ်၊ မင်းဘူး-စလင်းကားလမ်းမပေါ်ရှိ အန္တရာယ်ကွေ့များအား အန္တရာယ်ကင်းရှင်းအောင် ဖြောင့်တန်း ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပြီး မင်းဘူး-စလင်းကားလမ်းမပေါ်မှာရှိတဲ့ အန္တရာယ်ကွေ့များအား အန္တရာယ်ကင်းရှင်းအောင် ဖြောင့်တန်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် နှစ်လမ်းမောင်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူး-စလင်းကားလမ်းပေါ်ရှိ (၀/၀)မိုင်မှ ၂၉ မိုင်အား ကောင်းမှုကုမ္ပဏီမှ B.O.T စနစ်ဖြင့်ဆောင်ရွက်နေသော လမ်းပိုင်းဖြစ်ပါတယ်။ ၂၅-၁၁-၂၀၀၉ ရက်နေ့မှစတင်တာဝန်ယူဆောင်ရွက်ခဲ့တဲ့လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းကို စတင်ဆောင်ရွက်စဉ်ကပင် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးဖြစ်ပါတယ်။ ပဋိညာဉ်စာချုပ်မှာ ဆောင်ရွက်ရမယ့်လုပ်ငန်းများ (၁၅)ချက်၊ စံချိန်စံညွှန်းတွေ၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူရဲ့တာဝန်ဝတ္တရားအချက်တွေ ၃၀ ချက်ပါဝင်ပြီး ဖြစ်ပါတယ်။ သို့သော်လည်း ဒီလမ်းပိုင်းမှာ အန္တရာယ်ကွေ့များစွာ ရှိနေပါတယ်။ ဒီကွေ့တွေထဲမှာ အရေးကြီးဆုံးကွေ့များမှာတော့ စစ္စလီကွေ့၊ သက်သာပန်းတောင်းကွေ့၊ ကန်သာကြီးကွေ့၊ အုတ်ပုံကွေ့၊ လက်မဲကန်ကွေ့တို့ဖြစ်ပါတယ်။ ယာဉ်အသွားအလာများပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုတွေဟာ ပိုမိုပြီးတော့မကြာခဏဖြစ်ပေါ်လာတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ်သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ မိုင်တိုင်အမှတ် ၄ မိုင် ၃ ဖာလုံမှာရှိတဲ့ စစ္စလီကွေ့ဖြစ်ပါတယ်။ ဒါကတော့ ၁၇ မိုင် ၃ ဖာလုံမှာရှိတဲ့ သက်သာပန်းတောင်းကွေ့ ဖြစ်ပါတယ်။ အဲဒီ သက်သာပန်းတောင်းကွေ့မှာပဲ ဆိုင်ကယ်တွေဟာ အကွေ့မှာအရှိန်လွန်ပြီးတော့ ကားကိုဝင်တိုက်တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ၁၉ မိုင် ၇ ဖာလုံမှာရှိတဲ့ ကန်သာကြီးကွေ့ဖြစ်ပါတယ်။ ဒီကွေ့ကလည်း မကြာခဏဆိုသလို ဆိုင်ကယ်တိမ်းမှောက်မှုတွေ ဖြစ်တယ်။ ဘာသာရေးနည်းတွေနဲ့ ပရိတ်တွေရွတ်တယ်။ ပဌာန်းတွေရွတ်တဲ့အထိ လုပ်ရတဲ့ကွေ့ဖြစ်ပါတယ်။ ဒါကတော့ မိုင်တိုင်အမှတ် ၂၉ မှာရှိတဲ့ လက်မဲကန်ကွေ့ဖြစ်ပါတယ်။ ဒါကတော့ ပွင့်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ကွေ့တွေမှာ ယာဉ်မတော်တဆမှုတွေစာရင်းမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပြထားတဲ့ ဇယားပါ။ ဒီဇယားကိုကြည့်ခြင်းအားဖြင့် ဖြစ်ပွားမှုအရေအတွက်ကို သိရှိနိုင်ပါတယ်။ စစ္စလီကွေ့၊ သက်သာပန်းတောင်းကွေ့၊ ကန်သာကြီးကွေ့၊ အုတ်ပုံကွေ့၊ လက်မဲကန်ကွေ့တွေမှာ မကြာခဏဆိုင်ကယ်တိမ်းမှောက်မှုတွေ၊ ယာဉ်တိုက်မှုတွေဖြစ်ပေါ်ပြီး ကျိုးပဲ့ဒဏ်ရာများ၊ အသက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လေ့ရှိပါတယ်။ ထိုကဲ့သို့ မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရန် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းမှမေးမြန်းထားတဲ့ မင်းဘူး-စလင်းကားလမ်းပေါ်ရှိ အန္တရာယ်ကွေ့များအား အန္တရာယ်ကင်းရှင်းအောင် ဖြောင့်တန်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် နှစ်လမ်းသွားဖောက်လုပ်ပေးရန်နဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းသည် မိုင်တိုင် ၀ မှ မိုင်တိုင်(၆၉/၇)အထိ စုစုပေါင်း ၆၉ မိုင် ၇ ဖာလုံရှိပြီး ၎င်း

၆၉ မိုင်အနက် စုစုပေါင်း ၂၉ မိုင်လမ်းပိုင်းသည် ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း၏ မိုင်တိုင်(၂၉/၀)မှ မိုင်တိုင်(၆၉/၀) အထိ စုစုပေါင်း ၄၀ မိုင် ၂ ဖာလုံသည် လမ်းဦးစီးမှဆောင်ရွက်သည့်အပိုင်းဖြစ်ပြီး ၆၉ မိုင် ၂ ဖာလုံမှ ၇ ဖာလုံအထိ စုစုပေါင်း ၅ ဖာလုံသည် နှင်းသဇင်ကုမ္ပဏီမှ B.O.T ဖြင့် ဆောင်ရွက်သောလမ်းပိုင်းဖြစ်ပါတယ်။ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်ရှိ အန္တရာယ်ကွေ့များဖြစ်သည့် ၄ မိုင် ၃ ဖာလုံ(စစ္စလီကွေ့) နေရာတွင် အကျယ် ၁၈ ပေလမ်းမှ အကျယ် ၂၄ ပေအထိတိုးချဲ့၍ လမ်းဖြောင့်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် ကျောက်ခင်းခြင်းဆောင်ရွက်နေပြီဖြစ်ပြီးတော့ ၁၇ မိုင် ၂ ဖာလုံမှ ၄ ဖာလုံအကြားတွင် သက်သာပန်းတောင်းကွေ့နေရာ၌ လမ်းကွေ့ဖြောင့်ရန်အတွက် မြေသားတာပေါင်လုပ်ငန်းအတွက် မြေဖို့ခြင်း၊ လမ်းအကွေ့တွင် အမြင်ရှင်းစေရန် သစ်ပင်လေးပင်ကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ၁၉ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား ကန်သာကြီးကွေ့နေရာတွင် ကွေ့အတွင်းရှိတဲ့ သစ်ပင်ငါးပင်ကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေသားတာပေါင်ဖို့၍ လမ်းဖြောင့်ခြင်း၊ မိုင်တိုင် ၂၈ မိုင် ၇ ဖာလုံမှ မိုင်တိုင် ၂၉ မိုင် ၁ ဖာလုံအတွင်း လက်မဲကန်ကွေ့နေရာတွင် ကွေ့အမြင်ရှင်းလင်းရန်အတွက် သစ်ပင်တွေ ခုတ်ထွင်ဖယ်ရှားခြင်း၊ နယ်ခြားဆိုင်းဘုတ်များ နေရာရွှေ့ပြောင်းခြင်းလုပ်ငန်းများနှင့် မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းများကို လက်ရှိဆောင်ရွက်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းအတွင်းမှာရှိတဲ့ မင်းဘူး-စလင်းကားလမ်းပေါ်မှာရှိတဲ့ အန္တရာယ်ကွေ့တွေအားလုံးကို အကျယ် ၁၈ ပေမှ အကျယ် ၂၄ ပေအထိ လမ်းချဲ့ထွင်ခြင်းလုပ်ငန်းများအားလုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အပြီး၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တခဏရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို ၁၆-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၂၉-၂-၂၀၁၈ ရက်နေ့တွင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၉၆

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဒီ ဇင် ဘာ လ ၇ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၅-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၁၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂၀၁၈ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက်နေ့အမျိုးသားလွှတ်တော်မှ အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တီထွင်သူများနှင့် တီထွင်မှုကို အသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန် အကျိုးပြုစေရန်၊

(ဃ) တီထွင်သူများနှင့် တီထွင်မှုကို သုံးစွဲသူများ၏အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊

(င) တီထွင်မှု မူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၇-၁၁-၂၀၁၈ ရက်နေ့(အင်္ဂါနေ့)၊ ၃၀-၁၁-၂၀၁၈ ရက်နေ့(သောကြာနေ့)၊ ၃-၁၂-၂၀၁၈ ရက်(တနင်္လာနေ့)၊ ၄-၁၂-၂၀၁၅ ရက်နေ့(အင်္ဂါနေ့)နှင့် ၆-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ချက်များကို ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယား တင်ပြထားပြီးဖြစ်တဲ့အတွက် တင်ပြခြင်း မပြုတော့ပါဘူး။

၄။ သို့ဖြစ်ပါ၍ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၃၉၆

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဒီ ဇင် ဘာ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏၁၅-၂-၂၀၁၈ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈- ၁၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီအကာအကွယ်ပေးရန်၊

(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တီထွင်သူများနှင့် တီထွင်မှုကို အသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊

(ဃ) တီထွင်သူများနှင့်တီထွင်မှုကို သုံးစွဲသူများ၏အခွင့်အရေးနှင့် စောင့်ထိန်းရမည့်တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊

( င) တီထွင်မှု မူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၇-၁၁-၂၀၁၈ ရက် အင်္ဂါနေ့၊ ၃၀-၁၁-၂၀၁၈ ရက် သောကြာနေ့၊ ၃-၁၂-၂၀၁၈ရက် တနင်္လာနေ့၊ ၄-၁၂-၂၀၁၅ရက် အင်္ဂါနေ့နှင့် ၆-၁၂-၂၀၁၈ရက် ကြာသပတေးနေ့တို့တွင် ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ စီးပွား ရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်က စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်းပေါင်း(၂၄) ခန်းနှင့် အပိုဒ်ပေါင်း ၁၁၅ ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၁၄၄)ချက်ကို သဘောတူလက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

တီထွင်မှုမူပိုင်ခွင့်ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

(ဃ) အခန်း(၁)အပိုဒ် ၁ အပိုဒ်ခွဲ(ခ)ရှိ နေ့ရက် ဆိုသည့် စကားရပ်ကို နေ့ ဟု ပြင်ဆင် သဖြင့် ဤဥပဒေကြမ်းတွင် ပါရှိသော နေ့ရက် ဆိုသည့် စကားရပ်ကို နေ့ ဟု အသီးသီးပြင်ဆင်ပါသည်။

(င) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ခ) ဗဟိုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ကိုဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) နှင့်(င) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မူကြမ်း**

(ဃ)သက်ဆိုင်ရာ
ဝန်ကြီးဌာနဆိုသည်မှာပြည်ထောင်စုအစိုးရ၏ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကိုဆိုသည်။

(င) အေဂျင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောမူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကိုဆို သည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ရှိ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ကို မူပိုင်ခွင့်မှတ်ပုံတင်ခြင်း ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဈ) မူပိုင်ခွင့်(Intellectual Property Rights) ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သောတီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့်အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများလည်းပါဝင်သည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ (ဏ)ရှိ တီထွင်မှု မူပိုင်ခွင့်ရရှိသူ၏အခွင့်အရေးများကို ဆိုသည့် စကားရပ်ကို တီထွင်မှု မူပိုင်ခွင့်ရရှိသူနှင့် ယင်း၏အခွင့်အရေးများကို ဟုပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(တ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) သာမန်တတ်ကျွမ်းသူ ဆိုသည်မှာ သက်ဆိုင်သည့်တီထွင်မှုဆိုင်ရာနည်းပညာနယ်ပယ် သို့မဟုတ်ယင်းနှင့်ဆက်စပ်မှုရှိသော နည်းပညာနယ်ပယ်တွင်ကျွမ်းကျင်သူမဟုတ်သည့် ယေဘုယျ သိရှိနားလည်သူကိုဆိုသည်။

(ဋ) အခန်း(၃) အပိုဒ် ၄အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ရန် မူပိုင်ခွင့် ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ဒုတိယသမ္မတ ဥက္ကဋ္ဌ

(ဌ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၄) နှင့်(၅) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(၄) အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ အဖွဲ့ဝင်

**မူကြမ်း**

ဒုတိယဝန်ကြီးများသို့မဟုတ်ညွှန်ကြားရေး မှူးချုပ်များ

(၅) လေးဦးထက်မပိုသောမူပိုင်ခွင့်ဆိုင်ရာပညာ အဖွဲ့ဝင် ရှင်များ

(ဍ) အပိုဒ် ၅ အပိုဒ်ခွဲ (က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုး တိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊မဟာဗျူဟာများ၊လုပ်ငန်းစီမံချက်များချမှတ်ခြင်း၊

(ပ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ခ) အေဂျင်စီကတင်ပြလာသည့် မလွှဲမသွေပေးရမည့်လိုင်စင် ထုတ်ပေးနိုင်ရေး အတွက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဏ) အမျိုးသား လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ (ခ) ကိုအပိုဒ် ၅ အပိုဒ်ခွဲ(ဂ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အမျိုးသားအဆင့် ဆိုသည့်စကားရပ် ကိုပယ်ဖျက်ပြီး၊ လုပ်ငန်းစီမံချက်များတို့အား ဆိုသည့် စကားရပ်ကို လုပ်ငန်းစီမံ ချက်များကို ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၅ အပိုဒ်ခွဲ(င) ကို အပိုဒ် ၅ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(စ) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင် ရန်သက်ဆိုင်ရာ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်း များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ထ) အပိုဒ် ၅ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ ရှိ အထောက်အပံ့များ ရရှိရေးအတွက် ဆိုသည့်စကားရပ်ကို အထောက်အပံ့များ ရရှိစေရေးအတွက် ဟုပြင်ဆင်ပါသည်။

(ဒ) အခန်း (၄) အပိုဒ် ၆ အပိုဒ်ခွဲ (က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(ဓ) အပိုဒ်၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ရှိ နှင့်နည်းပညာ ဆိုသည့်စကားရပ်ကို ပယ်ဖျက် ပါသည်။

(န) အပိုဒ် ၈ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မူကြမ်း**

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ပ) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)တွင် ပါရှိသော အမျိုးသားအဆင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဖ) အပိုဒ် ၈ အပိုဒ်ခွဲ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(စ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့်လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဗ) အပိုဒ် ၈ အပိုဒ်ခွဲ(ဠ) ရှိ အခကြေးငွေများကို ဆိုသည့် စကားရပ်နောက်တွင် ဗဟိုကော်မတီမှတစ်ဆင့် ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(ဘ) အပိုဒ် ၈ အပိုဒ်ခွဲ (ဌ) ရှိ တီထွင်မှု မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ကို တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်း ဟုပြင်ဆင်ပါသည်။

(မ) အပိုဒ် ၈ အပိုဒ်ခွဲ (ឋ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ឋ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း

(ယ) အခန်း(၅)အပိုဒ် ၉ခေါင်းစဉ်နှင့်ပုဒ်မခွဲ(က)တို့ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်း ကိစ္စရပ်များကိုထုတ်ပြန်ကြေညာခြင်း၊

(ရ) အပိုဒ် ၉ အပိုဒ်ခွဲ (ဂ) ရှိ မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ ဆိုသည့်စကားရပ်ကို မူပိုင်ခွင့်ဆိုင်ရာ ဟု ပြင်ဆင်ပါသည်။

(လ) အခန်း(၇)အပိုဒ်၁၃ ရှိ အကာအကွယ်ရရှိနိုင်သော တီထွင်မှုများ ဆိုသည့်စကားရပ်ကို အကာအကွယ်ရရှိနိုင်သော တီထွင်မှု ဟုပြင်ဆင်ပါသည်။

(ဝ) ပုဒ်မ၁၃ပုဒ်မခွဲ(ခ) ရှင်းလင်းချက် ရှိ အလွယ်တကူ ဆိုသည့် စကားရပ်နောက် တွင် နားလည်နိုင်စွမ်းမရှိလျှင် ဆိုသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

**မူကြမ်း**

(သ) အခန်း(၈) အပိုဒ် ၁၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅) ရှိ တွေ့ရှိရသောသက်ရှိများနှင့် ဇီဝပစ္စည်းများ၏တစ်ကိုယ်လုံး ဆိုသည့်စကားရပ်ကို တွေ့ရှိရသော သက်ရှိနှင့် ဇီဝပစ္စည်း တစ်ခုလုံး ဟုပြင်ဆင်ပါသည်။

(ဟ) အခန်း(၉) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ရှိ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက် အစောဆုံးတင်သွင်းသူ ဆိုသည့်စကားရပ်ကို တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက် ဦးစွာတင်သွင်းသူ ဟုပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)ရှိ ယခင်အလုပ်ရှင်မှ ဆိုသည့် စကားရပ်ကို ယခင်အလုပ်ရှင်က ဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၁၇အပိုဒ်ခွဲ(ဃ)ရှိ ဆန့်ကျင်ကွဲလွဲမှုမရှိပါက ဆိုသည့်စကားရပ်ကို ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် ဟုလည်းကောင်း၊ အပိုဒ်ခွဲ(င)ရှိ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့တွင် ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(က)၊ (ဂ)နှင့်(ဃ)တို့တွင် ဟုပြင်ဆင်ပါသည်။

(-) အခန်း(၁၀) အပိုဒ်၂၁ရှိ မှတ်ပုံတင်အရာရှိက ဆိုသည့်စကားရပ်ကို ဦးစီးဌာန က ဟု ပြင်ဆင်ပြီး၊ လက်ခံရရှိသည့်နေ့သည် ဆိုသည့် စကားရပ်နောက်တွင် နိုင်ငံတော်တွင် ဆိုသည့် စကားရပ်ဖြည့်စွက်ပါသည်။

(-) အပိုဒ် ၂၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၂။(က) တီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ တီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားချက် ဖြစ်ရမည်ဖြစ်ပြီး အဆိုပါ ရေးသားချက်တွင် လျှောက်ထားသည့်နေ့ သို့မဟုတ် ဦးစားပေး အခွင့်အရေး တောင်းဆိုပါက ဦးစားပေး အခွင့်အရေးတောင်းဆိုသည့်နေ့၌ တီထွင်သူသိရှိထားသည့် အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြရမည်။

(-) အပိုဒ် ၂၄ အပိုဒ်ခွဲ(က) ရှိ အစောဆုံး ဆိုသည့်စကားရပ်ကို ဦးစွာ ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၅ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဂ) ပုဒ်မခွဲ(က)အရ ညွှန်ကြားသော်လည်းလျှောက် ထားသူများသည် ယင်းတို့ အချင်းချင်း သဘော တူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့် အညီဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

(-) အပိုဒ် ၂၆ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော သတ်မှတ်ကာလအတွင်း စစ်ဆေးပေးရန် တောင်းဆိုခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို စွန့်လွှတ် သည် ဟုမှတ်ယူမည်ဖြစ်သည်။

(-) အပိုဒ် ၂၈ အပိုဒ်ခွဲ(က) ရှိ မှတ်ပုံတင်ခွင့်ပြုခြင်း ဆိုသည့် စကားရပ်ကို မှတ်ပုံ တင်ရန် ခွင့်ပြုခြင်း ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)ရှိ လျှောက်ထားချက် တစ်ခုထက်ပိုသော လျှောက်ထားချက် ဆိုသည့်စကားရပ်ကို တစ်ခုထက်ပိုသော လျှောက်ထားချက် ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ်၂၈ အပိုဒ်ခွဲ(ဃ)ရှိ ရုပ်သိမ်းပေးရန် ဆိုသည့်စကားရပ်နောက်တွင် မှတ်ပုံတင် အရာရှိထံ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(-) အခန်း(၁၁) အပိုဒ် ၃၀ အပိုဒ်ခွဲ(က)ရှိ မိမိ၏ ဆိုသည့်စကားရပ်ကို ပယ်ဖျက် ပါသည်။

(-) အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)ရှိ လျှောက်ထားသူထံ အကြောင်းကြားရမည် ဆိုသည့် စကားရပ်ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်း ကြားရမည် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ်၃၀အပိုဒ်ခွဲ(ဂ)ရှိ လျှောက်ထားချက်ကိုမှတ်ပုံတင်အရာရှိထံမိမိ၏သဘောထား မှတ်ချက်နှင့် အတူတင်ပြရမည် ဆိုသည့်စကားရပ်ကို သဘောထားမှတ်ချက်နှင့် အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၁ အပိုဒ်ခွဲ(က) ရှိ အခွင့်အရေးများပေးရန် ဆိုသည့်စကားရပ်နောက်တွင် မှတ်ပုံတင် အရာရှိထံ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(-) အပိုဒ် ၃၁အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။(က)(၂) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုနှင့်စပ်လျဉ်း သည့်လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(-) အပိုဒ် ၃၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ရှိ သတ်မှတ်သည့် အချိန်ကာလအတွင်း ဆိုသည့် စကားရပ်ကို သတ်မှတ်သည့် ကာလအတွင်း ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၃ ရှိ အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည် ဆိုသည့်စကားရပ်ကို အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့်သတ်မှတ် သည့်အခကြေးငွေပေးသွင်းပြီးမှတ်ပုံတင်အရာရှိထံကန့်ကွက်လွှာတင်သွင်းနိုင်သည် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(-) အပိုဒ် ၃၆ ရှိ ညီညွတ်ခြင်းရှိမရှိစစ်ဆေး၍ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုရန်သင့်၊မသင့် မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည် ဆိုသည့် စကားရပ်ကို ညီညွတ်ခြင်းရှိမရှိစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည် ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၇ အပိုဒ်ခွဲ(က) ရှိစိစစ်၍ ဆိုသည့်စကားရပ်ကို စိစစ်ပြီး ဟုပြင်ဆင် ပါသည်။

(-) အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) တီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုခြင်း သို့မဟုတ်ငြင်းပယ်ခြင်းကိုမှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ်ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် တီထွင်မှု မူပိုင်ခွင့် လက်မှတ်ကို လျှောက်ထားသူထံထုတ်ပေးရမည်။

(-) အပိုဒ် ၄၀ အပိုဒ်ခွဲ (က) ကို အောက်ပါတိုင်း ပြင်ဆင်ပါသည်-

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ် မူရင်းပျက်စီးသို့မဟုတ် ပျောက်ဆုံးပါကမိတ္တူမှန် ထပ်မံထုတ်ပေးရန် သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင် အရာရှိ ထံလျှောက်ထားနိုင်သည်။

(-) အပိုဒ် ၄၂ အပိုဒ်ခွဲ(က)ရှိ စပ်ဆိုင်သော ဆိုသည့်စကားရပ်ကို ဆက်စပ်သော ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ)ကို အောက်ပါတိုင်း ပြင်ဆင်ပါသည်-

(ခ) သဘောထားမှတ်ချက် လက်ခံရရှိပြီးနောက် သက်ဆိုင်သည့် ဝန်ကြီးဌာန သည် ကင်းရှင်းခြင်းမရှိသည့် လျှောက်ထားချက်ကို စစ်ဆေးခြင်းပြုလုပ်ရန်၊ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရဌာနသို့ လွှဲပြောင်းပေးရန် လျှောက်ထားသူအား သင့်လျော်သည့် လျော်ကြေးပေး၍ဆောင်ရွက်နိုင်သည်။

(-) အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)ကို အောက်ပါတိုင်း ပြင်ဆင်ပါသည်-

(ဂ) နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသောအချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို မှတ်ပုံတင်အရာရှိထံ တီထွင်မှု မူပိုင်ခွင့်လျှောက်ထား ပြီး ပုဒ်မခွဲ(က)အရ

သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(-) အပိုဒ် ၄၂ အပိုဒ်ခွဲ (ဃ) ကို အောက်ပါတိုင်း ပြင်ဆင်ပါသည်-

(ဃ) တီထွင်မှု မူပိုင်ခွင့် လျှောက်ထားသူသည် ပုဒ်မခွဲ(ခ)အရ သင့်လျော်သည့် လျော်ကြေးရရှိရန် သက်ဆိုင်သည့်ဝန်ကြီးဌာနသို့ တောင်းဆိုနိုင်သည်။ ပေးအပ်သော လျော်ကြေးပမာဏကို ကျေနပ်မှုမရှိပါက မူပိုင်ခွင့်တရားရုံးသို့ လျှောက် ထားနိုင်သည်။

(-) အခန်း (၁၂) အပိုဒ် ၄၃ နှင့် အပိုဒ် ၄၄ တို့ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၃။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏လွှဲပြောင်းပေးခြင်းခံရသူသည် စတင်လျှောက်ထားခဲ့သည့်နေ့မှ တစ်နှစ်အတွင်း ဦးစီးဌာနသို့တူညီသောတီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင်အဆိုပါ စတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့် နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၄။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည် ဆိုင်ရာကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် တီထွင်မှုအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ တစ်နှစ်အတွင်း ဦးစီးဌာနတွင် တူညီသော တီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါ စတင်ခင်းကျင်း ပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ်ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးခံစားရမည်။

(-) အခန်း(၁၃) ခေါင်းစဉ်ကို တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့်နှစ်စဉ်ကြေး ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)ရှိ တီထွင်မှုမူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည် ဆိုသည့် စကားရပ်ကို တီထွင်မှု မူပိုင်ခွင့်ကို ထုတ်ပြန်ကြေငြာခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်သည် ဟုပြင်ဆင်ပါသည်။

(-) အခန်း(၁၄) အပိုဒ်၅၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) ရှိ ယင်း ဆိုသည့်စကားရပ်ကို ၎င်း ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၅၃ ရှိ အလုပ်သမားက ဆိုသည့်စကားရပ်ကို အလုပ်သမားကသာ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၅၄ အပိုဒ်ခွဲ( c)ကို အောက်ပါတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

(င) တီထွင်မှု မူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ယင်း၏သဘောတူညီချက်အရဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့် ရရှိထားသည့် ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်း၊

(-) အပိုဒ်၅၅ အပိုဒ်ခွဲ(ဃ) ရှိ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဂ) ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) ဟုပြင်ဆင်ပါသည်။

(-) အခန်း(၁၅)အပိုဒ် ၅၆ အပိုဒ်ခွဲ (က) ရှိ ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ ဆိုသည့်စကားရပ်ရှေ့တွင် ယင်း၏လျှောက်ထားချက်ကို ဆိုသည့်စကားရပ်ကိုဖြည့်စွက်ပါသည်။

(-) အပိုဒ် ၅၆ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) တီထွင်မှု မူပိုင်ခွင့်ရရှိသူသည်ယင်း၏တီထွင်မှု မူပိုင်ခွင့်ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(-) အပိုဒ် ၅၇ရှိ တောင်းဆိုလျှင် ဆိုသည့်စကားရပ်ကို လျှောက်ထားလျှင် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၅၉အပိုဒ်ခွဲ(ခ)ရှိ ရုပ်သိမ်းရမည် ဆိုသည့်စကားရပ်ကို ရုပ်သိမ်းစေရမည် ဟုပြင်ဆင်ပါသည်။

(-) အခန်း(၁၆) အပိုဒ် ၆၁ ရှိ တီထွင်မှု မူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့် ဆိုသည့် စကားရပ်ကို တီထွင်မှု မူပိုင်ခွင့်ရရှိသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ဖြင့်ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၆၃ ရှိ တီထွင်မှု မူပိုင်ခွင့်ရရှိသူနှင့် ဆိုသည့် စကားရပ်ကို တီထွင်မှု မူပိုင်ခွင့်ရရှိသူ သို့မဟုတ် ဟုပြင်ဆင်ပါသည်။

(-) အခန်း(၁၇) အပိုဒ် ၆၅ အပိုဒ်ခွဲ(က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၅။(က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်အဖွဲ့အစည်း တစ်ရပ်ရပ်သည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မလွဲမသွေပေးရမည့် လိုင်စင်ကို သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားနိုင်သည်-

(-) အပိုဒ် ၆၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) ရှိ လုပ်ကိုင်ခွင့်ရရှိသူမှ ဆိုသည့် စကားရပ် ကို လုပ်ကိုင်ခွင့်ရရှိသူ၏ ဟုလည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဆုံးဖြတ်ပြီး၊

ဆိုသည့်စကားရပ်ကို အုပ်ချုပ်ရေးအဖွဲ့အစည်းက ဆုံးဖြတ်ပြီးနောက် ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၆၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) နှင့်(၅)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(၄) တီထွင်မှုကို ပြည်တွင်းတွင် ထုတ်လုပ်ခြင်းဖြင့် သော်လည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းဖြင့်သော်လည်းကောင်း လုံလောက်သည့် အရေအတွက် သို့မဟုတ် လုံလောက်သည့်အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ပြည်တွင်းတွင် မရရှိနိုင်ခြင်း၊

(၅) ဒုတိယတီထွင်မှု မူပိုင်ခွင့်သည်စီးပွားရေးတွင် သိသာစွာအကျိုးရှိမည့် အရေးကြီးသော နည်းပညာအဆင့်မြှင့်မှု တစ်ရပ်ပါသည့် တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် တောင်းဆိုရာတွင် အဆိုပါတီထွင်မှုသည် ပထမ တီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့်ဆက်စပ်နေပြီး၊ ယင်းကို ချိုးဖောက်ခြင်းမရှိဘဲ ဒုတိယတီထွင်မှု မူပိုင်ခွင့်ကို မဆောင်ရွက် နိုင်ခြင်း။

(-) အပိုဒ် ၆၆ အပိုဒ်ခွဲ(က) ရှိ ရပ်စဲပေးရန် တောင်းဆိုချက်အပေါ် နှစ်ဖက်စလုံးမှဖြစ်စေ၊ ဆိုသည့်စကားရပ်ကို ရပ်စဲပေးရန် တီထွင်မှု မူပိုင်ခွင့်ရရှိသူက တောင်းဆိုလာလျှင် နှစ်ဖက်စလုံးမှဖြစ်စေ၊ ဟုလည်းကောင်း၊ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိတော့လျှင်လည်းကောင်း၊ ဆိုသည့်စကားရပ်ကို ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းခြင်း မရှိလျှင် သော်လည်းကောင်း၊ ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၆၆ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မခွဲ(က) တွင် မည်သို့ပင် ဖော်ပြစေကာမူ အေဂျင်စီသည် ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(က)အရ လိုင်စင်ကို ရပ်စဲရမည်ဖြစ်သော်လည်း ဟုလည်းကောင်း၊ အဆိုပါလိုင်စင်ကိုရပ်စဲခြင်းမပြုရ ဆိုသည့်စကားရပ်ကို အေဂျင်စီသည် အဆိုပါလိုင်စင်ကို ရပ်စဲခြင်းမပြုရ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၆၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၇။ မလွှဲမသွေပေးရမည့် လိုင်စင်သည် သီးသန့်အခွင့်အရေးမရရှိသောလိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် သက်ဆိုင်ခြင်းမရှိစေရ-

(က) တီထွင်မှု မူပိုင်ခွင့်ရရှိသူကိုယ်တိုင် ပြည်တွင်း၌ ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ပြည်တွင်းသို့ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ယင်း၏ တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် သဘောတူစာချုပ်များကိုချုပ်ဆိုခြင်း၊

**မူကြမ်း**

(ဂ) တီထွင်မှု မူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၂ တွင်ပါရှိသော ယင်း၏ အခွင့်အရေးများကိုကျင့်သုံးဆဲဖြစ်ခြင်း။

(-) အပိုဒ် ၆၈ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၈။ အေဂျင်စီသည် ပုဒ်မ ၆၅ အရ မလွဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးသည့် အခါ-

(-) အပိုဒ် ၆၉ အပိုဒ်ခွဲ(က)ရှိ ၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၃၀) ရက်နေ့ ဆုံးဖြတ်ချက်ပါ စည်းကမ်း ချက်များကို သင့်လျော်သလို ထည့်သွင်းစဉ်းစားနိုင်သည် ဆိုသည့် စကားရပ်ကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ(၃၀) ရက်နေ့ ဆုံးဖြတ်ချက်ပါ စည်းကမ်းချက် များကို ထည့်သွင်းစဉ်းစားနိုင်သည် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၆၉အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့မှ လေးနှစ် သို့မဟုတ် တီထွင်မှု မူပိုင်ခွင့် ခွင့်ပြုသည့်နေ့မှ သုံးနှစ်မတိုင်မီကာလများအနက် ပို၍နောက်ကျ သည့်ကာလ အတွင်းတွင် ပုဒ်မ ၆၅ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)တွင် ဖော်ပြထား သကဲ့သို့ တီထွင်မှု မူပိုင်ခွင့်ရရှိထားသော ထုတ်ကုန်သို့မဟုတ် တီထွင်မှု မူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့်ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်သည့်အကြောင်းပြချက်ဖြင့် မလွဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်းမပြုနိုင်။ ထို့ပြင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ သည် ယင်း၏မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင် မှုအပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါ လျှောက်ထားချက်ကို ငြင်းဆိုရမည်။

(-) အပိုဒ်၆၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၇၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၁ နှင့်အပိုဒ် ၇၂ ခေါင်းစဉ် တို့ရှိ မလွဲမသွေထုတ်ပေးရမည့် လိုင်စင်သည် ဆိုသည့်စကားရပ်ကို မလွဲမသွေပေး ရမည့် လိုင်စင်သည်ဟု အသီးသီး ပြင်ဆင်ပါသည်။

(-) အပိုဒ် ၇၃ ရှိ တရားရုံးသို့ ဆိုသည့်စကားရပ်ကို မူပိုင်ခွင့်တရားရုံးသို့ ဟု ပြင်ဆင် ပါသည်။

(-) အခန်း(၁၈) အပိုဒ် ၇၄ အပိုဒ်ခွဲ(က)နှင့်(ခ) တို့ရှိ ဦးစီးဌာနတွင် ဆိုသည့်စကားရပ် ကို မှတ်ပုံတင်အရာရှိထံ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၇၆ ကို အောက်ပါ အတိုင်းပြင်ဆင်ပါသည်-

၇၆။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မ ၇၇ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက တီထွင်မှု မူပိုင်ခွင့်

တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းပေးရန်မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(-) အပိုဒ် ၇၈ ခေါင်းစဉ်ရှိ မှတ်ပုံတင်စာရင်းမှပယ်ဖျက်နိုင်သည်- ဆိုသည့်စကားရပ်ကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရမည်- ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၇၈ အပိုဒ်ခွဲ(က)ရှိ လျှို့ဝှက်ထားရှိရန် အမိန့်ကို ဖောက်ဖျက်ခြင်း ဆိုသည့်စကားရပ်ကို လျှို့ဝှက်ထားရှိမှုကို ဖောက်ဖျက်ခြင်း ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၇၈ အပိုဒ်ခွဲ(ခ) ရှိ အခကြေးငွေပေးသွင်းထားမှု ဆိုသည့်စကားရပ်ကို နှစ်စဉ်ကြေးပေးသွင်းထားမှု ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၇၈ အပိုဒ်ခွဲ(ဂ) ရှိ ပုဒ်မ ၂၀၊ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၇) ပါ အတိုင်းသတ်မှတ် ဆိုသည့်စကားရပ်ကို ပုဒ်မ၂၀၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၇)နှင့်အညီ ဟု ပြင်ဆင်ပါသည်။

(-) အခန်း(၁၉) အပိုဒ် ၈၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၈၀။(ခ)(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာအရာဝတ္ထုများ၊ အခြားသောအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(-) အပိုဒ် ၈၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)ရှိ အရာများနှင့် ဆိုသည့်စကားရပ်ကို အရာများ၊ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၈၂ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီးလျှောက်ထားချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(-) အပိုဒ် ၈၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၈၂ အရ တင်ပြသည့် သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကိုအများပြည်သူ သိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါကကန့်ကွက်နိုင်ရန်သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(-) အပိုဒ် ၈၅ အပိုဒ်ခွဲ(ဂ)ရှိ ထို့အပြင် ဆိုသည့်စကားရပ်ကို ထို့ပြင် ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၈၈ရှိ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တို့ကို တစ်ပြိုင်နက်တည်းဖြစ်စေ၊ အပြိုင်ဖြစ်စေ လျှောက်ထားခြင်းမပြုရ ဆိုသည့်စကားရပ်ကို တီထွင်မှုမူပိုင်ခွင့်

လျှောက်ထားချက်နှစ်မျိုးကို တစ်ပြိုင်နက်တည်းဖြစ်စေ၊ တစ်ခုပြီးမှတစ်ခုဖြစ်စေ အပြိုင် လျှောက်ထားခြင်းမပြုရ ဟုပြင်ဆင်ပါသည်။

(-) အခန်း(၂၀)အပိုဒ်၉၀ရှိ အပြည်ပြည်ဆိုင်ရာ လျှောက်ထားသည့်နေ့ရက်ကို ဆိုသည့် စကားရပ်ကို အပြည်ပြည်ဆိုင်ရာတွင် လျှောက်ထားသည့်နေ့ကို ဟု ပြင်ဆင်ပါ သည်။

(-) အခန်း(၂၁) အပိုဒ် ၉၃ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) ပုဒ်မခွဲ(ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

(-) အခန်း(၂၂) အပိုဒ် ၉၅ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ပုဒ်မ ၉၄ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

(-) အပိုဒ် ၉၆ အပိုဒ်ခွဲ(က) နှင့်(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၉၇ နှင့် ပုဒ်မ ၉၈ တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေး ရန်မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင် သည်။

(ခ) အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ အရေးယူပေးရန် မူပိုင်ခွင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(-) အခန်း(၂၃) အပိုဒ် ၉၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) ရှိ ကုန်သွယ်မှု လမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးရန် အတွက်သင့်သည့် ထင်မြင်သည့်အမိန့်၊ ဆိုသည့် စကားရပ်ကို ကုန်သွယ်မှုလမ်းကြောင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန်သင့်သည် ထင်မြင်သည့်အမိန့်၊ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၉၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) ရှိ ထိန်းသိမ်းထားရန်အတွက် ဆိုသည့် စကားရပ်ကို ထိန်းသိမ်းထားရန် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၉၇ အပိုဒ်ခွဲ(ခ) ခြေဆင်းရှိ အောက်ပါတို့ကို တောင်းဆိုနိုင်သည်-ဆိုသည့် စကားရပ်ကို အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည်- ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၉၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉၇။ (က)(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူ ဖြစ်ကြောင်း၊ ယင်း၏အခွင့် အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်

ရန်အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(-) အပိုဒ် ၉၇ အပိုဒ်ခွဲ(ဂ) နှင့်(ဃ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉၇။(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က)ပါ အမိန့်အရယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သောမည်သည့် သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့သတ်မှတ်ထားခြင်းမရှိခဲ့လျှင်ယာယီ အရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၉၈၊ ပုဒ်မခွဲ(ခ)ကို မထိခိုက်စေဘဲ ပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)နှင့်ပုဒ်မ ၉၈၊ ပုဒ်မခွဲ(က)တို့ အရချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(-) အပိုဒ် ၉၇ အပိုဒ်ခွဲ (င)ရှိ သင့်လျော်မျှတသောလျော်ကြေးကို ဆိုသည့်စကားရပ်ကို သင့်လျော်သော လျော်ကြေးကို ဟုပြင်ဆင်ပါသည်။

(-) အပိုဒ်၉၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

(-) အပိုဒ် ၉၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) ရှိ ကာလအတွင်း ဆိုသည့်စကားရပ်ကို အချိန်ကာလအတွင်း ဟုလည်းကောင်း၊ ရက်ပေါင်း၂၀ ရက် ဆိုသည့်စကားရပ်ကို ရက်ပေါင်း ၃၀ ရက် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(-) အပိုဒ် ၉၉ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉၉။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၉၆ ပုဒ်မခွဲ (ခ)အရ စွဲဆိုမှုတွင် မူပိုင်ခွင့် တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

**မူကြမ်း**

(-) အပိုဒ် ၉၉ အပိုဒ်ခွဲ (က) ရှိ မဝင်ရောက်စေရန် ဆိုသည့်စကားရပ်ကို ဝင်ရောက်လာခြင်းကို ဟုလည်းကောင်း၊ ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည့် ထင်မြင်သည့်အမိန့်၊ ဆိုသည့်စကားရပ်ကို ထိပါးချိုးဖောက်မှုအတွက်တားမြစ်သည့် အမိန့်၊ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၀၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)ရှိ မဝင်ရောက်စေရန် တားမြစ်စေခြင်းနှင့် ဆိုသည့်စကားရပ်ကို ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂)ရှိ မဝင်ရောက်စေရန် အပြီးအပြတ်ဖယ်ရှားခြင်း ဆိုသည့်စကားရပ်ကို ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၀၀ အပိုဒ်ခွဲ(ခ) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က) အရ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(-) အပိုဒ် ၁၀၀အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)ရှိ အကျိုးသက်ရောက်မှုနှင့်၊ ဆိုသည့်စကားရပ်ကို အကျိုးသက်ရောက်မှု ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၀၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀၁။ တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခံရသည် ဟုမရိုးမဖြောင့်သော သဘောဖြင့်မမှန်မကန် တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးဆောင်ရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထား သူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(-) အပိုဒ် ၁၀၂အပိုဒ်ခွဲ(က)ရှိ တရားပြိုင်ကို အမိန့်ချမှတ်နိုင်သည် ဆိုသည့်စကားရပ် ကို လျှောက်ထားခံရသူကို အမိန့်ချမှတ်နိုင်သည် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၀၂ အပိုဒ်ခွဲ(ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀၂။(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က)အရ သက်သေခံ အထောက်အထား တင်ပြရန်တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် လျှောက်ထားခံရသူကယင်း၏ ထုတ်လုပ်မှု နည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာလျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်းမရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

(-) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀၄ ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(-) အခန်း(၂၄) အပိုဒ် ၁၀၆ ခေါင်းစဉ်ကို အပိုဒ် ၁၀၅ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀၅။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင် သည် -

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(-) အပိုဒ် ၁၀၇ ကို အပိုဒ် ၁၀၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထိုသူအား ဆိုသည့် စကားရပ်ကို ထိုသူကို ဟုပြင်ဆင်ပါသည်။

(-) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၁၀၈ နှင့် ၁၁၂ တို့ကို ပယ်ဖျက်ပါသည်။

(-) အခန်း(၂၅) အပိုဒ် ၁၁၀ ကို အပိုဒ် ၁၀၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဆင်ခြင်တုံတရားဖြင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(-) အပိုဒ် ၁၁၃ ကို အပိုဒ် ၁၁၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဦးစီးဌာနက ဆိုသည့် စကားရပ်ရှေ့တွင် ကိုယ်စားလှယ် သို့မဟုတ် ဆိုသည့်စကားရပ် ဖြည့်စွက်ပါသည်။

၄။ သို့ဖြစ်ပါ၍ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၃-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာသန်းအောင်စိုး(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကော်မတီလုပ်ငန်းဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီရဲ့တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အနှစ်ချုပ်ကိုသာ ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

### နိဒါန်း

ကော်မတီရဲ့ဒုတိယသက်တမ်းဖြစ်တဲ့ ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအား သိရှိနိုင်ပါရန် ဒုတိယအကြိမ် နှစ်ပတ်လည်အစီရင်ခံစာကို ပြုစုတင်ပြအပ်ပါသည်။

### ရည်ရွယ်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ခေတ်မီနည်းပညာများအသုံးပြု၍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ရန် ကျေးလက်နေပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြေယာအငြင်းပွားမှုများကို ကူညီဖြေရှင်းပေးနိုင်ရန်တို့ဖြစ်ပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၁၉-၂-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၆)ဖြင့် ကော်မတီအဖွဲ့ဝင် ၁၅ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးရဲ့ ၁၀-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၁၆)၊ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)၊ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)၊ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် အစားထိုးခြင်း၊ လဲလှယ်ခြင်း၊ အသစ်ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ မိမိတို့ကော်မတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ၁၂ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် နှစ်ဦး၊ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်ပါတီဝင်တစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တစ်ဦး၊ တပ်မတော်သားကိုယ်စားလှယ် သုံးဦးတို့ ပါဝင်ပါတယ်။

**ကော်မတီရဲ့တာဝန်များ**

ကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရသည်။ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရသည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ထိန်း ထိန်းညှိကူညီသည်။ သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရသည်။ ကော်မတီနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖြစ်သည်။ ကော်မတီက စိစစ်ရတဲ့ဥပဒေတွေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စိစစ်ရမည့်ဥပဒေ ၂၃ ခုအနက် အတည်ပြု ပြဋ္ဌာန်းပြီးဥပဒေ ၁၃ ခု၊ စိစစ်ဆဲဥပဒေ ၇ ခု၊ ပြင်ဆင်ရန်မလိုသည့်ဥပဒေ ၂ ခုနှင့် ရုပ်သိမ်းမည့်ဥပဒေတစ်ခုတို့အား နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၁ ကြိမ်၊ တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်မြေများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေး ၁၀ ကြိမ်၊ ဝန်ကြီးဌာနနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၇ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့်ညှိနှိုင်းအစည်းအဝေး ၁၀ ကြိမ်၊ နိုင်ငံခြား Call ၆ ကြိမ် စုစုပေါင်း ၄၃ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအကြောင်းအရာများအား နောက်ဆက်တွဲ(ခ)ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။ Workshop၊ Seminar၊ Training တက်ရောက်ခဲ့မှုများကို နောက်ဆက်တွဲ(ဂ)ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အဖွဲ့ဝင် ဦးခွန်သန်းထူး ၄-၉-၂၀၁၇ ရက်နေ့မှ ၉-၉-၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သို့လည်းကောင်း၊ အဖွဲ့ဝင် ဦးရွှေကိုသည် ၁၄-၉-၂၀၁၇ ရက်နေ့မှ ၂၀-၉-၂၀၁၇ ရက်နေ့အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့တွင်ကျင်းပသည့် ၃၈ ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့လည်းကောင်း သွားရောက်ခဲ့ပါသည်။

**တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများ အရေးယူဆောင်ရွက်ခြင်း**

၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့အထိ မိမိတို့ကော်မတီသို့လိပ်မူ၍ ပေးပို့သည့် တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာများ စုစုပေါင်းအရေအတွက်မှာ ၃၃၅ စောင် ဖြစ်ပါသည်။ ယင်း

စုစုပေါင်းအရေအတွက် ၃၃၅ စောင်အနက် ၆၃ စောင်ကို လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့လည်းကောင်း၊ ၄၂ စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့လည်းကောင်း၊ ၉၂ စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့လည်းကောင်း၊ ၃ စောင်ကို သက်ဆိုင်ရာကော်မတီများသို့လည်းကောင်း လွှဲပြောင်းပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၏ဖြေရှင်းဆောင်ရွက်ချက်များအား တိုင်ကြားတင်ပြလာသည့် တောင်သူများထံသို့ ၄၂ စောင် ပြန်ကြားပေးပို့ထားပါသည်။ မိတ္တူပေးပို့လာသည့် ၈၁ စောင်ကို မှတ်တမ်းအနေဖြင့် ထိန်းသိမ်းထားရှိပြီး ၁၂ စောင်သည် ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

**သုံးသပ်အကြံပြုချက်**

ကော်မတီသက်တမ်းနှစ်နှစ်အတွင်း ကော်မတီမှ စိစစ်သုံးသပ်ရမည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ State Holder အမျိုးမျိုးနှင့်တွေ့ဆုံပြီး အကြံပြုချက်များ ရယူနိုင်ခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများကို တွေ့ဆုံခြင်းဖြင့် ပကတိအခြေအနေများကို သိရှိခွင့်ရ၍ ဆက်လက်တွေ့ဆုံဆွေးနွေးမှုများအား ပြုလုပ်သွားသင့်ကြောင်း အကြံပြုအပ်ပါသည်။ လွှတ်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများ မေးမြန်းခြင်း၊ ပါဝင်ဆွေးနွေးခြင်းများသည် ကော်မတီ၏လုပ်ငန်းများအတွက် အထောက်အကူပြုခဲ့ပါသည်။ ယခုသက်တမ်းနှစ်နှစ်ပြည့်ပြီးကာလတွင် ကော်မတီ၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင် လည်ပတ်ဆောင်ရွက်လာနိုင်ပြီးဖြစ်ရာ ပြည်သူများ၏အခြေခံနယ်မြေများသို့ လာရောက်ကွင်းဆင်းကြည့်ရှုရန် ဖိတ်ခေါ်စာများအရ ကွင်းဆင်းလုပ်ငန်းများကို စနေ၊ တနင်္ဂနွေ သို့မဟုတ် လွှတ်တော်အားလပ်ရက်များတွင် ပိုမိုဆောင်ရွက်သင့်သည်ဟုလည်း အကြံပြုအပ်ပါသည်။ လေ့လာညှိနှိုင်းစိစစ်ရမည့် ဝန်ကြီးဌာန၏စီမံကိန်းနှင့်ဘတ်ဂျက်များကို သိရှိလာခြင်း၊ ဦးစီးဌာနများနှင့်တွေ့ဆုံဆွေးနွေးခဲ့ခြင်း၊ ကော်မတီဝင်ဦးရေပိုမိုများပြားလာခြင်းများကြောင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို ယခုထက်ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း အစီရင်ခံအပ်ပါသည်။

**နိဂုံး**

ပြည်သူတို့၏လိုအပ်ချက်ဆန္ဒများ၊ အကြံပြုချက်များကို ယခုထက်ပိုမိုသိရှိနိုင်အောင် ကြိုးစားအကောင်အထည်ဖော်လျက် အခြားတစ်ဖက်မှာလည်း အထူးသဖြင့် ကော်မတီနှင့်တိုက်ရိုက်သက်ဆိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ အပြန်အလှန်ထိန်းကျောင်းပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မိမိတို့ကော်မတီ၏အစီရင်ခံစာအား ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

## စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၁၉.၂.၂၀၁၆ ရက်နေ့တွင်စတင်ဖွဲ့စည်းခဲ့ပြီး ၁၈.၂.၂၀၁၇ ရက်နေ့တွင် ပထမသက်တမ်းပြည့်မြောက်ခဲ့၍ ၁၉.၂.၂၀၁၇ ရက်နေ့တွင် ဒုတိယသက်တမ်း အဖြစ်ထပ်မံတိုးမြှင့်ခဲ့ပါသည်။

ကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ၁၉.၂ .၂၀၁၆ ရက်နေ့မှ ၁၈.၂.၂၀၁၇ ရက်နေ့အထိ ကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကျင်းပသည့် ၂၁.၆.၂၀၁၇ ရက် နေ့တွင်လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ပြီး ၃.၇. ၂၀၁၇ ရက်နေ့တွင် လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

ကော်မတီ၏ ဒုတိယသက်တမ်းဖြစ်သည့် ၁၉.၂.၂၀၁၇ ရက်နေ့မှ ၁၈.၂.၂၀၁၈ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအား သိရှိနိုင်ပါရန် ဒုတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာကို ပြုစုတင်ပြအပ်ပါသည်။

### ရည်ရွယ်ချက်

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်မြေယာအငြင်းပွားမှုများကို ကူညီဖြေရှင်းပေးနိုင်ရန်တို့ဖြစ်ပါသည်။

### ဖွဲ့စည်းခြင်း

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၁၉.၂.၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၆ ဖြင့် အောက်ပါကော်မတီအဖွဲ့ဝင် (၁၅)ဦးတို့နှင့်စတင်ဖွဲ့စည်း ပေးခဲ့ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (က) | ဦးရန်လင်း | ကျိုက်လတ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုး | ချောင်းဦး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဂ) | ဦးစောထွန်း | မုဒုံ | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းထူး | နမ့်ဆန် | အဖွဲ့ဝင် |
| (င) | ဒေါက်တာတင်ဌေးအောင်<br>(ခ) ဦးတိုးရွှေ | ရေစကြို | အဖွဲ့ဝင် |
| (စ) | ဒေါက်တာသန်းအောင်စိုး | မင်းလှ | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းခတ္တိယ | မိုင်းဆတ် | အဖွဲ့ဝင် |
| (ဇ) | ဦးခွန်သန်းထူး | ဆီဆိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းသန့်ဇင် | သီပေါ | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်မြင့် | ရပ်စောက် | အဖွဲ့ဝင် |
| (ဋ) | ဦးရွှေကို | ကျောက်ပန်းတောင်း | အဖွဲ့ဝင် |
| (ဌ) | ဦးမိုးရွှေ | ပူတာအို | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်ဝေ | ဝ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးခင်မောင်ထွန်း | တပ်မတော်သား<br>ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမောင်မောင်ဦး | အင်းစိန် | အတွင်းရေးမှူး |

ပြည်သူ့လွှတ်တော်ရုံး၏ ( ၁၀.၃.၂၀၁၆ ) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၁၆ ဖြင့် ဦးဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်) အစား ဦးအောင်ကျော်ဟိန်း(တနသ်ာရီမဲဆန္ဒနယ်)ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ (၁၆.၂.၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)ဖြင့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးကြီးခင်မောင်ထွန်း အစား ဗိုလ်မှူးကြီးခင်မောင်ချိုကိုလည်းကောင်း ပြောင်းလဲအစားထိုးပေးခဲ့ပြီး ပြည်သူ့လွှတ်တော်ရုံး၏(၁၆.၂.၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)ဖြင့် ဦးအောင်မြင့်(သာယာဝတီမဲဆန္ဒနယ်)နှင့် ဦးကျော်တင်(ဆောမဲဆန္ဒနယ်) တို့ကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ (၁၆.၂.၂၀၁၇)ရက်စွဲပါ အမိန့် အမှတ်(၁/၂၀၁၇)ဖြင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်းနှင့်

**မူကြမ်း**

ဒုတိယဗိုလ်မှူးကြီးကျော်မိုးအောင်တို့ကို လေ့လာသူများအဖြစ်လည်းကောင်း ထပ်မံထည့်သွင်းဖွဲ့စည်းပေးခဲ့ပါသည်။

ယခုလက်ရှိကော်မတီဖွဲ့စည်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (က) | ဦးရန်လင်း | ကျိုက်လတ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုး | ချောင်းဦး | အဖွဲ့ဝင် |
| (ဂ) | ဦးစောထွန်း | မုဒုံ | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ကျော်ဟိန်း | တနင်္သာရီ | အဖွဲ့ဝင် |
| (င) | ဒေါက်တာတင်ဌေးအောင် | ရေစကြို | အဖွဲ့ဝင် |
| | (ခ) ဦးတိုးရွှေ | | |
| (စ) | ဒေါက်တာသန်းအောင်စိုး | မင်းလှ | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းခတ္တိယ | မိုင်းဆတ် | အဖွဲ့ဝင် |
| (ဇ) | ဦးခွန်သန်းထူး | ဆီဆိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းသန့်ဇင် | သီပေါ | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်မြင့် | ရပ်စောက် | အဖွဲ့ဝင် |
| (ဋ) | ဦးရွှေကို | ကျောက်ပန်းတောင်း | အဖွဲ့ဝင် |
| (ဌ) | ဦးမိုးရွှေ | ပူတာအို | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်ဝေ | ဝ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးခင်မောင်ချို | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်မြင့် | သာယာဝတီ | အဖွဲ့ဝင် |
| (တ) | ဦးကျော်တင် | ဆော | အဖွဲ့ဝင် |
| (ထ) | ဦးမောင်မောင်ဦး | အင်းစိန် | အတွင်းရေးမှူး |
| (ဒ) | ဗိုလ်မှူးကြီးခင်မောင်ထွန်း | တပ်မတော်သား | လေ့လာသူ |

**မူကြမ်း**

ကိုယ်စားလှယ်

(ဓ) ဒု-ဗိုလ်မှူးကြီးကျော်မိုးအောင် ။ လေ့လာသူ

မိမိတို့ကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် (၁၂)ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်(၂)ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီဝင် (၁)ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် (၁)ဦးနှင့် တပ်မတော်သားကိုယ်စားလှယ်( ၃)ဦး တို့ပါဝင်ပါသည်။

**ကော်မတီ၏သက်တမ်း**

၄။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ပါသည်။ လိုအပ်ပါက ထပ်မံသက်တမ်းတိုးနိုင်ပါသည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရသည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် ၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့ တင်ပြရသည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရသည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကိုကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရသည်။

**ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များ**

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးလမ်းညွှန်ချက်ဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါကော်မတီ၏တာဝန်များကိုလည်းကောင်း ဦးဆောင်၍ ကျေပွန်အောင်ဆောင်ရွက်ရသည်။

**မူကြမ်း**

၇။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌတို့၏ တာဝန်ပေးလမ်းညွှန်ချက်နှင့်အညီ ကော်မတီလုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရသည်။

**ကော်မတီနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန**

၈။ ကော်မတီနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဖြစ်သည်။

**ကော်မတီကစိစစ်ရမည့်ဥပဒေများ**

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စိစစ်ရမည့် ဥပဒေ(၂၃)ခုအနက် အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ (၁၃)ခု၊ စိစစ်ဆဲဥပဒေ(၇)ခု၊ ပြင်ဆင်ရန် မလိုသည့် ဥပဒေ (၂) ခုနှင့် ရုပ်သိမ်းမည့်ဥပဒေ(၁)ခုတို့အား နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၁၉.၂.၂၀၁၇ ရက်နေ့မှ ၁၈.၂.၂၀၁၈ ရက်နေ့အထိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၁)ကြိမ်၊ တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများမှ ကိုယ်စားလှယ်များနှင့်ညှိနှိုင်းအစည်းအဝေး(၁၀) ကြိမ်၊ ဝန်ကြီးဌာနနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့် ညှိနှိုင်းအစည်းအဝေး (၁၀)ကြိမ်၊ နိုင်ငံခြား Call (၆) ကြိမ် ၊ စုစုပေါင်း (၄၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၁။ ပြည်တွင်း ၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအကြောင်းအရာများအား နောက်ဆက်တွဲ(ခ) ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

၁၂။ Workshop ၊ Seminar ၊ Training တက်ရောက်ခဲ့မှုများကို နောက်ဆက်တွဲ(ဂ)ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**နိုင်ငံခြားခရီးစဉ်**

၁၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးခွန်သန်းထူးသည် ၄.၉.၂၀၁၇ ရက်နေ့မှ ၉.၉.၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သို့လည်းကောင်း၊ အဖွဲ့ဝင်ဦးရွှေကိုသည် ၁၄.၉. ၂၀၁၇ ရက်နေ့မှ ၂၀.၉.၂၀၁၇ ရက်နေ့အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့ တွင်ကျင်းပသည့် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့လည်းကောင်း သွားရောက်ခဲ့ပါသည်။

**တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများ အရေးယူဆောင်ရွက်ခြင်း**

**မူကြမ်း**

၁၄။ ၁၉.၂.၂၀၁၇ ရက်နေ့မှ ၁၈.၂.၂၀၁၈ ရက်နေ့အထိ မိမိတို့ကော်မတီသို့ လိပ်မူ ပေးပို့သည့် တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာများ စုစုပေါင်းအရေအတွက်မှာ (၃၃၅)စောင်ဖြစ်ပါသည်။ ယင်းစုစုပေါင်းအရေအတွက် (၃၃၅)စောင်အနက် (၆၃)စောင်ကို လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့လည်းကောင်း၊ (၄၂)စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့လည်းကောင်း၊ (၉၂)စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့လည်းကောင်း၊ (၃)စောင်ကို သက်ဆိုင်ရာကော်မတီများသို့လည်း ကောင်း လွှဲပြောင်းပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့ရုံးများ၏ ဖြေရှင်းဆောင်ရွက်ချက်များအား တိုင်ကြား တင်ပြလာသည့်တောင်သူများထံသို့ (၄၂) စောင်ပြန် ကြားပေးပို့ထားပါသည်။ မိတ္တူပေးပို့လာသည့် (၈၁)စောင်ကိုမှတ်တမ်းအနေဖြင့် ထိန်းသိမ်း ထားရှိပြီးကျန် (၁၂)စောင်သည် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## သုံးသပ်အကြံပြုချက်

၁၅။ ကော်မတီသက်တမ်း(၂) နှစ်အတွင်းတွင် ကော်မတီမှစိစစ်သုံးသပ်ရမည့်စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ (Stakeholder) အမျိုးမျိုးနှင့်တွေ့ဆုံပြီး အကြံပြုချက် များရယူနိုင်ခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများကိုတွေ့ဆုံခြင်းဖြင့် ပကတိအခြေအနေများကို သိရှိခွင့် ရ၍ ဆက်လက်တွေ့ဆုံဆွေးနွေးမှုများအား ပြုလုပ်သွားသင့်ကြောင်း အကြံပြုအပ်ပါသည်။

လွှတ်တော်တွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများ မေးမြန်းခြင်း၊ ပါဝင်ဆွေးနွေးခြင်းများသည်လည်း ကော်မတီ၏လုပ်ငန်းများအတွက် အထောက်အကူ ပြုခဲ့ပါသည်။ ယခုသက်တမ်း (၂) နှစ်ပြည့်ပြီးကာလတွင် ကော်မတီ၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင် လည်ပတ်ဆောင်ရွက်လာနိုင်ပြီးဖြစ်ရာ ပြည်သူများမှ အခြေခံနယ်မြေများသို့ လာရောက်ကွင်းဆင်းကြည့်ရှုရန် ဖိတ်ခေါ်စာများအရ ကွင်းဆင်းလုပ်ငန်းများကို စနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် လွှတ်တော်အားလပ်ရက်များတွင် ပိုမိုဆောင်ရွက်သင့်သည်ဟုလည်း အကြံပြုအပ်ပါသည်။

လေ့လာညှိနှိုင်းစိစစ်ရမည့်ဝန်ကြီးဌာန၏ စီမံကိန်းနှင့်ဘတ်ဂျက်များကိုသိရှိလာခြင်း၊ ဦးစီးဌာန များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ၊ ကော်မတီဝင်ဦးရေ ပိုမိုများပြားလာခြင်းများကြောင့်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ယခုထက်ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဟုမျှော်လင့်ပါကြောင်း အစီရင်ခံအပ်ပါသည်။

## နိဂုံး

၁၆။ ပြည်သူတို့၏လိုအပ်ချက်ဆန္ဒများ၊ အကြံပြုချက်များကို ယခုထက်ပိုမိုသိရှိနိုင်အောင် ကြိုးစားအကောင်အထည်ဖော်လျက် အခြားတစ်ဖက်မှာလည်း အထူးသဖြင့်ကော်မတီနှင့် တိုက်ရိုက် သက်ဆိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်၍

အပြန်အလှန် ထိန်းကျောင်းပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မိမိတို့ကော်မတီ၏အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင် ပါရန်လေးစားစွာတင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ (က)**

**စိုက်ပျိုးရေးမွေးမြူရေးနှင့်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကစိစစ်လျက်ရှိသောဥပဒေများ**

**အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ ( ၁၃ ) ခု**

| စဉ် | ဥပဒေအမည်၊အမှတ်၊ခုနှစ်၊အတွဲ အမှတ် | သက်ဆိုင်သည့်ဝန်ကြီး ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၀ / ၂၀၁၂) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၃၀.၃.၂၀၁၂) ရက်နေ့တွင် အသစ်ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နည်းဥပဒေလည် ထွက်ရှိပြီး ဖြစ်ပါသည်။ |
| ၂ | လယ်ယာမြေဥပဒေ (ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်-၁၁/၂၀၁၂) | ။ | (၃၀. ၃. ၂၀၁၂)ရက်နေ့တွင် အသစ်ရေးဆွဲပြဋ္ဌာန်း ပြီးဖြစ်ပါသည်။ နည်းဥပဒေလည်း ထွက်ရှိပြီးဖြစ်ပါသည်။ |
| ၃ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၃၂/၂၀၁၃) | ။ | (၁၉ .၁၁. ၂၀၁၄) ရက်နေ့တွင် ပြင်ဆင်သည့်ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၄၇/၂၀၁၄) နည်းဥပဒေလည်းထွက်ရှိပြီးဖြစ်ပါသည်။ |
| ၄ | မျိုးစေ့ဥပဒေ<br>(နာယကဥပဒေအမှတ်-၁ /၂၀၁၁ ) | ။ | ( ၁၈ . ၂. ၂၀၁၅ ) ရက်နေ့တွင် ပြင်ဆင်သည့်ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။<br>( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၅ /၂၀၁၅) |
| ၅ | မြေသြဇာဥပဒေ<br>( ဥပဒေအမှတ် - ၇ / ၂၀၀၂ ) | ။ | ( ၂၃ . ၃ . ၂၀၁၅ ) ရက်နေ့တွင် ပြင်ဆင်သည့်ဥပဒေ အဖြစ်အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၅ /၂၀၁၅) |
| ၆ | မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၄၁ /၂၀၁၅) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ( ၁၄ . ၇ . ၂၀၁၅ ) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်း ပြီးဖြစ်ပါသည်။ |

**မူကြမ်း**

| | | | |
|---|---|---|---|
| ၇ | ပိုးသတ်ဆေးဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၄ /၂၀၁၆) | ။ | (၂၀ . ၁ . ၂၀၁၆) ရက်နေ့တွင် ဥပဒေအဟောင်းကို ရုပ်သိမ်းပြီး ဥပဒေအသစ်အဖြစ် ပြဋ္ဌာန်းပြီးဖြစ်ပါ သည်။ |
| ၈ | အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၅ /၂၀၁၆) | ။ | ( ၂၀ . ၁ . ၂၀၁၆ ) ရက်နေ့တွင် အသစ်ရေးဆွဲ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ |

| စဉ် | ဥပဒေအမည်၊အမှတ်၊ခုနှစ်၊အတွဲအမှတ် | သက်ဆိုင်သည့်ဝန်ကြီး ဌာန | မှတ်ချက် |
|---|---|---|---|
| ၉ | တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ<br>(နဝတဥပဒေအမှတ် - ၉ / ၁၉၉၅) | ။ | ( ၂၂ . ၁၂ . ၂၀၁၅ ) ရက်နေ့တွင် ပြင်ဆင်သည့် ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသ ည်။<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၇၁ /၂၀၁၅) |
| ၁၀ | ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၉ /၂၀၁၇) | ။ | ( ၅ . ၇ . ၂၀၁၇ ) ရက်နေ့တွင် ဥပဒေအဟောင်းကို ရုပ်သိမ်းပြီး ဥပဒေအသစ်အဖြစ် ပြဋ္ဌာန်းခဲ့ပါ သည်။ |
| ၁၁ | တာတမံဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၂ /၂၀၁၇) | ။ | ( ၈ . ၈ . ၂၀၁၇ ) ရက်နေ့တွင် ဥပဒေအဟောင်းကို ရုပ်သိမ်းပြီး ဥပဒေအသစ်အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ |
| ၁၂ | ဆည်မြောင်းဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၇ /၂၀၁၇) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ( ၃၁ . ၈ . ၂၀၁၇ ) ရက်နေ့တွင် အသစ်ရေးဆွဲ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ |
| ၁၃ | စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ<br>(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၉ /၂၀၁၈) | ။ | ( ၂၀ . ၃ . ၂၀၁၈ ) ရက်နေ့တွင် ဥပဒေအဟောင်းကို ရုပ်သိမ်းပြီး ဥပဒေအသစ်အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ |

## စိစစ်ဆဲဥပဒေ ( ၇ ) ခု

| စဉ် | ဥပဒေအမည်၊အမှတ်၊ခုနှစ်၊အတွဲအမှတ် | သက်ဆိုင်သည့်ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|

**မူကြမ်း**

| | | | |
|---|---|---|---|
| ၁ | The Boundaries Act<br>( India Act 5, 1880 , Vol. X ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အမျိုးသားလွှတ်တော်တွင်စိစစ်ဆဲ။ |
| ၂ | The Canal Act(Myanmar Act 2,1905,Vol.IV ) | ॥ | ပြည်သူ့လွှတ်တော်တွင်စိစစ်ဆဲ။ |
| ၃ | တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ<br>( နဝတဥပဒေအမှတ် ၁၇/၁၉၉၃ ) | ॥ | ကော်မတီတွင် စိစစ်ဆဲ။ |
| ၄ | အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ<br>( နဝတဥပဒေအမှတ် ၈/၁၉၉၃ ) | ॥ | ကော်မတီတွင် စိစစ်ဆဲ။ |
| ၅ | နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ( နဝတဥပဒေအမှတ် ၁၁/ ၁၉၈၉) | ॥ | စိစစ်ရန်ကျန်။ |
| ၆ | ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ<br>( နဝတဥပဒေအမှတ် ၂၄/ ၁၉၈၉ ) | ॥ | စိစစ်ရန်ကျန်။ |
| ၇ | မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ<br>( နဝတဥပဒေအမှတ် ၉ / ၁၉၉၀ ) | ॥ | စိစစ်ရန်ကျန်။ |

## ပြင်ဆင်ရန်မလိုသည့်ဥပဒေ ( ၂ ) ခု

| စဉ် | ဥပဒေအမည်၊အမှတ်၊ခုနှစ်၊အတွဲအမှတ် | သက်ဆိုင်သည့်ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | The Registration of Kittima Adoptions Act<br>( Myanmar Act 14, 1939 , Vol. XI ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ပြင်ဆင်ရန် မလိုသေးပါ ။ လက်ရှိ တည်ဆဲဥပဒေ အတိုင်းအသုံးပြုနိုင်ပါသည်။ |
| ၂ | သမဝါယမအသင်းဥပဒေ<br>( နဝတ ဥပဒေအမှတ် - ၉ / ၁၉၉၂ ) | ॥ | ॥ |

## ရုပ်သိမ်းမည့်ဥပဒေ ( ၁ ) ခု

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊အမှတ်၊ခုနှစ်၊အတွဲအမှတ် | သက်ဆိုင်သည့်ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ရေချိုငါးလုပ်ငန်းဥပဒေ ( နဝတဥပဒေအမှတ်- ၁/၁၉၉၁ ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေချိုငါးလုပ်ငန်းဥပဒေကိုရုပ်သိမ်းနိုင်ရန်လွှတ်တော်တွင် ဆောင်ရွက် လျက်ရှိပါသည်။ |

**နောက်ဆက်တွဲ (ခ)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏၁၉ . ၂ . ၂၀၁၇ ရက်နေ့မှ ၁၈. ၂ . ၂၀၁၈ ရက်နေ့အထိ

## ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံသည့်မှတ်တမ်း

| စဉ် | ရက်စွဲ/အချိန် | နေရာ | အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၂၇ . ၂ . ၂၀၁၇ ညနေ (၃: ၅၀) မှ ညနေ(၄:၂၅ ) ထိ | အိုင် - ၁၀ အပေါ် ထပ် | မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး | Dr. သန်းလင်း + ၃ ဦး | ဦးရန်လင်း + ၁၅ ဦး | တရားမဝင် ဝင်ရောက်လျက်ရှိသောကြက်ဥများကို စစ်ဆေးအရေးယူနိုင်ရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း | |
| ၂ | ၂၂ . ၆ . ၂၀၁၇ မွန်းလွဲ (၂:၀၀) မှ ညနေ(၃: ၄၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်လီမိတက် | ဦးအေးကျော်+ ၅ ဦး | ဦးရန်လင်း + ၁၆ ဦး၊ ဒေါ်ခင်စန်းလှိုင် + ၂ ဦး | ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏အစုရှယ်ယာများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်း | ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ကော်မတီ |
| ၃ | ၃၀ . ၆ . ၂၀၁၇ မွန်းလွဲ(၁:၀၀) မှ ညနေ (၃:၀၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | Green Peasant Institute ( GPI ) တောင်သူသင်တန်းကျောင်း | ဦးတင်လင်းအောင် + ၁၀ ဦး | ဦးရန်လင်း + ၇ ဦး၊ ဦးသိန်းထွန်း + ၂ ဦး | တောင်သူလယ်သမားများ၏ လယ်ယာမြေ အကျိုးစီးပွား စီမံခန့်ခွဲမှုဆိုင်ရာများ၊ မြေအသုံးပြုခွင့်လက်မှတ် ( ပုံစံ - ၇ ) ရရှိရေးနှင့် သိမ်းဆည်းခံလယ်ယာမြေ ပြဿနာများအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း | တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ |

**မူကြမ်း**

| စဉ် | ရက်စွဲ/အချိန် | နေရာ | အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၄ | ၁၅ . ၈ . ၂၀၁၇ မွန်းလွဲ(၃:၀၀) မှ ညနေ(၄:၅၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | စစ်ကိုင်းတိုင်းဒေသကြီး တောင်သူလယ်သမားများ သမဂ္ဂအဖွဲ့ | ဦးတင့်လွင် + ၇ ဦး | ဦးရန်လင်း + ၁၆ ဦး၊ ဦးကျော်မြင့် + ၄ ဦး | ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေအား ပြင်ဆင်ရန် ဖြည့်စွက်အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း | တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ |
| ၅ | ၁၆ . ၈ . ၂၀၁၇ မွန်းလွဲ(၁:၁၀) မှ ညနေ (၃:၂၅) ထိ | အိုင် - ၁၀ အပေါ် ထပ် | စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ ( FSWG ) | ဦးစံသိန်း + ၉ ဦး | ဦးရန်လင်း + ၁၄ ဦး၊ ဦးကျော်မြင့် + ၇ ဦး | ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပြင်ဆင်ရေးအတွက် အကြံပြုချက်များ၊ လယ်ယာမြေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံလယ်သမားများအား နည်းပညာ ပံ့ပိုးကူညီပေးရေးနှင့် လယ်ယာသားငါးကဏ္ဍ စီးပွားရေးဖွံ့ဖြိုးမှု စံနှုန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း | တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ |
| ၆ | ၃၁. ၁၀ . ၂၀၁၇ မွန်းလွဲ(၁:၃၀) မှ ညနေ(၃:၀၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်သူ လယ်သမား သမဂ္ဂအဖွဲ့ | ဦးတင့်လွင် + ၁၂ ဦး | ဦးရန်လင်း + ၁၃ ဦး၊ ဦးကျော်မြင့် + ၄ ဦး | ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပြင်ဆင်ဖြည့်စွက်ရာ၌ တောင်သူလယ်သမားများ၏ သဘောထားအကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း | တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ |
| ၇ | ၁ . ၁၁ . ၂၀၁၇ မွန်းလွဲ (၁:၀၀) မှ ညနေ(၃:၀၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း | ဦးတင့်လွင် + ၇ ဦး | ဦးရန်လင်း + ၈ ဦး ဦးကျော်မြင့် + ၄ ဦး | ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြင်ဆင်ရေးဆိုင်ရာ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း | တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာ |



| စဉ် | ရက်စွဲ/အချိန် | နေရာ | အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ၃၁ . ၁ . ၂၀၁၈ မွန်းလွဲ(၁:၀၀) မှ ညနေ(၁၆:၃၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာရေးဆွဲရေး စီမံကိန်းအဖွဲ့ | ဦးစံသိန်း + ၅ ဦး | ဦးရန်လင်း + ၁၀ ဦး ၊ ဦးကျော်မြင့် + ၁ ဦး၊ ဦးအောင်ကြည်ညွန့် + ၅ ဦး | နိုင်ငံတော်မှ မြေလွတ်၊ မြေရိုင်းဧက (၄) သန်းကျော်ချထားမှုနှင့် မြေရရှိသူအမည်ပေါက် (၈၀၀၀) ကျော်၏ မြေအသုံးချမှု အခြေအနေများကို (GIS) မြေပုံများနှင့်တကွ ဆန်းစစ်ချက်နှင့်သိမ်းဆည်းမြေပြဿနာဖြေ ရှင်းရန် လုပ်ထုံးလုပ်နည်း အဆိုပြုချက်များနှင့်စပ်လျဥ်း၍ ဆွေးနွေး ခြင်း | တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အမျိုးသားလွှတ်တော် |
| ၉ | ၇. ၂ . ၂၀၁၈ နံနက် (၈:၀၀) မှ နံနက် (၉:၃၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | ဂလိုဘယ်ဝေါလ် အာမခံ လုပ်ငန်း ကုမ္ပဏီအဖွဲ့ | ဦးစိုးဝင်းသန့်+ ၄ ဦး | ဦးရန်လင်း + ၁၄ ဦး ဦးဖေသန်း + ၃ ဦး | ဂလိုဘယ်ဝေါလ် အာမခံလုပ်ငန်း ကုမ္ပဏီအဖွဲ့၏တောင်သူလယ်သမားများအကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံ လုပ်ငန်းကိုအကောင်အထည်ဖော်ရန် စီစဥ်နေမှုနှင့်စပ်လျဥ်း၍ ဆွေးနွေးခြင်း | တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ |
| ၁၀ | ၁၄ . ၂ . ၂၀၁၈ နေ့လယ် (၁:၁၅)မှ နံနက် (၂:၅၀) ထိ | အိုင် - ၁၀ အပေါ် ထပ် | Green Peasant Institute ( တောင်သူသင်တန်းကျောင်း) | ဦးတင်လင်းခေါင် + ၁၆ ဦး | ဦးရန်လင်း + ၁၄ ဦး ဦးစိုင်းဘသိန်း+ ၃ ဦး | (Green Peasant Institute ) တောင်သူသင်တန်းကျောင်းသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ မြေသိမ်းဥပဒေ တို့နှင့်ပတ်သက်သောကိစ္စရပ်များ နှင့်စပ်လျဥ်း၍ ဆွေးနွေးခြင်း | တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ |

| **စဉ်** | **ရက်စွဲ/အချိန်** | **နေရာ** | **အဖွဲ့အစည်း** | **တွေ့ဆုံသူ** | **လက်ခံသူ** | **အကြောင်းအရာ** | **မှတ်ချက်** |
|---|---|---|---|---|---|---|---|

**မူကြမ်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂၈ . ၂ . ၂၀၁၇ မွန်းလွဲ (၁:၀၀) မှ ညနေ(၁၄:၄၅) ထိ | အိုင် - ၁၀ အပေါ် ထပ် | ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး သုတေသန ကော်မရှင်အဖွဲ့ | Mr.Don Heatiy + ၇ ဦး | ဦးရန်လင်း + ( ၁၃ ) ဦး | နှစ်နိုင်ငံစိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းပါ ဝင်ဆောင်ရွက်နိုင်ရေး ACIAR မှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များအကောင်အထည် ဖော်နိုင်ရေး ဆိုင်ရာလုပ်ငန်း အတွေ့အကြုံများ နှင့်စပ်လျဉ်း၍ဆွေးနွေး ခြင်း | |
| ၂ | ၂၈ . ၆ . ၂၀၁၇ မွန်းလွဲ(၁၄:၀၀) မှ ညနေ (၁၆:၂၅) ထိ | အိုင် - ၁၀ အပေါ် ထပ် | စင်္ကာပူနိုင်ငံ အခြေစိုက် PRIME အဖွဲ့ | Mr.Kemmeth Kyaw Shein + ၇ ဦး | ဦးရန်လင်း + ၁၈ ဦး ဦးကျော်မြင့် + ၅ ဦး | စင်္ကာပူနိုင်ငံ အခြေစိုက် PRIME အဖွဲ့သည် နိုင်ငံတကာ အဆင့်မီ အရည်အသွေး ပြည့်ဝသော စား သောက်ကုန်ထုတ်လုပ်မှု နည်းစနစ် များ ၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု နည်းပညာများ တိုးတက်မြင့်မား လာစေရေးနှင့် စိုက်ပျိုးရေးအခြေခံ စီးပွားရေး မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း ၍ဆွေးနွေး ခြင်း | တောင်သူ လယ်သမား နှင့် အလုပ် သမားရေးရာ ကော်မတီ၊ |
| ၃ | ၂၅ . ၇ . ၂၀၁၇ မွန်းလွဲ (၁၄:၃၀)မှ ညနေ (၁၆:၁၀)ထိ | အိုင် - ၁၀ အပေါ် ထပ် | အမေရိကန်နိုင်ငံ အခြေစိုက် Family Health International 360 အဖွဲ့ | Julia Faith Rizvi + ၂ ဦး | ဦးရန်လင်း + ၁၅ ဦး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေး လက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များ ၊ တောင်သူလယ်သမားများ၏ အခွင့် အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ် လျဉ်း၍ဆွေးနွေးခြင်း | |

| စဉ် | ရက်စွဲ/အချိန် | နေရာ | အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၄ | ၄ . ၈ . ၂၀၁၇ မွန်းလွဲ(၁၃:၀၀)မှ ညနေ(၁၅:၀၀ )ထိ | အိုင် - ၁၀ အပေါ်ထပ် | အမေရိကန်နိုင်ငံ အခြေစိုက် (IFDC) ဓာတ်မြေသြဇာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဖွဲ့ | Mr . Grahame Hunter + ၄ ဦး | ဦးရန်လင်း + ၁ ဦး | မြေဆီလွှာနှင့် ဓာတ်မြေသြဇာကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ ဓာတ်မြေသြဇာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်မြေဆီလွှာကောင်းမွန်စေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခြင်း | |
| ၅ | ၂၆.၁.၂၀၁၈ မွန်းလွဲ(၁၃:၀၀)မှ ညနေ(၁၅:၀၀ )ထိ | အိုင် - ၁၀ အပေါ်ထပ် | EU နိုင်ငံ သတင်းအချက် အလက်ရှာဖွေရေး အဖွဲ့ | Mr . Vagn Mikkelsen + ၂ ဦး | ဦးရန်လင်း + ၁ ဦး | ကောင်းမွန်သော နည်းပညာအသစ် အဆန်းများဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ တို့တွင် ဆောင်ရွက်သွားမည့်ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း | |

**နောက်ဆက်တွဲ (ဂ)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏

## ၁၉ . ၂ . ၂၀၁၇ ရက်နေ့မှ ၁၈. ၂ . ၂၀၁၈ ရက်နေ့အထိ

## Workshop ၊ Seminar တက်ရောက်ခဲ့မှုများ

| စဉ် | အမည် | တာဝန် | Workshop | | Seminar | |
|---|---|---|---|---|---|---|
| | | | လွှတ်တော် တွင်း | လွှတ်တော် ပြင်ပ | လွှတ်တော် တွင်း | လွှတ်တော် ပြင်ပ |

**မူကြမ်း**

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ဦးရန်လင်း | ဥက္ကဋ္ဌ | ၁ | ၄ | ၁၀ | ၂၁ |
| ၂ | ဦးမျိုး | အဖွဲ့ဝင် | - | ၁ | ၄ | ၂ |
| ၃ | ဦးစောထွန်း | အဖွဲ့ဝင် | - | - | ၂ | ၄ |
| ၄ | ဦးအောင်ကျော်ဟိန်း | အဖွဲ့ဝင် | - | - | ၂ | ၂ |
| ၅ | Dr. တင်ဌေးအောင် (ခ) ဦးတိုးရွှေ | အဖွဲ့ဝင် | - | ၂ | ၁၀ | ၅ |
| ၆ | Dr. သန်းအောင်စိုး | အဖွဲ့ဝင် | - | ၂ | ၁၀ | ၆ |
| ၇ | ဦးစိုင်းခတ္တိယ | အဖွဲ့ဝင် | - | - | ၂ | - |
| ၈ | ဦးခွန်သန်းထူး | အဖွဲ့ဝင် | - | ၁ | ၃ | ၃ |
| ၉ | ဦးစိုင်းသန့်ဇင် | အဖွဲ့ဝင် | - | ၁ | ၇ | ၁ |
| ၁၀ | ဦးခင်မောင်မြင့် | အဖွဲ့ဝင် | - | ၁ | ၂ | - |
| ၁၁ | ဦးရွှေကို | အဖွဲ့ဝင် | - | ၂ | ၃ | ၃ |
| ၁၂ | ဦးမိုးရွှေ | အဖွဲ့ဝင် | - | - | ၄ | ၄ |
| ၁၃ | ဦးမြင့်ဝေ | အဖွဲ့ဝင် | - | ၁ | ၄ | ၅ |
| ၁၄ | ဦးအောင်မြင့် | အဖွဲ့ဝင် | - | - | ၈ | ၁ |
| ၁၅ | ဦးကျော်တင် | အဖွဲ့ဝင် | - | ၁ | ၅ | ၃ |
| ၁၆ | ဗိုလ်မှူးကြီးခင်မောင်ချို | အဖွဲ့ဝင် | - | - | ၂ | ၁ |
| ၁၇ | ဗိုလ်မှူးကြီး ခင်မောင်ထွန်း | လေ့လာသူ | - | - | ၂ | - |

| စဉ် | အမည် | တာဝန် | Workshop | | Seminar | |
|---|---|---|---|---|---|---|
| | | | လွှတ်တော်တွင်း | လွှတ်တော်ပြင်ပ | လွှတ်တော်တွင်း | လွှတ်တော်ပြင်ပ |
| ၁၈ | ဒု-ဗိုလ်မှူးကြီး | လေ့လာသူ | - | - | ၂ | - |

**မူကြမ်း**

| | | | | | | |
|---|---|---|---|---|---|---|
| | ကျော်မိုးအောင် | | | | | |
| ၁၉ | ဦးမောင်မောင်ဦး | အတွင်းရေးမှူး | - | ၁ | ၇ | ၃ |

**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၂-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ (၃၀-၁၁-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတာကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး ဆိုင်ရာကော်မတီအစီရင်ခံစာရဲ့ သုံးသပ်အကြံပြုချက်အပိုဒ်အချို့ကို အကြံပြုထောက်ခံဆွေးနွေး လိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာ အကြံပြု သုံးသပ်ချက်အပိုဒ်(ခ)မှာ တင်ဒါခေါ်ယူမှုအချိန်ကာလသည် ၅ လမှ ၉ လအတွင်းကြာမြင့်နေကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်မှ အကြံပေးသည့်အတိုင်း သုံးလနှင့်အပြီး ဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါသည်လို့ ဖော်ပြထားပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ နဝမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာလည်း ပြည်ထောင်စုလွှတ်တော် ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာမူတည်ပြီးတော့ ဆောက်လုပ်ရေးဆိုင်ရာကိစ္စ တွေကို ပြည်ထောင်စုလွှတ်တော်ကြီးက စိုးရိမ်ကြီးစွာနဲ့ ထောက်ပြပြီးတော့ အကြံပြုဆွေးနွေးချက်တွေ ရှိပါတယ်။ နောက်တစ်ခုဟာ ဘတ်ဂျက်နှစ်ကာလ ကူးပြောင်းလိုက်တဲ့ အစကာလလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဘတ်ဂျက်နှစ်ကိုပြောင်းရတဲ့ ရည်ရွယ်ချက်ကိုက ကျွန်တော်တို့ဟာ မုတ်သုံရာသီမိုးရာသီ

ကာလမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်လို့အဆင်မပြေဘူး။ ဧပြီလ ၁ ရက်နေ့ကစတဲ့ ဘတ်ဂျက်ဟာ ရုံးပိတ်ရက်တွေလည်းများပါတယ်။ ဒါကြောင့်မို့လို့ မိုးတွင်းကာလမှာ အဆင်မပြေတဲ့အတွက် ကျွန်တော်တို့က ပွင့်လင်းရာသီမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ဖို့ အဓိကရည်ရွယ်တာဖြစ်ပါတယ်။ နောက်ရည်ရွယ်ချက်တွေတော့ အများကြီးရှိပါတယ်။ ကျွန်တော်တို့ဟာ ဘတ်ဂျက်တွေကို အတည်ပြုပြီးတော့ ဥပဒေပြုပြီးတဲ့အခါမှာ အမြန်ဆုံး အသုံးပြုနိုင်ဖို့လိုအပ်ပါတယ်။ အဲဒီလိုမိုးတွင်းကာလကြီးမှာ အောင်းထားလိုက်တဲ့အတွက် ဘဏ်တွေမှာသွားပြီးတော့ သိမ်းဆည်းထားတဲ့ငွေတွေဟာလည်း အလဟဿဖြစ်ပြီးတော့ အလုပ်အကိုင်နှင့် ပြည်သူ့ငွေကြေးလည်ပတ်မှုကိုလည်း သွားပြီးတော့ အနှောက်အယှက်ဖြစ်စေပါတယ်။ ဒီလိုရည်ရွယ်ချက်တွေနဲ့ ကျွန်တော်တို့ပြောင်းခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်ကာလမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ပြန်ကြည့်တဲ့အခါမှာ အတော်ကိုစိုးရိမ်စရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။

နဝမအကြိမ် ပြည်ထောင်စုလွှတ်တော်ရဲ့ ငွေစာရင်းပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာကို မှတ်မိအောင်ပြန်ပြီးတော့ တင်ပြတာဖြစ်ပါတယ်။ ဒါကိုကြည့်လို့ရှိရင် ဘတ်ဂျက်နှစ်ရဲ့ ၁၂ လပိုင်းကျမှ စာချုပ်ချုပ်လို့ပြီးတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီမှာလည်း ဒီတိုင်းပါပဲခင်ဗျ။ ရန်ကုန်တိုင်းဒေသကြီးဟာဆိုလို့ရှိရင် နှစ်လပိုင်း ၂၀၁၀၈ ကျမှ စာချုပ်ချုပ်လို့ပြီးတာ တွေ့ရပါတယ်။ ဒီလိုပဲ နေပြည်တော်ကလည်း ဒီလိုပဲနောက်ကျပါတယ်။ ခုနဖော်ပြခဲ့တဲ့ထဲမှာ ချင်းပြည်နယ်ဟာဆိုလို့ရှိရင်လည်း နောက်ကျတဲ့ထဲမှာပါပါတယ်ခင်ဗျ။ ဒါကိုကြည့်လို့ရှိရင် ဘတ်ဂျက်နှစ်ကုန်သွားတဲ့အခါမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေရဲ့ ၁၀၀ ရာခိုင်နှုန်းပြီးစီးမှုကို ဖော်ပြထားတာဖြစ်ပါတယ်။ ၂၅၂၄ လုပ်ငန်းရှိတဲ့ထဲက ၆၂၂ ခုပဲ ရာခိုင်နှုန်းပြည့်ပြီးတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် တချို့တိုင်းဒေသကြီးနဲ့ပြည်နယ်တွေဟာ ဘတ်ဂျက်နှစ်ကုန်ပြီးမှ စာချုပ်ချုပ်လို့ပြီးတာကို သွားတွေ့ရပါတယ်။ အဲဒီတော့ လုပ်ငန်းတွေဟာ အင်မတန်ကြန့်ကြာပြီးတော့ မိုးတွင်းကာလမှ သွားလုပ်ရတာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် တင်ဒါခေါ်ယူတဲ့အစကနေပြီးတော့ ပြီးစီးတဲ့ကာလအထိ ကြာတဲ့ဟာကို ဖော်ပြထားတာဖြစ်ပါတယ်။ ညာဘက်ဆုံးကို တွက်ကြည့်မယ်ဆိုလို့ရှိရင် အကြာဆုံးကာလဟာ ၁၁ လအထိ တင်ဒါလုပ်ငန်းဟာ ကြာတာဖြစ်ပါတယ်။ ဒီဘက်က အစောဆုံးကို ကြည့်တယ်ဆိုရင်တောင်မှ ၈ လတွေ့မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါနဲ့ပတ်သက်ပြီးတော့ အချိန်မီပြီးဖို့လို့အတွက်ကို ဆော်သြပေးဖို့လို့ တင်ပြထားတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်က လေးလေးနက်နက်ထောက်ခံပါတယ်။ နောက်(၁)မှာဆိုလို့ရှိရင် Third Party များအတွက် လုပ်ထုံးလုပ်နည်းစိစစ်ရန် အချက်အလက်များ တိတိကျကျ လမ်းညွှန်မှုမရှိသည့်အတွက် ဆောင်ရွက်နိုင်မှုခက်ခဲနေခြင်းအား အမြန်ဆုံးဖြေရှင်းလို့ ဖော်ပြထားပါတယ်။ ဒါဟာဆိုလို့ရှိရင်လည်း Third Party တွေကို ပြီးခဲ့တဲ့ဘတ်ဂျက်နှစ်က စခဲ့တာ အခုဆိုလို့ရှိရင် ဒုတိယနှစ်ရောက်ပါပြီ။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာဆိုလို့ရှိရင် ပထမနှစ်မှာ တော်တော်လေး အဆင်မပြေပါဘူးခင်ဗျ။ အခု ဒီနှစ်မှာတော့ အထိုက်အလျောက်တော့ အဆင်ပြေတယ်။ သို့သော် တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုလုံးပေါ့။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးဟာ တစ်ပြေးညီ

စည်းကမ်းချက်တွေသတ်မှတ်ပေးမှသာလျှင် အဆင်ပြေမှာဖြစ်ပါတယ်။ နောက်(ဃ)မှာလည်း ဒီလိုပါပဲ ခင်ဗျ။ BOT အဖွဲ့ ၂၅ ဖွဲ့ကို ခေါ်ယူပြီးတော့ မေးတဲ့အခါမှာ စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းမရှိတဲ့လုပ်ငန်းအပိုင်းများကို တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။ ဒါဆိုလို့ရှိရင်လည်း မလိုက်နာလို့ရှိရင် ဒဏ်ကြေးဆောင်တာတို့၊ အရေးယူတာမျိုးတို့ ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်ခင်ဗျ။ နောက်(င)အပိုဒ်ဖြစ်ပါတယ်။ (င)အပိုဒ်မှာဆိုလို့ရှိရင် ကွင်းဆင်းလေ့လာခဲ့ရာမှာ ကော်မတီအဖွဲ့ဝင်များနဲ့ တိုင်းအစိုးရ၊ တိုင်းအဆင့်ဌာနဆိုင်ရာများတွေ့ဆုံခဲ့ရာ ကော်မတီအဖွဲ့ဝင်များမှလိုအပ်သည်များကို အကြံပြုထောက်ခံဆွေးနွေးသဖြင့် လုပ်ငန်းများချောမွေ့အောင်မြင်ကြောင်း လေ့လာတွေ့ရှိတဲ့အတွက် နောင်တွင်လည်း လွှတ်တော်ရဲ့ တာဝန်ပေးချက်အရ ကွင်းဆင်းဆောင်ရွက်သင့်တယ်လို့ အကြံပြုထားပါတယ်။ ဒီအချက်ကိုလည်း ထောက်ခံလိုပါတယ်။ ကော်မတီအများစုရဲ့ အကြံပြုချက်တွေထဲမှာ ဒီအချက်ပါတာတွေ့ရပါတယ်။ ကျွန်တော်ဟာ မြေပြင်တွေကို လိုအပ်လို့ရှိရင် ကွင်းဆင်းပြီးတော့ လေ့လာစိစစ်ဖို့လို့၊ ခွင့်ပြုဖို့လို့ လိုအပ်တယ်လို့ အကြံပြုလိုပါတယ်။ နောက်ဆုံး နိဂုံးချုပ်အနေနဲ့တော့ အကြံပြုချင်တာက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကော်မတီရဲ့အကြံပြုချက်တွေဟာ အင်မတန်မှ သင့်လျော်မှန်ကန်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီရဲ့ အကြံပြုချက်တွေကို။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကော်မတီရဲ့ အစီရင်ခံစာကို သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ထောက်ခံဆွေးနွေးသွားတာကို ကြိုဆိုထောက်ခံပါတယ်။ ဦးမြင့်ဦးဆွေးနွေးတဲ့ဟာမှာ (၁)တင်ဒါကိစ္စလေးကို သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်နယ်နှင့်တိုင်းဒေသကြီး ကဝန်ကြီးချုပ်များနဲ့ ဆောက်လုပ်ရေးဝန်ကြီးများခေါ်ပြီးတော့ တင်ဒါကိစ္စကို ဆွေးနွေးပြီးတော့ ကျွန်တော်တို့ သုံးလနဲ့ပြီးအောင်ဆောင်ရွက်ပါတယ်။ Third Party ကတော့ စလုပ်တဲ့အခါမှာ အခက်အခဲလေးတော့ရှိပါတယ်။ နောက်ပိုင်းမှာတော့ Third Party တွေတော်တော်များများ ပေါ်လာတာဖြစ်တဲ့အတွက် အဆင်ပြေလာပါတယ်။ (ဃ)အချက်မှာ ဦးမြင့်ဦးဆွေးနွေးတာ BOT ၂၅ ခုကို ခေါ်ယူဆွေးနွေးတယ်။ ကျွန်တော် နှစ်ကြိမ်၊ သုံးကြိမ်လောက်ရှိပါပြီခင်ဗျား။ BOT အဖွဲ့ကိုခေါ်ပြီးတော့ ဘယ်အပိုင်းတွေတော့ လုပ်ထားတာမရှိဘူး၊ ဘယ်အပိုင်းတွေတော့ မပြင်ရသေးဘူး၊ ဘယ်အပိုင်းတွေတော့ ပြန်လည်ပြီးတော့ လုပ်သင့်တယ်ဆိုတာ ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်နဲ့ ညွှန်ကြားရေးမှူးချုပ်များကို ခေါ်ယူဆွေးနွေးပါတယ်။ BOT သမားတွေလည်း ခေါ်ယူဆွေးနွေးပြီးတော့ အရေးယူဖို့ကိစ္စတွေတော့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ (င)အနေနဲ့တော့ တိုင်းအဆင့်ကို ခေါ်ယူဆွေးနွေးပြီးတော့၊ ပြင်ဆင် ပြီးတော့ ကျွန်တော်တို့ ကွင်းဆင်းပြီးတော့၊ လေ့လာပြီးတော့ လိုအပ်တာတွေ ကျွန်တော်တို့လုပ်တယ်။ ဦးမြင့်ဦးရဲ့

အဆိုပြုချက်ကို ကျွန်တော်ထောက်ခံပါတယ်။ လက်ခံပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့အပေါ်မှာ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးရဲ့ ထောက်ခံတဲ့အဆိုကို လက်ခံပါကြောင်းနဲ့ အခုလိုဆွေးနွေးပေးတဲ့ ဦးမြင့်ဦးကိုလည်း ကျေးဇူးတင်ပါကြောင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားပါသော သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးအား အထူးကျေးဇူးတင်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားသော တင်ဒါကိစ္စ၊ Third Party ကိစ္စ၊ BOT လမ်းများကိစ္စ၊ လွှတ်တော်၏ ခွင့်ပြုချက်နှင့်ကွင်းဆင်းဆောင်ရွက်မှုကိစ္စ၊ ဥပဒေပြုရေး၊ ဥပဒေပြင်ဆင်ရေး၊ ဥပဒေသစ်များပြဋ္ဌာန်းရေးကိစ္စတို့ကို ကျွန်မတို့ကော်မတီဝင်များအားလုံးက ဆက်လက်ပြီးတော့ စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း ကျွန်မတို့ကော်မတီမှ စိစစ်ရတဲ့ ဝန်ကြီးဌာနနှစ်ခုနှင့်ပတ်သက်သောကိစ္စရပ်များ၊ တိုင်ကြားစာ၊ အကြံပြုစာများနှင့်ပတ်သက်၍ အချိန်မရွေးပေးပို့နိုင်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၍ အလေးထားကူညီဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြရင်းနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ပြည်သူ့လွှတ်တော်နည်းဥပဒေ ၉၁ နည်းဥပဒေခွဲ(က)အရ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို ဦးမြင့်ကြည်၊ ကသာမဲဆန္ဒနယ်က ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ (၄-၁၂-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က အမည်စာရင်းတင်သွင်းထားပါတယ်။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်ကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပြီးတော့မှ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တင်သွင်းထားတဲ့ အစီရင်ခံစာမှာပါတဲ့ သုံးသပ်အကြံပြုချက်အပိုင်း အမှတ်စဉ်(၁၅) (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)။ ဒီမှာပါတဲ့ အချက်အလက်လေးတွေကို ကျွန်တော် ကောက်နုတ်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာပါတဲ့အချက်အလက်တွေအရ ကျွန်တော်တို့ ခြုံငုံပြီးတော့မှ ပြောရမယ်ဆိုရင် (၁)မြန်မာနိုင်ငံသည် လျှပ်စစ်စွမ်းအင် အလွန်လိုအပ်နေသည်။ လျှပ်စစ်စွမ်းအင်မရှိပါက မည်သို့မျှဖွံ့ဖြိုးတိုးတက်ရန်မဖြစ်နိုင်၊ (၂)မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်ပြီးတော့ ပြည်တွင်းပြည်ပနိုင်ငံတကာကုမ္ပဏီကြီးတွေကလည်း အလွန်စိတ်ဝင်စားနေကြသည်။ (၃)ကျွန်တော်တို့ အားလုံး နည်းစုံသုံးတဲ့ Generation Mix ရေအား၊ လေအား၊ လျှပ်စစ်အား၊ ကျောက်မီးသွေးအား ဘာညာသုံးတဲ့အထဲမှာ စရိတ်သက်သာတဲ့ ကျောက်မီးသွေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့ပတ်သက်ပြီးတော့မှ ပြည်သူလူထုက စိုးရိမ်နေတဲ့အပိုင်းတွေရှိနေကြတယ်။ ဒီဥစ္စာကို ပြည်သူလူထုကိုလည်း ဒီစိုးရိမ်စိတ်တွေနဲ့ပတ်သက်ပြီးတော့မှ Clean Coal စက်ရုံဟာ ဘယ်လိုအနေအထားရှိတယ်ဆိုတာ ရှင်းပြပေးပါဆိုပြီးတော့ အဲဒီသဘောမျိုး ကျွန်တော်တို့ အစီရင်ခံစာမှာ ရေးထားတာ တွေ့ရပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ငယ်ငယ်တုန်းက လျှပ်စစ်ကျောက်မီးသွေးခေါင်းကြီးနဲ့ သွားတဲ့အခါကျတော့ အလွန်ညစ်ပတ်ပါတယ်။ မီးခိုးတွေက မှောင်ပိန်းပြီးတော့မှ မည်းဆိုင်းနေတာပဲ။ ကျွန်တော်တို့ အသက်တော်တော်ကြီးတဲ့အထိ ဒီလောက်ရိုင်းစိုင်းတဲ့ကျောက်မီးသွေးကို ယဉ်ယဉ်ကျေးကျေးလုပ်ပြီးတော့မှ တစ်ခါတည်း လူတွေအတွက် အကျိုးရှိအောင်၊ ပတ်ဝန်းကျင်မပျက်စီးအောင် သုံးနိုင်တဲ့အနေအထားရောက်သွားပြီဆိုတာ ကျွန်တော်တို့ တော်တော်မျက်ခြေပြတ်ခဲ့ပါတယ်။ တစ်ချိန်က ကျွန်တော်တို့ကလည်း ပြင်ပကမ္ဘာနဲ့ တော်တော်ကြီး အထိအတွေ့နည်းတဲ့ကာလ တစ်လျှောက်ဖြစ်လာတော့ အဲဒီဖွံ့ဖြိုးမှုတွေ၊ အဲဒီနည်းပညာတိုးတက်မှုတွေ မျက်ခြေပြတ်သလို

ဖြစ်သွားပြီးတော့မှ စိုးရိမ်စိတ်တွေ ကျွန်တော်တို့ကိုယ်တိုင်များခဲ့ပါတယ်။ သို့သော်လည်း ယနေ့အချိန်မှာ ဖြစ်ရင် ဒီ Clean Coal သုံးလို့ရှိရင် ဒါ အင်မတန်ကို လူထုအတွက် စိုးရိမ်နေပုံမဟုတ်တော့ဘူးဆိုတာ လည်း ကျွန်တော် ဒီနေရာက ပြောချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို Power Point သုံးခွင့်ပြုပါ။ ဒါက ကျွန်တော်တို့ ရှေးခေတ်တုန်းက အင်မတန်ကိုဆိုးဆိုးရွားရွားပေါ့နော်။ အခုတော့ ပြောင်းသွားပါပြီ။ ဒါလေးကို ဆက်ကြည့်ရအောင်ပါ။ ဒါက ပါကစ္စတန် ခေတ်မီ Clean Coal နိုင်ငံတကာမှာ နိုင်ငံတော်တော် များများ အမေရိကန်တို့ တရုတ်တို့ကအစ လုပ်နေပါတယ်။ ဒါ ပါကစ္စတန် Clean Coal ဓာတ်အား ထုတ်စက်ရုံပါ။ ဒါ အိန္ဒိယက Clean Coal စက်ရုံပါ။ ဒါက တမီနာဒူး အိန္ဒိယကပါပဲ။ Clean Coal ဓာတ်အားထုတ်တဲ့စက်ရုံပါပဲ။ ဒါက Sub-Triticale ခေါ်တာပေါ့နော်။ Super Triticale ထက်ကို နည်းနည်း တစ်ဆင့်နိမ့်တာပါ။ ဒါက ဂူဂျာ အိန္ဒိယကပါပဲ။ ဒါက ကျောက်မီးသွေးကို ကမ္ဘာကသုံးတာက ၂၈ ရာခိုင်နှုန်း ဒီလိုရှိပါတယ်။ နောက် တရုတ်ပြည်ကတော့ ၆၂ ရာခိုင်နှုန်းအထိ ကျွန်တော်တို့ သုံးနေ ပါတယ်။ ဒါက တရုတ်ပြည်ရှိ ခေတ်မီ Clean Coal စက်ရုံတစ်ခုပါ။ ပန်းပင်တွေ ဘာတွေနဲ့ စိမ်းစိမ်း လန်းလန်းပါပဲ။ ဒါက အဲဒီစက်ရုံထဲမှာရှိတဲ့မြင်ကွင်းပါပဲ။ သန့်ရှင်းသပ်ရပ်နေတဲ့မြင်ကွင်းပါ။ အတူတူ ပါပဲ။ ဒါက အဲဒီ Clean Coal စက်ရုံကို ခြုံငုံမြင်ရတဲ့အပိုင်းပါ။ ထွက်နေတဲ့ ဖြူဖြူအငွေ့တွေက ကျောက်မီးသွေးငွေ့မဟုတ်ပါဘူး။ ရေငွေ့ပါ။ ဒါက ကျွန်တော်တို့ စက်ရုံထဲမှာရှိတဲ့ အလုပ်သမားတွေ ပါ။ မျက်နှာဖုံးစွပ်စရာမလိုပဲ ဒီအတိုင်း အလုပ်လုပ်ကြပါတယ်။ ဒါက ကျောက်မီးသွေးသိုလှောင်တဲ့ အဆောက်အအုံတွေပါ။ ကျောက်မီးသွေးကို အမှုန့်လုပ်တာပါ။ ဒါ ကျွန်တော်တို့ ဂျပန်က အင်မတန် Sensitive ဖြစ်တဲ့နိုင်ငံတောင်မှ သူ့ မြို့နဲ့ ၁ မိုင်၊ ၂ မိုင်လောက်အကွာမှာ ဒီလိုစက်ရုံတွေရှိပါတယ်။ ဒါ ရင်းမြစ်အမျိုးအစားပါ။ ကျောက်မီးသွေးနဲ့ဆို ၁၁၅ ကျပ်လောက်ကြမယ်။ ရေအားက ၆၅ ကျပ်လောက် ကျမယ်။ ဒါ တစ်ဒေါ်လာ ၁၅၀၀ နဲ့တွက်ထားတာပါ။ ဒါက ဆိုလာပြား။ ဆိုလာပြားသုံးမယ်ဆိုရင် နေရာ အကျယ်ကြီးလိုမယ်။ ဆိုလာပြားတွေကို မီတာထောင်ချီပြီးတော့ ဒီလိုလုပ်ရပါတယ်။ ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အိမ်သုံး ၃၅ ကျပ်နှုန်းနဲ့ပေါ့လေ။ ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့တွေ့ဟာ ဟိုတုန်းကလိုမဟုတ်တော့ဘဲနဲ့ ဥရောပခေတ်မီနိုင်ငံတွေကရော၊ အာရှနိုင်ငံတွေကရော ကျောက်မီးသွေးစက်ရုံကို မဖြစ်မနေသုံးနေကြတယ်။ လူတွေအတွက်လည်း အန္တရာယ်မရှိတော့ဘူး ဆိုတဲ့ဥစ္စာက ကျွန်တော် ပြောပြချင်တာပါ။

အဲဒီတော့ ဒီသန့်စင်မှုကို ဘယ်လောက်ထိန်းချုပ်နိုင်သလဲဆိုရင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ၉၅ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ကို ၉၂ ရာခိုင်နှုန်း၊ ပြဒါးကို ၉၅ ရာခိုင်နှုန်း၊ ဆာလဖာဒိုင် အောက်ဆိုဒ်ကို ၉၈ ရာခိုင်နှုန်း၊ ဖိုင်းအက်ရှ် ပြာအမှုန် အဲဒါကို ၉၉.၉ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ပါတယ်။ ထွက်လာတဲ့ပြာအမှုန်ကို လမ်းခင်းဖို့ သုံးလို့ရတယ်။ အုတ်ခဲဖုတ်လို့ သုံးလို့ရတယ်။ နောက်တစ်ခါ ကျွန်တော်တို့ Fertilizer ဓာတ်မြေသြဇာအဖြစ်သုံးလို့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ ကိုယ်ချင်းစာပါတယ်။ အသက် ၇၀ နီးနေပြီ။ ဒီနေ့အထိ မီးကို ပြတ်တစ်လှည့် ဝတ်တစ်လှည့်နဲ့ နေခဲ့ရတာ နောင်လာ နောက်သားတွေမခံစားစေချင်တော့ဘူး။ ကျွန်တော်တို့အရွယ်တို့၊ လွှတ်တော်

ဥက္ကဋ္ဌကြီးအရွယ်တို့က သက်တမ်းက အတူတူလောက်ရှိပါတယ်။ နောက်နေရမှ ကျွန်တော်တို့က အနှစ် ၄၀ လောက်ပဲ နေရတော့မယ်ဆိုတော့။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးရန် ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကျွန်တော် ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားလိုအပ်မှုကို လူတိုင်းအသိပဲဖြစ်ပါတယ်။ ယခုကဲ့သို့ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ရဲ့ ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပေါ် ထောက်ခံဆွေးနွေးပေးပါသဖြင့် ကျေးဇူးတင်ပါကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပဏာမပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မီးသွေး အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများသည် ရေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းမှတစ်ပါး အခြားသောနည်းလမ်းများထက် ဓာတ်အားခဈေးနှုန်း အသက်သာဆုံးနှင့် အဆင်ပြေဆုံးဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားမှာလည်း မြန်မာနိုင်ငံတွင် ဂေဟစနစ်များဖြင့် ပျက်စီးလာမှုကြောင့် စိုးရိမ်စရာအန္တရာယ်များ ပိုမိုများပြားလာပြီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အလေးအနက်ထား၍ တင်ပြလိုသည်မှာ ကျောက်မီးသွေးဓာတ်အားသုံးပြီး တိုးတက်နေတဲ့နိုင်ငံများတွင် ကျောက်မီးသွေးဖြင့် ဓာတ်အားထုတ်လုပ်ခြင်းကို သက္ကရာဇ် ၂၀၅၀ အထိ နောက်ထပ်အနှစ် ၃၀ ခန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်း ၂၀၅၀ နှစ်နောက်ပိုင်းကျမှသာ လျှင် ကျောက်မီးသွေးဖြင့်ထုတ်လုပ်ခြင်းကို တဖြည်းဖြည်းလျှော့ချသွားရန် ဆွေးနွေးဆုံးဖြတ်နေကြပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအချို့၏ ဓာတ်အားခနှုန်းထားများကို ကျွန်တော် သိသလို သိသာရန် တင်ပြအပ်ပါတယ်။ အမေရိကန်နိုင်ငံ USD 3 Send Per KWh ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သုံးဆင့် ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံ ခုနစ်ဆင့်၊ မလေးရှားနိုင်ငံ ခြောက်ဆင့်၊ ပါကစ္စတန်နိုင်ငံ ၆.၆ ဆင့်၊ တောင်ကိုရီးယားနိုင်ငံ ခြောက်ဆင့်၊ အင်ဒိုနီရှား ၁၁ ဆင့်၊ စင်ကာပူနိုင်ငံ ၁၇ ဆင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးနဲ့ ဓာတ်အားထုတ်လုပ်မယ်ဆိုရင် တစ်ယူနစ်ကို ခုနစ်ဆင့်ပဲ ကျပ့်မယ်။ မြန်မာငွေဖြင့် ၁၀၀ ကျပ်ခန့်ဖြစ်ပါတယ်။ ဒါကလည်း ဒေါ်လာဈေးအတက်အကျကြောင့်လည်း သက်ဆိုင်ပါတယ်။ ယခင်တုန်းက တစ်ဒေါ်လာကို ၅၀၀ ကျပ်ဆိုတာ ကျွန်တော်တို့ မှတ်မိပါတယ်။ ကြုံခဲ့ဖူးပါတယ်။ အဲဒီနှစ်က FEC ဆိုပြီးတော့ Foreign Accent Currency ဆိုပြီးတော့ အတိုးနှုန်း ကတော့ အဲဒီတော့ ငွေလဲရတာက ၅၀၀ ဖြစ်ပါတယ်။ ၅၀၀ နဲ့ဆိုရင်တော့ ဒီခုနစ်ဆင့်က ၃၅ ကျပ်ပဲ ဖြစ်ပါတယ်။ ဒါ တစ်ယူနစ်ဈေးနှုန်းပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုအကြောင်းပြုပြီးတော့ မြန်မာနိုင်ငံမှာ ကျောက်မီးသွေး စွမ်းအင်ကို ကန့်ကွက်သံများကြားမိပါတယ်။ ကျွန်တော် ကျွန်မတို့လက်ထက်မှာတော့ ခွင့်မပြုနိုင်ကြောင်း၊ သဘောမတူကြောင်း စသည်တို့ကို တချို့သောကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များထံမှ ကြားသိရခြင်းဖြစ်ပါတယ်။ တချို့ကလည်း ပြည်သူကန့်ကွက်လို့ဆိုပြီး ပြောကြပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ပြည်သူဆိုတာ နိုင်ငံတော်ကိုကိုယ်စားပြုတဲ့ အတိုင်းအတာတစ်ခုတော့ ဖြစ်သင့်ပါတယ်။ ပြည်သူ့အသံကြောင့် နိုင်ငံနစ်နာတာတော့ မဖြစ်သင့်ပါဘူး။ အရေးကြီးတာကတော့ လွှတ်တော်နဲ့ အစိုးရအဖွဲ့တို့ ပြည်ထောင်စုအဆင့်မှာပဲဖြစ်ဖြစ် တိုင်းဒေသကြီးအဆင့်မှာပဲဖြစ်ဖြစ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြဖို့ပဲဖြစ်ပါတယ်။ ယခုခေတ်မှာ Clear Coal Technology နောက် ဒါ့ထက်မြင့်တဲ့ Auto Super Critical Technology များနှင့် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါတယ်။ အထက်ပါအကြောင်းများကြောင့် ကျောက်မီးသွေးဆိုရင် သဘောမတူနိုင်ပါဘူးဆိုတဲ့ လှေနံဓားထစ် အယူအဆမျိုး၊ သဘောထားမျိုးကိုတော့ မှတ်ယူမထားသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံအတည်ပြုပေးပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

မူကြမ်း

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်အတွင်း တည်ဆောက်ရေး လုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ (၂၈-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတော်အတွင်း တည်ဆောက်ရေး လုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြား သင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးရှိပါတယ်။ ပထမဦးစွာ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆို ကို အကြံပြုထောက်ခံဆွေးနွေးသွားမယ့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကိုသုံးသပ်ကြည့်တဲ့အခါမှာ အပိုင်းနှစ်ပိုင်းသွားတွေ့ရပါတယ်။ ပထမပိုင်းကတော့ နိုင်ငံတော် အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ခေတ်နဲ့လျော်ညီတဲ့ Precast နည်းပညာကို အသုံးပြုစေ လိုတဲ့အပိုင်းနဲ့ ဒုတိယပိုင်းကတော့ အခြားသင့်လျော်တဲ့နည်းပညာများကို အသုံးပြုတည်ဆောက်စေ ခြင်းဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမပိုင်းဖြစ်တဲ့ Precast နည်းပညာကို အသုံးပြု သွားစေမယ့်အပိုင်းကို အဓိကထား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Precast နည်းပညာဟာ နိုင်ငံတကာ မှာအသုံးပြုနေတဲ့ နည်းပညာတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် Precast နည်းပညာနှင့် မန္တလေးမြို့တော် ကြီးကို ခိုင်ခံ့လှပအောင် ဖန်တီးနေကြတဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့တကွ မန္တလေး မြို့တော်ဝန်၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဝန်ထမ်းများအားလုံးကို ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒုတိယအနေနဲ့ အဆိုရှင်က မန္တလေးမြို့မှာ ဒီလို Precast နည်းပညာကို စတင်အသုံးပြုနေပြီလို့ မိတ်ဆက်သွားတဲ့အတွက် အဆိုရှင်ကိုလည်း မန္တလေးမြို့သူမြို့သားများ ကိုယ်စား ကျေးဇူးတင်ပါကြောင်း ထပ်လောင်းပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Precast နည်းပညာကိုအသုံးပြုခြင်းအားဖြင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ဆောင်ရလွယ်ကူခြင်း၊ ထိန်းသိမ်းရလွယ်ကူခြင်းနှင့် ဈေးနှုန်းသက်သာခြင်းစတဲ့ ကောင်းကျိုးရလဒ်များကို ရရှိစေမှာဖြစ်ပါတယ်။ အရည်အသွေး ကောင်းမွန်ပြီး သပ်ရပ်ခိုင်ခန့်တဲ့အတွက် အုတ်ရိုးတွေစီပြီး တည်ဆောက်ထားတာထက် ပိုပြီးကြာရှည်

ခိုင်ခံ့တယ်လို့ဆိုပါတယ်။ ဒီ Precast တွေရဲ့အရည်အသွေးဟာ PSI ၃၆၀၀ အဆင့်ရှိတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် လူနေအိမ်ခြေနည်းသေးတဲ့ရပ်ကွက်တစ်ခုမှာ ရေသွားအကျယ်တစ်ပေရှိတဲ့ Urine တွေနဲ့ ဖောက်လုပ်ထားတဲ့ရေမြောင်းဟာ လူနေအိမ်ခြေများလာတဲ့အခါ ရေလျှံမှုတွေဖြစ်လာနိုင်ပါ တယ်။ ဒါကို ရေသွား တစ်ပေခွဲ သို့မဟုတ် နှစ်ပေရှိတဲ့ Urine တွေနဲ့ အစားထိုးပြောင်းလဲဖို့လိုပါလိမ့် မယ်။ အဲဒီလို အစားထိုးပြောင်းလဲလိုက်တဲ့အခါမှာ မူလကတပ်ဆင်ထားတဲ့ တစ်ပေ Urine တွေကို အလွယ်တကူဖယ်ရှားပြီး အခြားလိုအပ်မယ့်တစ်နေရာမှာ ထပ်မံအသုံးပြုလို့ရတဲ့အတွက် ကုန်ကျစရိတ်သက်သာသလို အချိန်နဲ့လုပ်အားကိုလည်း သက်သာစေပါတယ်။ ရွှေ့ပြောင်းရလွယ်ကူ စေပါတယ်။ လုပ်အားအင်အားအနည်းငယ်ဖြင့် တည်ဆောက်ပြုလုပ်နိုင်ပါတယ်။ ကြိုတင်စီမံတည် ဆောက်ထားနိုင်ခြင်း၊ စနစ်တကျစီစဉ်ထိန်းသိမ်းထားနိုင်ခြင်းတို့ဟာ Precast ရဲ့အားသာချက်များ ဖြစ်သလို စိတ်ချသေချာတဲ့ နည်းပညာအတိုင်းသာ ဆောင်ရွက်မယ်ဆိုပါက တိုင်းပြည်အတွက် အင်မတန်အသုံးဝင်တဲ့ နည်းပညာတစ်ရပ်ပဲဖြစ်ပါတယ်။ Urine တွေနဲ့တည်ဆောက်ထားတဲ့ ရေမြောင်း တွေဟာ အုတ်ရေမြောင်းတွေလို ရေအနည်အနှစ်တွေထိုင်ပြီး ပိတ်ဆို့တာမျိုးမဖြစ်စေဘဲ အနည်အနှစ် တွေကို ရေအားကောင်းကောင်းနဲ့ စီးဆင်းစေပါက အနည်အနှစ်တွေ ကင်းစင်သွားစေနိုင်ပါတယ်။ ဒါ့အပြင် ခိုင်ခံ့တဲ့နည်းပညာနဲ့ပြုလုပ်ထားတာဖြစ်တဲ့အတွက် ကျိုးလွယ်၊ ပဲ့လွယ်တာမျိုးမဖြစ်စေဘဲ ထိခိုက်မှုအနည်းဆုံးနဲ့ အထိရောက်ဆုံးနည်းပညာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ ဒါကြောင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ Urine တွေ၊ Box Culvert တံတား တွေနဲ့ Hybrid တံတားတွေကို တည်ဆောက်နေတာဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ပြုပြင်ရုံ သာမက တစ်ပေ၊ တစ်ပေခွဲနှင့် နှစ်ပေ Urine တွေ ကိုယ်တိုင်ထုတ်လုပ်နေပါပြီ။ ဒါပေမဲ့ အရွယ်အစား ကြီးတဲ့ Huge Bridge Precast တွေကိုတော့ ရန်ကုန်မှာရှိတဲ့ စက်ရုံကနေ မှာယူအသုံးပြုနေရဆဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ရန်ကုန်ကစက်ရုံကသုံးတဲ့ ကုန်ကြမ်းကျောက်သားဟာ မန္တလေးမှာရှိတဲ့ ကျောက်သားမျိုးကို အသုံးပြုရတဲ့အတွက် မန္တလေးကကုန်ကြမ်းကို ရန်ကုန်သို့သယ်ယူရတဲ့စရိတ်စက နှင့် ရန်ကုန်မှကုန်ချောကို မန္တလေးကို ပြန်သယ်ယူရတဲ့စရိတ်စကများပါထည့်တွက်ရတဲ့အတွက် ပို့ဆောင်စရိတ်ပိုကျတာမျိုးဖြစ်နေပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေဖြင့် ကုန်ကြမ်းထွက်ရှိတဲ့ နေရာဒေသတွေမှာ Precast ထုတ်လုပ်တဲ့စက်ရုံတွေကို မြေနေရာကျယ်ကျယ်ရှိတဲ့နေရာမှာ တည်ဆောက်နိုင်ပါက စရိတ်စကသက်သာပြီး လုပ်ငန်းခွင်ပိုမိုတွင်ကျယ်လာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အုတ်စီနည်းကိုသာ အသုံးပြုနေမယ်ဆိုပါက သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေမယ့်အပြင် ဈေးနှုန်းကြီးမြင့်တဲ့ဒဏ်ကိုပါ ခံစားရမှာဖြစ်ပါတယ်။ Precast နည်းပညာကိုသာ အသုံးပြုမည်ဆိုပါက လက်ရှိအခြေအနေမှာ ဘိလပ်မြေဈေးနှုန်းကျဆင်းနေတဲ့အတွက် ကုန်ကျစရိတ်သက်သာစေမှာ ဖြစ်ပါ တယ်။ အခုလိုတင်ပြနေခြင်းဟာ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို Precast နည်းပညာနဲ့ တည်ဆောက် နေတဲ့အတွက် ရလဒ်ကောင်းများထွက်ပေါ်နေတာကို မျက်မြင်တွေ့ရှိနေရလို့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အဆိုရှင်က နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများလို့ဆိုထားတဲ့အတွက် အစိုးရ ဝန်ကြီးကြီးဌာနတွေရဲ့ တည်ဆောက်ရေးလုပ်ငန်းသက်သက်ကို ရည်ညွှန်းတာလား။ သို့တည်းမဟုတ်

အစိုးရရော ပုဂ္ဂလိကလုပ်ငန်းတွေပါ ရည်ညွှန်းတာလားဆိုတာ ကွဲကွဲပြားပြားရှိဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ Precast နည်းပညာဟာ နိုင်ငံတကာမှာအသုံးပြုတာကြာပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ အခုမှအစပျိုးမယ်လို့ ကြံရွယ်နေတဲ့အချိန်အခါဖြစ်ပါတယ်။ Precast ရဲ့အဓိကဟာ နည်းပညာပိုင်းဖြစ်ပါတယ်။ ဒါ့အပြင် Design ပိုင်းရော၊ အရည်အသွေးပိုင်းရော၊ ကျွမ်းကျင်လုပ်သားရှိမှုအပိုင်းရော အားလုံးပြည့်စုံမှသာ အရည်အသွေးကောင်းမွန်ပြီး စိတ်ချခိုင်ခံ့တဲ့ Precast နည်းပညာတွေနဲ့ တည်ဆောက်တဲ့ အဆောက်အဦတွေ ပေါ်ထွက်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်က နည်းပညာရှင်တွေ ဦးစွာမွေးထုတ်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင် ကျွမ်းကျင်လုပ်သားများကိုလည်း ပြုစုပျိုးထောင်သွားရမှာဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ Precast စက်ရုံတွေကို တည်ဆောက်နိုင်ဖို့ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးတွေ ဖန်တီးလုပ်ဆောင်စဉ်ကာလမှာပဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ပုံစံတူ၊ Design တူ အဆောက်အဦငယ်တွေကို Precast နည်းပညာနဲ့ အသုံးပြုတည်ဆောက်ရင်း Precast ပညာရှင်တွေ၊ ကျွမ်းကျင်လုပ်သားတွေ များများပေါ်ထွက်လာပါမှ ထုထည်ကြီးမားတဲ့ ဆောက်လုပ်ရေးလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်သင့်ပါကြောင်း ဒေါ်ယဉ်မင်းလှိုင်အဆိုကို အကြံပြုထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ခေတ်နှင့်လျော်ညီသော Precast နည်းပညာဖြင့် အခြားသင့်လျော်သော အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Precast အနေနဲ့ ဆောင်ရွက်နိုင်တာကတော့ ဒီဟာတွေရှိပါတယ်။ အဆောက်အဦရဲ့နံရံတွေလုပ်နိုင်တယ်။ နောက် Box Culvert တွေ၊ တံတားတွေ၊ လမ်းတွေ၊ အဆောက်အဦတွေကို လုပ်ဆောင်နိုင်တယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒီ Precast စနစ်ကို UK နိုင်ငံမှာတော့ ၁၉၀၅ ခုနှစ်မှာ အဆောက်အဦကို စတင်ဆောက်လုပ်ပြီးမှ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနိုင်ငံမှာဆိုရင်လည်း ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်တွေက နေပြီးတော့မှ ဂျာမန်နည်းပညာနဲ့ Precast စနစ်တွေကို စတင်ထုတ်လုပ်ဖို့အတွက် Training တွေ ဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။ နောက် ဒီအဆိုဟာဆိုရင်လည်း ပြည်ထောင်စုအစိုးရနဲ့သက်ဆိုင်တဲ့ အဆောက်အဦ၊ တံတားတွေမှာ၊ နောက် ကျွန်တော်တို့နိုင်ငံအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ဖို့အတွက်ကို တိုက်တွန်းတဲ့အဆိုလို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ ဒီ Precast ရဲ့အားသာချက်ကတော့ ပြောမယ်ဆိုလို့ရှိရင် အချိန်တိုအတွင်းမှာ အဆောက်အဦတွေကို တည်ဆောက်နိုင်တယ်။ နောက်တစ်ခါ ဒီရာသီဥတုကြောင့်

စောင့်ဆိုင်းရတဲ့ အခြေအနေမျိုးလည်း မရှိပါဘူး။ နောက်တစ်ချက်က သူ့ရဲ့ကုန်ကျစရိတ်ကို နည်းနည်းနဲ့ အကျိုးထိရောက်အောင် ဆောင်ရွက်လို့ရပါတယ်။ အဲဒီမှာ ကျွန်တော်တစ်ခုပြောချင် တာက ဒီနည်းပညာကတော့ ပြောမယ်ဆိုလို့ရှိရင် စိတ်ကူးတိုင်းကို လွတ်လွတ်လပ်လပ်နဲ့ အကောင် အထည်ဖော်နိုင်တဲ့ အနုပညာတစ်ခုလို့ ကျွန်တော့်အနေနဲ့ပြောလိုပါတယ်။ ထုတ်လုပ်တဲ့အခါမှာလည်း သဘာဝပတ်ဝန်းကျင်တွေ ထိခိုက်မှုမရှိဘူး။ နောက်တစ်ခါ အချိန်နှင့်တစ်ပြေးညီ ပြီးမြောက်အောင် လည်း တိတိကျကျဆောင်ရွက်လို့ရတယ်။ ဒီ Precast စနစ်ကထုတ်လုပ်တဲ့ပစ္စည်းတွေက မာကျောခိုင်ခံ့ပြီးမှ သိပ်သည်းဆမြင့်မားပါတယ်။ နောက် ဒီဟာကဆိုလို့ရှိရင် ဒီ Flexible အနေနဲ့ လိုက်လျောညီထွေမှုရှိတယ်။ ခုနတုန်းက ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ ပြုပြင်ပြောင်းလဲမှုရှိမှ ထပ်တလဲလဲ ပြန်လည်ဘက်စုံပြန်သုံးလို့ရတယ်။ နောက် တည်ဆောက်တဲ့နေရာမှာလည်း တိမ်းစောင်း မှုမရှိဘဲ တိကျသေချာစွာ တည်ဆောက်ရတဲ့အတွက်ကြောင့်မို့လို့ ဒီအလေ့အကျင့်ကောင်းများကိုလည်း ရရှိမှာဖြစ်ပါတယ်။ ဒီ ရရှိလာတဲ့ပစ္စည်းကလည်း ကြာရှည်ခံပြီး ရေရှည်အကျိုးဖြစ်ထွန်းပြီးမှ ရာသီဥတု ဒဏ်ဖြစ်တဲ့ မီးဒဏ်၊ မိုးဒဏ်၊ လေဒဏ်တွေကိုလည်း ခံနိုင်မှာဖြစ်ပါတယ်။ နောက် ဒီကနေ ထုတ်လုပ်ဖို့အတွက် သူ့ရဲ့ ပုံစံခွက်(Mould)ကိုလည်း ထပ်တလဲလဲဖြင့် အသုံးပြုနိုင်တဲ့ဟာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကုန်ကျစရိတ်ကိုလည်း များစွာလျှော့ချနိုင်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒီ Precast ရဲ့အားနည်းချက်ကတော့ စစချင်းမှာ ရင်းနှီးမြှုပ်နှံမှုကတော့ ကြီးမားပါတယ် ခင်ဗျား။ နောက်တစ်ခါ ယန္တရားတွေလည်း လိုအပ်ပါတယ်။ နောက် ကျွမ်းကျင်လုပ်သားတွေလည်းရှိဖို့ လိုအပ်ပါတယ်။ နောက် သယ်ယူပို့ဆောင်ဖို့လုပ်ငန်းစဉ်တွေ၊ သူ့ရဲ့ Process တွေပါရှိတဲ့အတွက် ကြောင့်မို့လို့ နိုင်ငံထဲမှာ ဒီဟာတွေကို သယ်ဆောင်ဖို့အတွက် ခံနိုင်တဲ့ယာဉ်တွေ၊ တံတားတွေ၊ လမ်းတွေ အထူးလိုအပ်လျက်ရှိတဲ့အကြောင်း ကျွန်တော်တို့နိုင်ငံရဲ့ စိန်ခေါ်မှုကြီးရှိတယ်ဆိုတဲ့ အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါ တယ်။ ဒီဟာကို ဥပဒေအားဖြင့် ကျွန်တော့်အနေဖြင့် အကဲဖြတ်လိုတာကတော့ ဒီနည်းစနစ်သာ အသုံးပြုမယ်ဆိုလို့ရှိရင် ဒါ ကျွန်တော်တို့ရဲ့ နိုင်ငံတော် သမ္မတကလမ်းညွှန်ထားတဲ့ အကောင်အထည်ဖော်နေတဲ့ Anti Corruption ကို အထောက်အပံ့ ဖြစ်စေတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ ဒီ QA နဲ့ QC ပိုင်းကို လည်း ကုမ္ပဏီကနေတာဝန်ယူပြီးမှ ထုတ်လုပ်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအပိုင်းကိုလည်း ထိန်းကျောင်းတဲ့အဖွဲ့က ထိထိရောက်ရောက်နဲ့ ဆောင်ရွက်နိုင်မှာဖြစ်တယ်။ နောက်တစ်ခါ ဒီရဲ့ Precast စနစ်မှာ တီထွင်ဖန်တီးမှုတွေ၊ ပြောင်းလဲမှုတွေဖြစ်တဲ့အတွက် စွန့်ဦးတီထွင်မှုတွေရှိပါတယ်။ အဲဒီအတွက် စွန့်ဦးတီထွင်မှုအကြောင်းကိုလည်း ကျွန်တော်တို့ ဒါ ပြည်ထောင်စုလွှတ်တော်မှာ မကြာမီမှာပြဋ္ဌာန်းတော့မယ့် ကျွန်တော်တို့ရဲ့ IP Law ကိုလည်း မူပိုင်ခွင့်အားဖြင့်၊ ဉာဏ်အားဖြင့် တီထွင်ဖန်တီးနိုင်တဲ့အရာအားဖြင့် မူပိုင်ခွင့်ဥပဒေဟာလည်း အသက်ဝင်လာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ အခြေအနေကောင်းတစ်ရပ် ဖြစ်လာနိုင်ပါတယ်။ နောက်တစ်ချက်က ကိုယ်ပိုင် တီထွင်မှုတွေရှိခြင်းအားကြောင့် ဒီ Mould တွေကို ဒါ မူပိုင်ခတွေရရှိလာမယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ရဲ့ ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်း၊ အသိုင်းအဝိုင်းတွေ ပေါ်ပေါက်လာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် Precast စနစ်ဟာဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲပြီးမှလုပ်ဆောင်

**မူကြမ်း**

နေတဲ့အချိန်က အကောင်းဆုံးအချိန်လည်းဖြစ်ပါတယ်။ ပြောမယ်ဆိုလို့ရှိရင် ဒီရဲ့ တည်ဆောက်မှုစနစ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုမှာ လုပ်ဆောင်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံတကာ ခေတ်မီတဲ့ အဆောက်အဦတွေ၊ လမ်းတွေ၊ တံတားတွေကို ကျွန်တော်တို့ပြည်သူတွေအနေနဲ့ တန်ဖိုးနည်းနည်းနဲ့ အချိန်တိုအတွင်းမှာ အသုံးပြုနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေါ်ယဉ်မင်းလှိုင်ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမြဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင်ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဇဗ္ဗုသီရိ မြဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနဲ့တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာရှုထောင့်မှ ထောက်ခံ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။ အဆိုရှင်ဟာ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေနဲ့တည်ဆောက်တဲ့ လမ်း၊ တံတား၊ ရေမြောင်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းနဲ့ ဝန်ထမ်းအိမ်ရာ စတဲ့အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေကုန်ကျသလောက် ထိရောက်အကျိုးရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကို ပြည်သူ့လွှတ်တော်ကြီးကို တင်သွင်းခဲ့တယ်လို့ ယုံကြည်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံမှာ ပြောင်းလဲဖို့လိုအပ်နေတဲ့ အကြောင်းကိစ္စတွေ များစွာထဲက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ တည်ဆောက်တဲ့အခြေခံအဆောက်အအုံများကို နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် အမှန်တကယ်အကျိုးရှိအောင် ရေရှည်တည်တံ့ခိုင်မြဲတဲ့သဘာဝဘေးအန္တရာယ်တွေကို ခံနိုင်ရည်ရှိတဲ့၊ အရည်အသွေးမြင့်မားတဲ့အခြေခံအဆောက်အအုံများဖြစ်အောင် တည်ဆောက်ခြင်းဟာလည်း အရေးတကြီးလိုအပ်နေတဲ့ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံသမိုင်းတစ်လျှောက်ကိုကြည့်ရင် စာရွက်ပေါ်မှာရေးထားတဲ့ မူဝါဒတွေ၊ မဟာဗျူဟာတွေ ဘယ်လောက်ကောင်းကောင်း လက်တွေ့အကောင်အထည်ဖော်ရာမှာ အားနည်းချက်တွေရှိတာကို လက်သင့်ခံရမှာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ အခွန်ထမ်းပြည်သူတွေထည့်ဝင်တဲ့ အခွန်ဘဏ္ဍာနဲ့ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အရည်အသွေးမပြည့်မီခြင်း၊ အချိန်တိုအတွင်း ပျက်စီးခြင်း၊ ပြည်ထောင်စုဘဏ္ဍာကုန်ကျသလောက် အကျိုးမဖြစ်ထွန်းခြင်း၊ အများပြည်သူအမှန်တကယ်ခံစားနိုင်တဲ့ ဖွံ့ဖြိုးမှုရလဒ် အကန့်အသတ်များရှိခြင်း၊ နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအပါအဝင် တိုင်းပြည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်းကို အထောက်အကူပြုမှုနည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်များ လိုအပ်သည်ထက် များပြားခြင်းတွေကို ထိထိရောက်ရောက် ဖြေရှင်းဖို့ အစိုးရက ပြည်သူ့ဘဏ္ဍာတွေနဲ့တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို နည်းပညာအသစ်တွေနဲ့ပြုပြင်ပြောင်းလဲဖို့ လိုအပ်လျက်ရှိနေပါတယ်။ ဒီလိုအကောင်အထည်ဖော်မှု အားနည်းချက်တွေဟာ အချိန်အားဖြင့် ကြာမြင့်ခဲ့ပြီး အကျင့်ပျက်ခြစားခြင်းဟာလည်း ယဉ်ကျေးမှု

တစ်ရပ်လိုဖြစ်လာလို့ မြန်မာ့လူ့အသိုင်းအဝိုင်းအတွက် အလွန်စိုးရိမ်ဖွယ်အခြေအနေကို ရောက်ရှိနေပါတယ်။ ဒါကို ပြုပြင်ဖို့ အခုလို ဘတ်ဂျက်သုံးစွဲမှုပမာဏများပြားတဲ့တည်ဆောက်ရေးလုပ်ငန်းများမှာ ခေတ်မီပြီးလက်တွေ့ကျတဲ့ ပြောင်းလဲအကောင်အထည်ဖော်ဖို့လည်း မခဲယဉ်းတဲ့နည်းစနစ်ကောင်းကို အင်နဲ့အားနဲ့ကျင့်သုံးအကောင်အထည်ဖော်ဖို့ အထူးတိုက်တွန်းလိုပါတယ်ရှင့်။ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာရှုထောင့်မှကြည့်ရင်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ဟာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးစွဲတဲ့အသုံးစရိတ်အကုန်လုံးရဲ့ ၂၆.၀၆ ရာခိုင်နှုန်းရှိပြီး ငွေပမာဏအားဖြင့် ကျပ်ဘီလီယံ ၆၅၀၄ ဖြစ်ပါတယ်။ ဒါ့အပြင် အရည်အသွေး မပြည့်မီလို့ နေ့စဉ်ထိန်းသိမ်းစရိတ်များမှာလည်း သာမန်အသုံးစရိတ်မှာ တစ်စိတ်တစ်ပိုင်း ပါဝင်နေပါသေးတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ တည်ဆောက်ရေးလုပ်ငန်းများမှာ ကုန်ကျစရိတ်များပြီး အရည်အသွေး ထိန်းသိမ်းရခက်တဲ့ ရှေးရိုးစဉ်လာနည်းစနစ်တွေအစား ကုန်ကျစရိတ်လည်းသက်သာ ရေရှည်ခံပြီး အကျိုးရှိမယ့်အဆင့်မြင့်နည်းပညာတွေကို ပြောင်းလဲအသုံးပြုခြင်းဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို လက်တွေ့ကျကျအဆင့်မြှင့်တင်တာ ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲအကောင်အထည်ဖော်တဲ့နေရာမှာ နည်းပညာအသစ်ကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အသုံးပြုရမယ်ဆိုပြီး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြီး တစ်မဟုတ်ချင်း ပြုပြင်ပြောင်းလဲလို့ရတဲ့ကိစ္စမဟုတ်တာကို ကျွန်မတို့ လက်သင့်ခံရပါမယ်။ အဟောင်းအဟောင်းတွေနေရာမှာ အသစ်အသစ်တွေအစားထိုးတဲ့အခါ သိမ်မွေ့ညင်သာဖို့လိုအပ်ပြီး အပြောင်းအလဲလုပ်တဲ့အချိန်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း အချိန်ယူပြီး ပြင်ဆင်ပြောင်းလဲနိုင်အောင် အချိန်ကာလတစ်ခုသတ်မှတ်ပြီး ပြောင်းလဲအကောင်အထည်ဖော်စေသင့်ပါတယ်။ သတ်မှတ်ချိန် မရောက်သေးတဲ့ကာလအတွင်းမှာ မြန်မာနိုင်ငံ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပါနည်းပညာ အသစ်မိတ်ဆက်မယ့်ကုမ္ပဏီများကို မြေတောင်မြှောက်မယ့်စီးပွားရေးအမျိုးအစားမှာ ထည့်သွင်းပေးခြင်း၊ တင်ဒါစည်းမျဉ်းစည်းကမ်းတွေမှာ ဒီလိုနည်းပညာအသစ်သုံးမယ့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အမှတ်ပိုပေးခြင်းမျိုးတွေ စတဲ့နည်းလမ်းများနဲ့ အစိုးရအနေနဲ့ မူဝါဒအားဖြင့် မြေတောင်မြှောက်ခြင်းမျိုး ဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများအနေနဲ့လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းများအနေနှင့်လည်းကောင်း၊ နည်းပညာအသစ်သုံးပြီး စံနမူနာပြဆောင်ရွက်တာမျိုးတွေ လုပ်ဆောင်ခြင်းအားဖြင့် နည်းပညာအသစ်ကို တည်ဆောက်ရေးကဏ္ဍကြီးမှာ ပိုမိုအသုံးပြုလာဖို့ ဦးဆောင်သင့်ကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးစိန်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင်တင်သွင်းထားသောအဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်ကတော့ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ကြိုတင်သွန်းလောင်းမှု (Precast)နည်းပညာနဲ့ အခြားသင့်လျော်သောနည်းပညာများ အသုံးပြုရေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Precast နည်းပညာအသုံးပြုခြင်းအပေါ် အခြေပြုဆွေးနွေးသွားပါမယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်အသုံးပြုနေတဲ့ Precast နည်းပညာကို ၁၉၀၀ ပြည့်နှစ်ကတည်းက စတင်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါတယ်။ Precast နည်းပညာကို အင်္ဂလိပ်လူမျိုး၊ အင်ဂျင်နီယာ John Alexander Brodie က အသင့်ပုံလောင်းထားတဲ့ကွန်ကရစ်အစိတ်အပိုင်းများကို ပေါင်းစပ်ပြီး အဆောက်အအုံတစ်လုံးကို ခိုင်မာစွာတည်ဆောက်နိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်မှာ အမေရိကန်နိုင်ငံ ဖီလာဒဲဖီးယားမှာရှိတဲ့ Walnut Lane Memorial Bridge ကို ပထမဆုံး Precast နည်းပညာသုံးတည်ဆောက်ခဲ့ပါတယ်။ Precast နည်းပညာကို နိုင်ငံတကာမှာ တွင်ကျယ်စွာအသုံးပြုနေတာ တွေ့ရပါတယ်။ တိုးတက်လာတဲ့ ဆောက်လုပ်ရေးဆိုင်ရာ အဆင့်မြင့်အင်ဂျင်နီယာနည်းပညာများ အသုံးပြုခြင်းကြောင့် အရည်အသွေးမြင့်မားမှု၊ ဒီဇိုင်းကောင်းမွန်လာမှု၊ ကုန်ကျစရိတ်ချွေတာနိုင်မှု၊ အချိန်ကုန်သက်သာမှု၊ လုံခြုံမှုစတဲ့ အကျိုးကျေးဇူးများ ရရှိလာပါတယ်။ ယနေ့ခေတ် ဆောက်လုပ်ရေးနည်းပညာများဟာ အရှိန်အဟုန်နဲ့ တိုးတက်နေပါတယ်။ Precast နည်းပညာကို ပုံမှန်အားဖြင့် အိမ်ရာစီမံကိန်းပရောဂျက်များ၊ ကွန်ဒိုများ၊ ပုံစံတူအရေအတွက်များများ ဆောက်လုပ်တဲ့စီမံကိန်းများမှာ အများဆုံးအသုံးပြုကြပါတယ်။ တည်ဆောက်ရေးလုပ်ငန်း သွန်းလောင်းမှု Cast in Place ဖြင့်ဆောက်လုပ်ရာမှာ အချိန်တစ်နှစ်ခန့်ကြာမယ့်အဆောက်အအုံတစ်လုံးကို Precast နည်းပညာနဲ့တည်ဆောက်ပါက အချိန်လေးလခန့်အတွင်း အပြီးသတ်ဆောက်လုပ်နိုင်တဲ့ အားသာချက်များရှိပါတယ်။ Precast နည်းပညာနဲ့ ဆောက်လုပ်တဲ့ အဆောက်အဦများမှာ သမားရိုးကျနည်းစနစ်နဲ့ဆောက်လုပ်တဲ့ အဆောက်အဦများထက် ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းထက် ပိုမိုများနိုင်ပါတယ်။ တန်ဖိုးနည်းအိမ်ရာအပါအဝင် ပုံစံတူအိမ်ရာများ၊ ပုံစံတူအဆောက်အဦများ၊ ပုံစံတူကွန်ကရစ်ရက်မများ၊ ထုတ်တန်းများကို အရေအတွက်များများဖြင့် ဆောက်လုပ်အသုံးချတာနှင့်အမျှ ကုန်ကျစရိတ်များ တဖြည်းဖြည်း လျော့ကျစေနိုင်ပါတယ်။ သို့သော် ဒီဇိုင်းပုံစံကွဲပြားတဲ့အဆောက်အအုံများမှာ ဆောက်လုပ်ရတဲ့ပုံစံ (Mould)များ မကြာခဏပြောင်းလဲရတဲ့အတွက် အခက်အခဲဖြစ်ပြီး ကုန်ကျစရိတ်ပိုမိုများလာနိုင်ပါတယ်။ Precast နည်းပညာကို အသုံးပြုရာမှာ ရရှိလာမယ့်အားသာချက်များအနေနဲ့ Power Point မှာ ဖော်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ ဒီလိုအားသာချက်များနဲ့ Precast နည်းပညာကို တွင်တွင်ကျယ်ကျယ်အသုံးပြုခြင်းဖြင့် နိုင်ငံရဲ့ တည်ဆောက်ဆဲ အခြေခံအဆောက်အဦများကို ထိထိရောက်ရောက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Precast နည်းပညာကို ယခုထက်ပိုမို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုဖို့ဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စံသတ်မှတ်ချက်များ တစ်ပြေးညီဖြစ်ရန်လိုအပ်သလို Precast စက်ရုံများပေါ်ပေါက်လာရေး၊ နိုင်ငံတော်အပိုင်းမှလည်း အားပေးကူညီရန် လိုအပ်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျာ။ မြန်မာနိုင်ငံမှာလည်း Precast နည်းပညာနဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ယခုအခါ Precast နည်းပညာနဲ့ တံတားကြီးများ၊ တံတားငယ်များ၊ ရေကျော်တံတားများ ဆောက်လုပ်လျက်ရှိသလို နိုင်ငံတော်အဆင့် အိမ်ရာစီမံကိန်းများဖြစ်တဲ့ ယုဇန၊ ဗိုလ်ဗထူး၊ ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းများကို တည်ဆောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် အဆောက်အဦများ၊ လမ်း၊ တံတားများ၊ အခြေခံအဆောက်အဦများ လျင်မြန်စွာတိုးတက်ရန် လိုအပ်လျက်ရှိပါတယ်။ ဒီလိုအခြေခံအဆောက်အဦများ တည်ဆောက်တယ်ဆိုရာမှာလည်း ယနေ့ရင်ဆိုင်နေကြရတဲ့ အခက်အခဲအချို့ကတော့ အဆောက်အဦများရဲ့ အရည်အသွေးနိမ့်ကျခြင်း၊ အချိန်မီမပြီးစီးခြင်း၊ ဒီဇိုင်းပိုင်းလွဲမှားခြင်း၊ ကုန်ကျစရိတ်ကွဲမှားမှုရှိနေခြင်းနဲ့ ပိုမိုသုံးစွဲရခြင်းစတဲ့ အခက်အခဲများရှိနေပါတယ်။ ဒီလိုအခက်အခဲတွေကို ခေတ်မီဆောက်လုပ်ရေးနည်းပညာနဲ့ ဖြေရှင်းနိုင်ပါတယ်။ Precast နည်းပညာလို ခေတ်မီဆောက်လုပ်ရေးစနစ်တွေ ကောင်းမွန်တာကြောင့် ပြည်ထောင်စုအစိုးရအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ တည်ဆောက်ရေးလုပ်ငန်းများနှင့်ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများအနေနဲ့လည်း အားပေးအားမြှောက်ပြုပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခုအခါ မိမိတို့နိုင်ငံမှာ Precast နည်းပညာနဲ့ အဆောက်အဦစီမံကိန်းလုပ်ငန်းများ အခြားတည်ဆောက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီများနဲ့ ပြည်ပကုမ္ပဏီများ ဖက်စပ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ Precast ဒီဇိုင်းများ တွက်ချက်ရာမှာ မိမိနိုင်ငံက ကျင့်သုံးလျက်ရှိတဲ့ Myanmar National Building Code 2016 မှာပြဋ္ဌာန်းထားတဲ့ ACI Code ဖြင့် တွက်ချက်ထားခြင်းရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက စစ်ဆေးအတည်ပြုခွင့်ပြုပေးသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ Precast နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အန္တရာယ်ကင်းကင်းနှင့် အောင်မြင်စွာတည်ဆောက်နိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနက နည်းပညာတက္ကသိုလ်များမှာ သင်ခန်းစာဘာသာရပ်များ ထည့်သွင်းပြဋ္ဌာန်းပေးခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့က လိုအပ်သော သင်တန်းများပေးခြင်း၊ ဟောပွဲဆွေးနွေးမှုများပြုလုပ်ခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးခြင်းများ မဖြစ်မနေပြုလုပ်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ Precast နည်းပညာနှင့် ဆောက်လုပ်ခြင်းဟာ အကျိုးကျေးဇူးများတာမှန်ပေမဲ့ စတင်ရင်းနှီးမြှုပ်နှံမှုပမာဏများခြင်း၊ သယ်ယူပို့ဆောင်ရန်နှင့် သင်ကြားရန်အခက်အခဲများရှိခြင်း ကိုင်တွယ်အသုံးပြုရာမှာ အခက်အခဲရှိခြင်း၊ Precast နည်းပညာဟာ Precast နှင့်အစိတ်အပိုင်းများ ချိတ်ဆက်တည်ဆောက်ရာမှာ အခက်အခဲရှိခြင်းနဲ့ ထုတ်လုပ်သည့်စက်ရုံအရေအတွက် နည်းပါးနေသေးခြင်း Precast နည်းပညာတတ်ကျွမ်းသည့် အင်ဂျင်နီယာနှင့် လုပ်သားအရေအတွက် လွန်စွာနည်းပါးခြင်း၊ အရည်အသွေးနည်းပါးသော Precast နည်းပညာသုံးအဆောက်အဦများဆောက်လုပ်ရာမှာ ကုန်ကျစရိတ်ပိုမိုသုံးစွဲရခြင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို Precast နည်းပညာနဲ့ ဆောက်လုပ်ပါက အခက်အခဲများစွာ ဖြစ်ပေါ်နိုင်ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားကြရမယ့်အချက်များဖြစ်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းထားတဲ့အဆိုထဲကနေ Precast နည်းပညာနဲ့ပတ်သက်ပြီးတော့မှ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Precast နည်းပညာကို ကျွန်တော်တို့နိုင်ငံဟာ မရင်းနှီးသေးပေမဲ့ ကမ္ဘာ့နိုင်ငံတွေမှာ အသုံးပြုခဲ့တာ နှစ်ပေါင်း ၁၀၀ ကျော်လောက်ရှိခဲ့ပါပြီ။ သာမန်တည်ဆောက်မှု ကုန်ကျစရိတ်ထက် ၂၀ ရာခိုင်နှုန်းလျှော့ချနိုင်ပြီး အချိန်သုံးဆလောက်ပိုမို မြန်ဆန်ပြီးစီးနိုင်စေမယ့် Precast နည်းပညာကို ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသင့်ကြောင်း အင်ဂျင်နီယာပညာရှင်များက အကြံပြုပြောကြားကြပါတယ်။ ဒီနည်းပညာကို အသုံးပြုနိုင်မယ်ဆိုရင် အားသာချက်အနေနဲ့ အရည်အသွေးကောင်းမွန်မှု၊ ငွေကြေးအလေအလွင့်နည်းပါးမှု၊ ကုန်ကျစရိတ်သက်သာမှုနှင့် အချိန်တိုအတွင်းပြီးမြောက်စေမှု၊ သစ်လိုအပ်ချက်လျှော့ချနိုင်မှုစတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။ မြို့တွင်းလမ်းမတွေပေါ် သာမန်နည်းနဲ့ Box Culvert တစ်စင်းတည်ဆောက်မယ်ဆိုရင် အနည်းဆုံးတစ်လဝန်းကျင်လောက် အချိန်ယူရမှာဖြစ်လို့ သွားလာရေးခက်ခဲစေပေမဲ့ Precast နည်းပညာနဲ့တည်ဆောက်ထားတဲ့ Box Culvert တစ်စင်းကတော့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဖြတ်သန်းသွားလာနိုင်တဲ့အခြေအနေကို ရရှိနိုင်ပါတယ်။ ထို့အတူပဲ နှစ်ခန်းတွဲရှစ်ထပ်တိုက်တစ်လုံးကို တိုင်ထောင်အုတ်စီတဲ့နည်းလမ်းနဲ့ တည်ဆောက်မယ်ဆိုရင် အချိန်တစ်နှစ်လောက်ယူရမှာဖြစ်ပေမဲ့ Precast နည်းပညာနဲ့ တည်ဆောက်မယ်ဆိုရင်တော့ လေးလခန့်နှင့်ပြီးစီးနိုင်မှာဖြစ်ပါတယ်။ ဒီဥပမာတွေကို ကြည့်မယ်ဆိုရင် Precast နည်းပညာရဲ့ အကျိုးကျေးဇူးကို သိသာထင်ရှားစေပါတယ်။

သို့ပေမဲ့ မြန်မာနိုင်ငံအတွက် Precast နည်းပညာသုံး လုပ်ငန်းတွေအသုံးပြုမယ်ဆိုရင် လက်တွေ့မြေပြင်မှာ အားနည်းချက်တချို့လည်းရှိပါတယ်။ အဲဒါကတော့ စက်ရုံကနေ လုပ်ငန်းခွင်အရောက် သယ်ယူပို့ဆောင်ရာမှာ ကုန်ကျစရိတ်ကြီးမြင့်တာတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေ၊ ကျွမ်းကျင်လုပ်သားလိုအပ်မှုနှင့် သုံးစွဲမယ့်ပြည်သူတွေရဲ့ ယုံကြည်စိတ်ချရမှုတွေကို ရရှိနိုင်ဖို့တွေက အဓိကရင်ဆိုင်ရမယ့် အခက်အခဲတွေဖြစ်ပါတယ်။ ဒါ့အပြင် ခေတ်မီတဲ့ Batching Plant ဓာတ်ခွဲခန်းတွေ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ QC Team တွေ၊ အဲဒါတွေနဲ့ထုတ်လုပ်စမ်းသပ်ပေးနိုင်မှ အရည်အသွေးကောင်းတဲ့ Precast Concrete Products တွေကို ဈေးကွက်ကို ထုတ်လုပ်ရောင်းချနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းစွာ တင်ပြနိုင်ဖို့ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ Precast နည်းပညာနဲ့တည်ဆောက်ထားတဲ့ အထပ်မြင့်အဆောက်အဦပဲဖြစ်ပါတယ်။ ဒါကတော့ စက်ရုံထဲမှာ ပုံသွင်းလောင်းပြီးမှ တံခါးပေါက်တွေ၊ နံရံတွေကို အိမ်ရာတွေဆောက်တယ်။ အထပ်မြင့်

အဆောက်အဦတွေ ဆောက်လုပ်တဲ့လုပ်ငန်းခွင်ကို တင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ Box Culvert ကို Mould ထဲမှာသွန်းလောင်းတယ်။ လုပ်ငန်းခွင်ကို သယ်လာတယ်။ လမ်းမကြီးကို ဖောက်လုပ်ပြီးမှ အချိန်တိုအတွင်း တည်ဆောက်တာကို တင်ပြထားခြင်းဖြစ်ပါတယ်။ တံတားကြီးတွေ တည်ဆောက်တဲ့ နေရာမှာ ကြိုတင်သွန်းလောင်းပြီးမှ လုပ်ငန်းခွင်ကို တည်ဆောက်နေတာပဲ ဖြစ်ပါတယ်။ ဒါကတော့ အဆောက်အဦတစ်ခုရဲ့လှေကားကို ပုံစံသွန်းလောင်းပြီးမှ တပ်ဆင်နေတဲ့ပုံပဲဖြစ်ပါတယ်။ ဒါကတော့ Batching Plant တွေ အမျိုးမျိုးပေါ့နော်။ ဒီထက်ကောင်းတဲ့အရည်အသွေးအများကြီးရှိတဲ့ Batching Plant တွေကို တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ Precast အတွက် လုပ်ငန်းခွင်အတွက် လိုအပ်တဲ့စက်ပစ္စည်းတွေ လုပ်ငန်းခွင်တစ်စိတ်တစ်ပိုင်းကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ စက်ရုံ အတွင်းလိုအပ်တဲ့ Precast မှာ အသုံးပြုတဲ့ စက်ပစ္စည်းတွေလုပ်ငန်းခွင်ကို တင်ပြထားခြင်း ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Precast နည်းပညာအတွက် စိန်ခေါ်မှုတစ်ခုကတော့ ကနဦးရင်းနှီးမြှုပ်နှံမှု များပြားပြီး ဒီဇိုင်းပုံစံကွဲတဲ့ အဆောက်အဦတစ်ခုချင်းတည်ဆောက်မယ်ဆိုရင် သာမန်ထက် ၂၀ ရာခိုင်နှုန်းပိုမိုကုန်ကျစေပါတယ်။ ဒါကြောင့် အထပ်မြင့်အဆောက်အဦတွေ၊ ဆေးရုံ၊ ကျောင်း၊ တံတား၊ ရေမြောင်း၊ ဝန်ထမ်းအိမ်ရာစတဲ့ လုပ်ငန်းတွေလို အရေအတွက်များများ ဆောက်လုပ်နိုင်တဲ့လုပ်ငန်းမျိုး တွေကိုပဲ ရွေးချယ်ဆောင်ရွက်မှ အဆင်ပြေပါမယ်။ ဒါမှသာ အရေအတွက်များလာတာနဲ့အမျှ ကုန်ကျ စရိတ်ကို လျှော့ကျသွားစေမှာ ဖြစ်ပါတယ်။ Precast နည်းပညာကို ပြည်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများအတွင်း တူညီတဲ့စံသတ်မှတ်ချက်တွေနဲ့ ဆောက်လုပ်နိုင်ရန်လည်း နိုင်ငံတော်မှ ဆောင်ရွက်ပေးရပါမယ်။ နိုင်ငံတော်မှ ဦးဆောင်ပြီး ဆောင်ရွက် ပေးနိုင်ပါမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ အချိန်တိုအတွင်း အရည်အသွေးကောင်းတဲ့ တည်ဆောက်မှုတွေ ကို လုပ်ဆောင်လာနိုင်ပြီး Precast နည်းပညာအပေါ်၊ အဆောက်အဦတွေအပေါ် ဝယ်ယူသူတွေရဲ့ ယုံကြည်မှုကို ခိုင်မာလာစေမှာဖြစ်ပါတယ်။ Precast နည်းပညာဟာ နည်းပညာပိုင်းအရ လျှင် လျှပ်ခတ်တဲ့အခါ ကွေးညွှတ်မှုဒဏ်ခံနိုင်တဲ့အထိ တိုးတက်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းများမှာ Precast နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၄ ရက်နေ့က ရန်ကုန်မှာပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ Myanmar AGTI Society၊ ဒဂုံဟာ်ဘ၊ ထိုင်းနိုင်ငံ Cold wall Precast ကုမ္ပဏီမှ တာဝန်ရှိသူတွေ၊ အင်ဂျင်နီယာတွေ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာဖြင့် ဖွံ့ဖြိုးမှုနောက်ကျတဲ့ ကျွန်တော်တို့နိုင်ငံဟာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နည်းပညာအပြောင်းအလဲကို လိုက်ပါဆောင်ရွက်ဖို့လိုပါတယ်။ အခက်အခဲတွေ ရှိမှာဖြစ်ပေမဲ့ ဒါတွေကို စနစ်တကျဆွေးနွေးဆုံးဖြတ်ဆောင်ရွက်မယ်ဆိုရင်တော့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မှာဖြစ်လို့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မှုကြမ်း**

**ဦးသာအောင်(မြို့သစ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားထားသောပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီနေ့အဆိုဖြစ်သော နိုင်ငံတော်အတွင်း တည်ဆောက်ရေး လုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော(ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြား သင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါရည်ရွယ်ချက်ဖြစ်တဲ့ ကြိုတင်သွန်းလောင်း Precast နည်းပညာနှင့် အခြားခေတ်မီနည်းပညာတို့ ပေါင်းစပ်ပြီးတော့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေကို တည်ဆောက်ဖို့ တိုက်တွန်းရာမှာ ကျွန်တော်တို့နိုင်ငံဟာ ကြိုတင်သွန်းလောင်းနည်းပညာဟာ အထိုက်အလျောက် အတွေ့အကြုံရှိပြီးသား ဖြစ်ပါတယ်။ အသစ် အဆန်းနည်းပညာတော့ မဟုတ်ပါဘူး။ ယခင်အချိန်က အဆောက်အဦနှင့် လမ်း၊ တံတား တည်ဆောက် ရေးလုပ်ငန်းတွေမှာ အသုံးပြုခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုး ခဲ့ခြင်းသာ တွေ့ရပါတယ်။ နိုင်ငံရေးစနစ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ထိုစဉ်က တာဝန်ရှိတဲ့ပုဂ္ဂိုလ် များ သိရှိပြီးတော့ တွန်းအားပေးခဲ့မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံများလောက်တော့ ရှိရမှာ ဖြစ်ပါတယ်။ အစိုးရပိုင်းကသာ တွန်းအားပေးမယ်ဆိုရင် အမြန်ဆုံးတိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ အရင်းအနှီးစိုက်ထုတ်စရာမလိုဘဲ မူဝါဒကောင်းတစ်ရပ်သာလိုပါတယ်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံ မှုနှင့် တည်ဆောက်အကောင်အထည်ဖော်သွားခြင်းအားဖြင့် လိုအပ်သော အရင်းအနှီးနဲ့ နည်းပညာတို့ ရရှိနိုင်ပါတယ်။ အစိုးရအနေဖြင့် စတင်မယ်ဆိုရင် မကြာခဏချို့ယွင်းနေတဲ့အခြေခံအဆောက်အဦများ ဖြစ်တဲ့ လမ်း၊ တံတား၊ အဆောက်အဦများ၏အစိတ်အပိုင်းများကို မူဝါဒတစ်ရပ်ရေးဆွဲပြီး အကောင်အထည်ဖော်မည်ဆိုပါက မဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ ကြိုတင်သွန်းလောင်းမှုဖြင့် ဆောင်ရွက်သော ကွန်ကရစ်ယက်မများဟာ အကွာအဝေးကန့်သတ်မှုရှိတဲ့အတွက် တောတောင်များ နှင့် ချောင်းများရိုးများကို ဖြတ်ဖောက်ရတဲ့လမ်းများတွင် အလွန်တွင်ကျယ်စွာအသုံးပြုနိုင်ပါတယ်။ ကွေ့ပတ်ဖောက်ရတဲ့ မြေသားတင်ရမှာ ထုထည်ကြီးမားခြင်းကြောင့် မကြာခဏမြေပြိုတဲ့နေရာတွေမှာ အကြိမ်ကြိမ်ပြုပြင်ရခြင်းကြောင့် တောတောင်များ၏ဂေဟစနစ်ကို ထိခိုက်စေခြင်းနှင့် ယာဉ်အန္တရာယ် ရှိခြင်း၊ အချိန်ကြန့်ကြာခြင်းများအတွက် အလွန်ကျေးဇူးများပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတင်စဉ်ကာလမှာ ယနေ့တန်ဖိုးထက် အနည်းငယ်ပိုနိုင်သော်လည်း ပုံစံတူ အစိတ်အပိုင်းများ အကြိမ်ကြိမ်ထုတ်ယူနိုင်သည့်အတွက် ပုံစံခွက်မိုများပြုလုပ်ခသက်သာသည့်အပြင် သေသပ်သပ်ရပ်ဆောက်လုပ်ရေးပစ္စည်းများကို တစ်နေရာတည်းမှာ စံချိန်မီကုန်ကြမ်းများနှင့် သတ်မှတ်ချက်မီအောင် ထိန်းကျောင်းထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ တစ်ချိန်က Precast နည်းပညာ ဟာ သွန်းလောင်းခြင်းတပ်ဆင်ရာမှာ ကြီးမားတဲ့အခက်အခဲကတော့ စက်ယန္တရားများ အခက်အခဲရှိခဲ့ပါ တယ်။ သို့သော်ယနေ့အချိန်မှာ ဝယ်မလား။ ရောင်းမလား။ ငှားမလား။ ကြိုက်သလိုဆောင်ရွက်နိုင်တဲ့ အခြေအနေရှိလို့နေပါပြီ။ တချို့အစိတ်အပိုင်းများဟာ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များအား

ဒီဇိုင်းပေး၍ ထုတ်လုပ်နိုင်ပါတယ်။ ထို့အပြင် ရာသီမရွေးထုတ်လုပ်နိုင်သည့်အတွက် သတ်မှတ်အချိန်တိုအတွင်း ပြီးစီးနိုင်ပြီး တင်ဒါများအတွက် ပုံစံထုတ်ခြင်း၊ တွက်ချက်ခြင်းကြောင့် နှောင့်နှေးကြန့်ကြာခြင်းကိုလည်း အထိုက်အလျောက်ဖြေလျှော့နိုင်ပါတယ်။ နိဂုံးချုပ်တင်ပြရလျှင် အဆိုရှင်တိုက်တွန်းခဲ့သလို နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများတွင် ထည့်သွင်းတည်ဆောက်နိုင်သောအစိတ်အပိုင်းများအား နိုင်ငံတော်အစိုးရမှဖြစ်စေ၊ အစိုးရ၏မူဝါဒအရဖြစ်စေ အမြန်ဆုံးဆောင်ရွက်နိုင်သည့်အခြေအနေဖြစ်ပေါ်စေဖို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏ နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှပေးပို့သော အချက်အလက်များကို ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပထမဦးစွာ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တည်ဆောက်ရေးလုပ်ငန်းများတွင် Precast နည်းပညာအသုံးပြုမှုနှင့် ပတ်သက်၍ ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ Pre-tension Concrete နည်းပညာဖြင့် အရှည် ၁၀ ပေ၊ ၂၀ ပေ၊ ၄၀ ပေ၊ ၅၇ ပေ၊ ၆၅ ပေ၊ ၈၅ ပေ Pre-stressed Concrete Girder များနှင့် Precast Drain များကို မလွှကုန်းတံတားဘောင်အလုပ်ရုံတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရန်ခက်ခဲသည့် တံတားများအတွက် ကွန်ကရစ်တံတားဘောင်များကို လုပ်ငန်းခွင်များ၌လည်းကောင်း ထုတ်လုပ်လျက်ရှိပါတယ်။ ရထားလမ်းဖောက်လုပ်ရာတွင် Pre-stressed Concrete Sleeper (ကြိုတင် အားဖြည့် ကွန်ကရစ်ဇလီဖားတုံး)များကို ယခုအခါ စက်ရုံကိုးရုံတွင် ထုတ်လုပ်ပြီး အစားထိုးအသုံးပြုလျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ဆိပ်ခံတံတားကြီးများတွင် Precast Concrete Member များကို ထည့်သွင်းတည်ဆောက်လျက်ရှိပါတယ်။ ရေကာတာများ တည်ဆောက်

ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှစတင်ပြီးတော့ Precast Porcupine များဖြင့်လည်းကောင်း၊ Precast ကွန်ကရစ်ပိုင်တိုင် ရေကာများဖြင့်လည်းကောင်း အစားထိုးဆောင်ရွက်လျက်ရှိပါတယ်။ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများအတွက် ကျောက်ကြီးအစား Precast ကွန်ကရစ်ပြားများ အစားထိုး ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် Precast နည်းပညာ အသုံးပြုထုတ်လုပ်ထားသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုမှုတွင်ကျယ်စေရန် အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုးခု၏ အမေရိကန်ဒေါ်လာ ၄၇.၂၀၄ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုငါးခု၏ မြန်မာကျပ်ငွေ ၃၈ ဘီလီယံခန့်အား ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံကိန်းရေးဆွဲရေးဦးစီးဌာန အနေဖြင့် တံတား၊ ရေသွယ်လျှောက်များ တည်ဆောက်ခြင်းနှင့် ရေပေးမြောင်းများ လိုင်နင်စီခြင်း လုပ်ငန်းများတွင်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်လယ်ယာ ကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန်နှင့် တံတားငယ်လုပ်ငန်းများတွင် လည်းကောင်း၊ Precast Concrete နည်းပညာကို အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။ ရေထုတ်ပြွန်၊ ရေပိုလွှဲ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါးကြီးများကဲ့သို့ အရေးကြီးသော ရေအားအဆောက်အအုံများတွင် ဆည်မြောင်းလုပ်ငန်း ၏ သဘောသဘာဝအရလုပ်ငန်းအများစုမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် သယ်ယူ ပို့ဆောင်ရန်နှင့် ရွှေ့ပြောင်းရန်မလွယ်ကူခြင်း၊ ကုန်ကျစရိတ်လွန်စွာများပြားခြင်း၊ ကွန်ကရစ်ထုထည် ကြီးမားသည့်အတွက် ဆက်စပ်တည်ဆောက်ရာမှာ အဆက်အပိုင်းများစွာကို ရေလုံရန်နှင့် ကြံ့ခိုင် ကောင်းမွန်အောင်ဆောင်ရွက်ရန် ခက်ခဲခြင်းစသည်တို့ကြောင့် Precast Concrete နည်းပညာကို အသုံးပြုခြင်းမရှိဘဲ လုပ်ငန်းခွင်နေရာတွင် သွန်းလောင်းခြင်း(Cast in Place)စနစ်ကိုသာ အသုံးပြုဆောင်ရွက် လျက်ရှိပါကြောင်း ပြန်ကြားလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Precast နည်းပညာကို ၁၉၆၂ ခုနှစ် UNDP ကနေ အိုလံပိုစီမံကိန်းအရ Technical Transfer ကျွန်တော်တို့ဝန်ကြီးဌာနကို စတင်ပြီးတော့ သင်ကြားပေးကြားတဲ့အချိန်ကစပြီးတော့ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယနေ့အထိ ၁၈၀ ပေနှင့်အထက် တံတားအစင်းရေ စုစုပေါင်း ၅၀၀ ကျော်တည်ဆောက်ခဲ့ပါတယ်။ အဆိုပါတံတားများထဲမှ အချို့သောတံတားများကို Precast Pile၊ Precast Girder၊ Precast Slab၊ Precast Handrail တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်မှာ JICA အကူအညီဖြင့် သုဝဏ္ဏသင်တန်း ကျောင်း၌ Bridge Training Center ကို ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီ Center မှာ Precast နည်းပညာကို ၁၉၈၂ ခုနှစ်မှာ စတင်သင်ကြားပေး ခဲ့တဲ့အတွက် ပေ ၁၈၀ နှင့်အထက် တံတား ကြီးများအားလုံးကို ဝန်ကြီးဌာနမှ မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့ပါတယ်။ Precast Pre-tension မှာ ကျွန်တော်တို့သာမာန် Precast Pre-tension နည်းပညာ နှင့် Precast Post-tension နည်းပညာဆိုပြီး နှစ်မျိုးရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဒီရေမြောင်းတို့၊ မြောင်းဖုံးတို့၊ တံတားယက်မတို့ လက်ယမ်းတို့စသည်ဖြင့် ဒါလေး တွေဟာ သာမာန် Precast Reinforced နည်းပညာများဖြစ်ပါတယ်။ ဒီပြင်ပမှာလည်း ကျွန်တော်တို့

လက်တွေ့ပုဂ္ဂလိကကဏ္ဍမှာသုံးနေတဲ့ အိမ်သာခွေတွေ၊ ရေတွင်းခွေတွေ၊ နောက်ကျွန်တော်တို့ ကွန်ကရစ်အုတ်ဖိနပ်ခုတင်စင်၊ ခြံစည်းရိုးတိုင်တွေ ဒါတွေဟာလည်းပဲ ကျွန်တော်တို့ Precast Post ကွန်ကရစ်နည်းပညာများဖြစ်ပြီး ဒါတွေကတော့ သာမန် Structure မှာအသုံးပြုပါတယ်။ ကျွန်တော်တို့ Precast Pre-tension၊ Precast Post-tension နည်းပညာ နှစ်မျိုးကတော့ ၁၉၈၂ ခုနှစ်မှာ JICA ရဲ့ Technical Transfer အရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပို့ချခဲ့ပြီးတော့ စီမံကိန်းလုပ်ငန်းကြီး များမှာ ကြိုတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကွန်ကရစ်မလောင်းခင်မှာ ကျွန်တော်တို့ P.C Wire တွေကို ကြိုးကို ကြိုတင်ဆွဲထားပြီးမှ ကွန်ကရစ်လောင်းတဲ့ Precast Pre-tension နည်းပညာဖြစ်ပါတယ်။ ကွန်ကရစ်လောင်းပြီးတော့မှ အဆိုပါ Wire များကို Precast ဆွဲတာက Precast Post-tension နည်းပညာဖြစ်ပါတယ်။ ဥပမာအားဖြင့်ပြောရလို့ရှိရင် လွန်ခဲ့တဲ့ ၁၈ နှစ်က တည်ဆောက်ခဲ့တဲ့ မော်လမြိုင်တံတား ဖြစ်ပါတယ်။ မော်လမြိုင်တံတားကြီးဟာ Precast Pre-tension နည်းပညာဖြင့် တည်ဆောက်ခဲ့တဲ့ တံတားကြီးဖြစ်ပါတယ်။ Pre-stressed Post-tension နည်းပညာကိုတော့ ကျွန်တော်တို့က ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ဝေန်မြစ်ကူးတံတား၊ ငသိုင်းချောင်းတံတား အဲဒီမှာ တည်ဆောက်ခဲ့တာဖြစ်ပြီးတော့ အဆိုပါတံတားနှင့်ပတ်သက်ပြီးတော့ ဂျပန်နိုင်ငံကချီးမြှင့်ခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ အင်ဂျင်နီယာလောကမှာ အမြင့်ဆုံးဖြစ်တဲ့ THE TANAKA PRIZE AWARD ဆုကို ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ပေးအပ်ခဲ့ပါတယ်။ အဆိုပါနည်းပညာဖြင့် တည်ဆောက်ခဲ့တဲ့ တံတားများကို တင်ပြရမယ်ဆိုလျှင် ဘောလယ်ကျွန်း(ရေပေါ်သောင်)တံတား၊ ပန်းလှိုင်တံတားနှင့် အနော်ရထာတံတားတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ JICA ထံမှ ရရှိတဲ့ နည်းပညာအကူအညီများအနက် Precast နည်းပညာဖြင့် မြန်မာနိုင်ငံမှာရှိတဲ့ ခန်းဖွင့်ကျယ်တံတားများ၏ယက်မတွေကို Pre-stress Pre-tension စနစ်နဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် ၁၉၆၉ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မိတ္ထီလာကန်ကူးတံတားအရှည် ၂၀၀ ပေ၊ ၁၉၇၁ ခုနှစ်မှာ တည်ဆောက်ခဲ့သည့် ထားဝယ်မြို့နှင့် ရေးမြို့ကြားရှိ ရေးတံတားအရှည် ၄၇၀ ပေ၊ ၁၉၇၅ ခုနှစ်မှာ တည်ဆောက်ခဲ့မှာ ထားဝယ်နှင့်မောင်းမကန်ဆက်သွယ်ပေးသည့် ကမျောကင်းတံတားအရှည် ၁၁၀၀ ပေ၊ ၁၉၇၆ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ဒိုသမိတံတား၊ ၁၉၇၈ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ စမုံချောင်း တံတား၊ ၁၉၈၃ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ကုက္ကိုလ်ခွတံတား၊ ၁၉၈၄ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ဘုံချောင်းတံတားစသည့် တံတားများအပြင် ဧရာဝတီတံတား(ညောင်တုန်း)နှင့် ဧရာဝတီတံတား (ပခုက္ကူ) တို့ကိုလည်း Pre-stress Pre-tension နည်းပညာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ I & H Co.,Ltd တို့ အကျိုးတူပူးပေါင်း ပြီးတော့ Precast နှင့်ပတ်သက်တဲ့ ပစ္စည်းများ ထုတ်လုပ်တဲ့စက်ရုံကို ရန်ကုန်မြို့ ပြည်လမ်း ၃၇ မိုင်ရှိ မြောင်းတကာစက်မှုဇုန် ၁၆ ဧကပေါ်မှာ ဖက်စပ်တည်ဆောက်နိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှစတင်ပြီး တော့ Spun Pipe Pile၊ Precast Pannel ၊ Precast Pre-Stressed Concrete Composite Girder ကို ထုတ်လုပ် အသုံးပြုနေပြီ ဖြစ်ပါတယ်။ နောက်ပိုင်းကာလများမှာတော့ Foundation လုပ်ငန်းကြီးများမှာ Spun Pile လို့ခေါ်တဲ့ မြေအောက်ထဲ ရိုက်သွင်းရတဲ့ပိုင်များကို ကြိုတင်သွန်းလောင်း

ပြီးတော့ Hydraulic နှင့်ဖိသွင်းတဲ့နည်းပညာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိရန်ကုန်မြို့မှာ ပုဂ္ဂလိကကဏ္ဍမှာအများဆုံး တည်ဆောက်နေတာကတော့ Square Pile ကို Hydraulic နဲ့ ဖိသွင်းတဲ့နည်းပညာနှင့် အသုံးပြုနေခြင်းဖြစ်ပါတယ်။ အခု ကျွန်တော်တို့နှင့်ဖက်စပ် လုပ်ထားတဲ့ I&H Co.,Ltd က ထုတ်လုပ်တဲ့ Precast Spun Pipe များကတော့ ကြီးကျယ်တဲ့ အထက်မြင့် Building များမှာ အသုံးပြုသလို သီလဝါဆိပ်ကမ်း၊ စက်မှုဇုန်ကစက်ရုံကြီးတွေမှာလည်း Spun Pile တွေကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေပြီဖြစ်ပါတယ်။ တည်ဆောက်ဆဲ တံတားလုပ်ငန်း များမှာလည်း Spun Pipe Pile များကို အမြောက်အမြား စတင်အသုံးပြုနေပြီဖြစ်ပါတယ်။ Precast Pre-stress Girder များကိုတော့ စက်ရုံမှာ ထုတ်လုပ်ပြီးတော့ တင်ဆင်မယ့်နေရာသို့ သယ်ယူပို့ ဆောင်ပြီးလုပ်ငန်းခွင်မှာ Prestress ဆွဲတဲ့နည်းပညာကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ အသုံးပြုနေပြီဖြစ်ပါတယ်။ ဥပမာ အားဖြင့် မြောင်းမြတံတားအသစ်တည်ဆောက်ရေး စီမံကိန်းမှာ မြောင်းတကာ စက်မှုဇုန် I&H Co.,Ltd မှ ထုတ်လုပ်တဲ့ Precast အစိတ်အပိုင်းများကို ကျွန်တော်တို့မြောင်းမြထိ သယ်ယူသွားပြီးတော့ မြောင်းမြမှာတံတားလုပ်ငန်းခွင်မှာ တပ်ဆင်ပြီးတော့ Prestress ဆွဲတဲ့ နည်းစနစ်ဖြင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါနည်းစနစ်ကို အသုံးပြုခြင်းကြောင့် အရည်အသွေး ပြည့်မီပြီး ပိုမိုကောင်းမွန်တဲ့တံတားအစိတ်အပိုင်းများ ရရှိမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Precast နည်းပညာများကို Japan၊ Korea၊ Asian Institute of Technology(AIT)တို့နှင့် သုတေသန (Research)များပြုလုပ်ပြီးတော့ Precast၊ Pre-stress နည်းပညာများကို စဉ်ဆက်မပြတ် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ Precast နည်းပညာရဲ့အဓိကလိုအပ်ချက်က စက်ယာဉ်ယန္တရားကြီး များနှင့်ဆောင်ရွက်ဖို့နောက်တစ်ခါ ထုတ်လုပ်တဲ့ စက်ရုံများလိုအပ်ပါတယ်။ အရွယ်အစားကြီးများပြီး ပုံစံတူညီတဲ့ လုပ်ငန်းမျိုးဆောင်ရွက်တဲ့နေရာမှာ Precast နည်းပညာ အသုံးပြုခြင်းသည် အင်မတန်မှ အသုံးဝင်ပါတယ်။ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများမှာလည်း Precast နည်းစနစ်ကို အသုံးပြုဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ကုန်ကျစရိတ်သက်သာပြီး ပိုမိုကောင်းမွန်တဲ့အရည်အသွေးများရရှိမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ရန်ကုန်မြို့မှာ တည်ဆောက် ထားပြီးဖြစ်တဲ့ ရတနာနှင်းဆီအိမ်ရာစီမံကိန်းမှာ အသုံးပြုတဲ့ နံရံတွေအားလုံးကို Precast နည်းပညာ နှင့် စက်ရုံမှာထုတ်လုပ်ပြီးတော့ ကျွန်တော်တို့ စက်ရုံကနေသယ်ယူလာပြီးတော့ နေရာမှာ ကရိန်းများ ကို အသုံးပြုပြီးတော့ တပ်ဆင်ခဲ့တာဖြစ်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုပြီးလက်ရာက ောင်းမွန်တဲ့၊ ပိုမိုအရည်အသွေး ပြည့်ဝတဲ့ Precast အစိတ်အပိုင်းတွေနဲ့ အဆောက်အဦများကို ရရှိမှာဖြစ်ပါတယ်။ အလားတူ အဆောက်အဦပုံစံတူတွေကိုလည်း နောက်ပိုင်းမှာ Precast Pannel များကိုအသုံးပြုပြီးတော့ တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ Precast နည်းပညာသည် အလွန်အသုံးဝင်တဲ့ နည်းပညာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၁၉၆၂ ခုနှစ်က စပြီးတော့ အဆိုပါနည်းပညာအား လက်ရှိအချိန်အထိ ဆောင်ရွက်လျက်ရှိပါတယ်။ အနာဂတ်မှာလည်း ပိုမိုအဆင့်မြင့်တဲ့ နည်းပညာများကို Research ပြုလုပ်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မှူးကြမ်း**

အခြားဝန်ကြီးဌာနများကို ကျွန်တော်တို့ ဒီနည်းပညာကို လိုအပ်တဲ့နည်းပညာအကူအညီဖြင့် ဖြန့်ဝေသွားမည်ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သူတို့အတွက်လိုအပ်တဲ့ အကူအညီများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးသွားမှာဖြစ်ပြီးတော့ Precast နည်းပညာကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာဆောင်ရွက်သွားဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုမှာပါဝင်တဲ့ အခြားသင့်လျော်တဲ့ နည်းပညာများကို အသုံးပြုရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ Research များ နှစ်စဉ်ဆောင်ရွက်ပြီးတော့ နည်းပညာအသစ်များကို လေ့လာဆန်းစစ်ပြီးတော့ ဒီ တင်သွင်းသော တည်ဆောက်ရေးလုပ်ငန်းများတွင် Precast နည်းပညာဖြင့် အသုံးပြုလျက် ရှိပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင်တော့ လမ်းလုပ်ငန်းများမှာ ပုံမှန်အားဖြင့် Penetration Macadam လို့ခေါ်တဲ့ ကျောက်ကြီးထဲကို ကတ္တရာအရည်လေးတွေ လောင်းသွင်းတဲ့စနစ်ကနေပြီးတော့ ကျွန်တော်တို့ အခုဆိုလို့ရှိရင်တော့ ကျွန်တော်တို့ Research လုပ်ပြီးတော့ Well Graded နည်းပညာ၊ Cement Stabilized နည်းပညာဖြင့် AC ခင်းခြင်းနည်းပညာ Granular အခြေခံပြီးတော့ AC ခင်းခြင်း နည်းပညာစနစ်တွေကို ကျွန်တော်တို့ Research ပြုလုပ်ပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်လျက်ရှိသလို တံတားလုပ်ငန်းများမှာဆိုရင်လည်းပဲ ပုံမှန်ကွန်ကရစ်အစား ကျွန်တော်တို့ Ultra High Performance Concrete ဆိုတာ Nano နည်းပညာကို အသုံးပြုတာဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ ကျွန်တော်တို့ ပုံမှန်ကွန်ကရစ်အစား Ultra High Performance ဆိုတာ Nano နည်းပညာကို အသုံးပြုတာဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ ကွန်ကရစ်တွေရဲ့ Strength အရ PSi အားဖြင့် ၃၀၀၀ PSi ကနေပြီးတော့ ၇၀၀၀၊ ၈၀၀၀ PSi လောက်ထိ သာမန်လုပ်ငန်းတွေမှာ သုံးတာဖြစ်ပေမဲ့ အခုကျွန်တော်တို့ Research ပြုလုပ်ထားတဲ့ Ultra High Performance ကွန်ကရစ်က မြန်မာနိုင်ငံမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းပစ္စည်းများကိုပဲ အသုံးပြုပြီးတော့ Nano Material ထည့်သွင်းလိုက်ခြင်းအားဖြင့် PSi ၂၀၀၀၀ ထိတဲ့ Ultra High Performance Concrete ကို စမ်းသပ်ပြီးတော့ တံတားတစ်စင်းမှာစတင်ပြီးတော့ Research ကိုပြုလုပ်ထားပြီးဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီကိုယ်စားလှယ်တော်ကြီး ဆွေးနွေးထားတဲ့ အခြားနည်းပညာများကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့် ဦးစွာပြုလုပ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်မှတင်သွင်းထားတဲ့ နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆောက်လုပ်ရေးကြီးဌာနအနေဖြင့် ထောက်ခံပါကြောင်းနှင့် အဆိုကို ပြည်သူ့လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မရဲ့ အဆိုကိုစိတ်ပါဝင်စားစွာ အားနည်းချက်၊ အားသာချက်များပြည့်စုံစွာ ဆွေးနွေးသွားကြသော ကိုယ်စားလှယ်ကြီးများနှင့် ရှင်းလင်းဆွေးနွေးသွားသော ပြည်ထောင်စုဒုတိယဝန်ကြီးအား အထူး ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ နိုင်ငံအနေနဲ့ ဒီနေ့ကမ္ဘာမှာအသုံးပြုနေကြတဲ့ ခေတ်မီနည်းပညာများ ကို ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားကြသလို ကောင်းမွန်စနစ်ကျတဲ့ စီမံခန့်ခွဲမှုတွေနဲ့ အသုံးချနိုင် အောင်ကြိုးစားဖို့အတွက် အချိန်ကျရောက်နေပြီးလို့ ယူဆတဲ့အတွက် တင်သွင်းခဲ့တဲ့အဆိုဖြစ်လို့ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးပြီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြု ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့်ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ (၁၁.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Hla Tun    Dr Aye Kyu




U Win Maw Tun    Dr Tin Aung




U Win Maw Tun    U Than Aung




Dr Myint Htwe    U Win Win




Dr Myint Htwe    U Wan Hla




U Kyaw Linn    U Ba Shein




U Kyaw Linn U Tun Tun Naing




U Kyaw Linn U Tun Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်